http://www.dhammadownload.com

# တက်တိုး လောကနီတိ

# LOKANITI

အင်္ဂလိပ် - မြန်မာနှစ်ဘာသာ




တတိယအကြိမ်

http://www.dhammadownload.com



# တက်တိုး

# လောကနီတိ

# LOKANITI

design Antt Bwere (stars)

http://www.dhammadownload.com

# တက်တိုး

# လောကနီတိ

# LOKANITI

အင်္ဂလိပ် - မြန်မာနှစ်ဘာသာ

http://www.dhammadownload.com

# မာတိကာ


က-ဂ လောကနီတိစကားဦး

ဃ-စ Loka Niti Foreword

၁-၄၂ အခန်း(၁) ပဏ္ဍိတကဏ္ဍ
ပညာရှိတို့ဆိုသောအခန်း
**Chapter(1) On"The Sage"**

၄၃-၆၉ အခန်း(၂) သုဇနကဏ္ဍ
လူကောင်းတို့ကို ဆိုသောအခန်း
**Chapter(2) On "The Good Man"**

၇၀-၈၁ အခန်း(၃) ဗာလဒုဇနကဏ္ဍ
လူမိုက်သူယုတ်တို့ကိုဆိုသောအခန်း
**Chapter(3) On "The Bad Man"**

၈၂-၉၉ အခန်း(၄) မိတ္တကဏ္ဍ
ခင်ပွန်းကိုဆိုရာ အခန်း
**Chapter(4) On "Friendship"**

၁၀၀-၁၂၂ အခန်း(၅) ဣတ္ထိယကဏ္ဍ
အမျိုးသမီးတို့ဆိုရာ အခန်း
**Chapter(5) "On Woman"**

၁၂၃-၁၅၅ အခန်း(၆) ရာဇကဏ္ဍ
မင်းနှင့်ဆိုင်ရာ အခန်း
**Chapter(6) On "The King"**

၁၅၆-၁၉၂ အခန်း(၇) ပကိဏ္ဏက ကဏ္ဍ
**Chapter(7) "Miscellaneous"**


- ပြီးပြီ -

http://www.dhammadownload.com

# လောကနီတိ

## စကားဦး

နီတိသည် ပါဠိဝေါဟာရဖြစ်သည်။ မြန်မာလိုလမ်းညွှန်ဟူ၍ အဓိပ္ပါယ်ရသည်။ လောကနီတိသည် လောကအကြောင်းနှင့် စပ်လျဉ်း၍ ကြီးပွားတိုးတက်စေရန် ညွှန်ကြားသော လမ်းညွှန်ကျမ်းဖြစ်သည်။

လောကနီတိသည် ဘုရားဟောမဟုတ်ဟု ဆိုနိုင်သော်လည်း ဘုရားဟောကျမ်းဂန်များစွာမှ လောကီရေးရာများနှင့်ပတ်သက်သည့်အဆိုအမိန့်များကို ထုတ်နုတ်၍ ထည့်သွင်းပြုစုထားသော ကျမ်းဖြစ်သည်။

နီတိကျမ်းများစွာရှိသည်ဖြစ်ရာ ထင်ရှားသောနီတိကျမ်းများမှာ ငါးကျမ်းရှိသည်ဟု ဆို၏။ ယင်းတို့သည်ကားကျွန်းနီတိ၊ လောကနီတိ၊ ရာဇနီတိ၊ ဓမ္မနီတိနှင့် မဟာရဟာနီတိတို့ ဖြစ်သည်။

လောကနီတိသည် လူအများသိသော ကျမ်းတစ်စောင်ဖြစ်၏။ အိန္ဒိယနိုင်ငံ၌ သက္ကတဘာသာဖြင့် ပြုစုထားသော လောကနီတိကျမ်းရှိသည်ဆို၏။ မြန်မာတို့အတွက် လောကနီတိကျမ်းကို သက္ကရာဇ်၇၀၄ ခုနှစ်တွင် သီဟသူရ မင်းလက်ထက်၌ အမတ်ပညာရှိကြီး စတုရင်္ဂ ဗလက ကျမ်း အစောင်စောင်မှ သင့်နိုးရာရာကို ကောက်

http://www.dhammadownload.com

နုတ်ပြင်ဆင်၍ ပါဠိဘာသာဖြင့် ရေးသားပြုစုသည်။ စတုရင်္ဂဗလအမတ်ကြီးသည် နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံသည်။ အမတ်ကြီး၏ဘွဲ့သည် အင်္ဂါလေးတန် အင်အားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဟူသော အဓိပ္ပာယ် ရှိသည်။ ယင်းအင်္ဂါလေးပါးမှာ -

သဒ္ဒါကျမ်းအတတ်၊ ကဗျာလင်္ကာအတတ်၊ ဓမ္မသတ်ကျမ်းအတတ်နှင့် စစ်မှုရေးရာတို့တွင် ကျွမ်းကျင်သောအတတ်ဟူ၍ ဖြစ်သည်။

စတုရင်္ဂဗလ၏ ကျမ်းရင်းကို အောင်မြေဘုံစံ အုတ်ကျောင်းဆရာတော်ဘုရားဦးဗုဓ်က မြန်မာပြန်ဆိုသည်။ ပြန်ဆိုသည့်နှစ်မှာ သက္ကရာဇ် ၁၁၉၆ ခု ဖြစ်သည်။

လောကနီတိကို အရင်းပြု၍ အဓိပ္ပာယ်အကျယ်ဖွင့်ခြင်း၊ ပျို့ရေးခြင်း စသည်အမှုတို့ကို ပညာရှိများဆက်လက်လုပ်ဆောင်ကြလေသည်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ သီရိမဟာမင်္ဂလာတိုက်၊ စံကျောင်းဆရာတော်ဘုရားက လောကနီတိဖွင့် အကျယ်လင်္ကာစပ်ဟူသောအမည်ဖြင့် ချဲ့ထွင်၍ ရေးသားတော်မူသည်။ နောက်ပိုင်းကာလတွင် မြန်မာပညာရှိကြီးအချို့က ထပ်မံပြန်ဆိုပြုစုကြလေသည်။

http://www.dhammadownload.com

နီတိကျမ်းရင်းကို မစ္စတာဂျိမ်းစ်-ဂရေး (James Gray) က လန်ဒန်မြို့တွင် ပြန်ဆို၍ The Niti Literature of Burma အမည်ဖြင့် စာအုပ်ထုတ်သည်။

နောက်ပိုင်းကာလတွင် တက္ကသိုလ်ကျောင်းဆရာအချို့က အင်္ဂလိပ်ဘာသာပြန်ကြသည်။ ယခုပြုစုလိုက်သောကျမ်းတွင်မူ ပါဠိမှ ပထမဦးစွာ မြန်မာပြန်ဆိုသော ဆရာတော်ဦးဗုဓ်၏ မူရင်းဟု မှတ်ယူရသောစာကိုယ်ကို မူတည်၍ တတ်နိုင်သမျှ လွယ်ရှင်းစွာ အင်္ဂလိပ်ပြန်ဆိုတင်ပြထားပါသည်။ ရည်ရွယ်ရင်းမှာ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ စာသင်ကျောင်းကြီးကျောင်းငယ်တို့၌ ပညာသင်ယူနေကြသော ကျောင်းသားကျောင်းသူများနှင့် ကျောင်းပြင်ပရှိ စာပေလေ့လာလျက်ရှိသော စာဖတ်ပရိသတ်တို့အတွက် ကျစ်လျစ်စွာ ရေးသားပြုစုထားခြင်းမျှသာ ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ တတ်နိုင်သမျှ တိုက်ရိုက်ပြန်ဆိုခြင်းဖြစ်သည်။ မြန်မာမူရင်းနှင့် တိုက်ဆိုင်ကြည့်ကာ အင်္ဂလိပ်စာ တိုးတက်စေလိုသောဆန္ဒကြောင့် ယင်းသို့ ပြန်ဆိုပါသည်။

ပညာရှင်များအဖို့မှာကား မစ္စတာဂရေးမှစ၍ မြန်မာပညာရှင်အသီးသီးတို့၏ အင်္ဂလိပ်မြန်မာမူတို့ ရှိပါ

http://www.dhammadownload.com

သည်။ ထိုဘာသာပြန်တို့သည် သုတေသီပညာရှင်တို့အတွက် အင်္ဂလိပ်စာ အဆင့်မြင့် ပြန်ဆိုထားသည်ကို တွေ့ရပါသည်။ ယင်းစာမူအချို့ကို ဖတ်ရှုလေ့လာပြီးလျှင် ညှိနှိုင်းတိုက်ဆိုင်ကာ စာဖတ်ပရိသတ်တို့အတွက် ဤလောကနီတိကျမ်းငယ်ကို ပြန်ဆိုပြုစုလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

ပြန်ဆိုပြုစုသူ

http://www.dhammadownload.com

# Loka Niti
# Foreword

"Niti" is a Pali word. It means in Myanmar "Lan-hnyun" (Guide). Loka Niti is a treatise purporting to guide people in the affairs of the world, so they may make progress in life.

Although Loka Niti is not of Buddhist scriptures, it was compiled with such extracts from the Buddhist literature as related to wordly affairs.

There are many kinds of Niti treatises. The well-known treatises are altogether five, namely. Kakyun Niti, Loka Niti, Raja Niti, Dhamma Niti and Maha Raha Niti.

Loka Niti is known to many people. It is said that the original Loka Niti in Sanskrit was in India. For the Myanmar; Loka Niti was in Pali verse composed by Minister Caturingabala who compiled from many treatises. Caturingabala was equipped with civil as well as martial knowledge. He had in full measure the four skills, namely, skill in grammar, in versification, in the knowledge of Dhammathat judicial literature, and in the martial arts.

http://www.dhammadownload.com

The original treatise of Caturingabaḷa was first translated into the Myanmar language by Aungmye Bonsan Ok Kyaung Sayadaw U Buddh in 1196 B.E.

The sages of later ages wrote annotations of Loka Niti. Shwehintha Tawya Mingala Taik San Kyaung Sayadaw of Nyaungdon wrote an extensive explanatory treatise of Loka Niti. In later periods serveral learned persons translated the original Loka Niti into English.

The original Loka Niti was translated into English by Mr. James Gray and published with the title **"The Niti Literature of Burma"** in London.

Later on, some teachers of the university brought out English translations of Loka Niti.

This treatise contains the Myanmar Translation text assumed to be the original of U Buddh together with a new English translation. The original purpose of this book is to produce a Loka Niti suitable to the students of higher and lower school under the Ministery of Education and also the common reader. For the use of researchers there

http://www.dhammadownload.com

# လောကနီတိ

# Loka Niti

## အခန်း (၁)

## ပဏ္ဍိတကဏ္ဍ

## ပညာရှိတို့ကိုဆိုသောအခန်း

## Chapter (1)

## On "The Sage"

(၁) ငါသည် ရတနာသုံးပါးကို ရှိခိုးပြီး၍ အထူးထူးသော ကျမ်းဂန်တို့မှ ကောက်နုတ်အပ်သော လောကနီတိအမည်ရှိသော ဤကျမ်းကို မာဂဓ (ပါဠိ) ဘာသာဖြင့် အကျဉ်းမျှ ဆိုအံ့။

(1) After kowtowing the **Three Gems**, I will recite briefly in Pali this **Loka Niti** treatise made up of extracts from various texts.

http://www.dhammadownload.com



ရှင်းချက်။ ။ ရှေးခေတ်ကျမ်းပြုဆရာတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိခိုးကန်တော့ပြီး နောက် မိမိတို့ ရေးသားစီရင်မည့်ကျမ်းကို ပြုကြသည်။ ယင်းသည် ထုံးစံအတိုင်းပင် ဖြစ်၏။ လောကနီတိကျမ်း သည် အခြားသောကျမ်းများမှ အချက်အလက်များကို ကောက်နုတ်၍ စီရင်ထားသောကျမ်း ဖြစ်သည်။

**Explanation:** Treatise writers of old made obeisance to the **Buddha**, the **Dhamma** and the **Sangha** before they wrote the treatise. This is according to custom. **Loka Niti** is a compilation of points and facts extracted from various treatises. The author says he is going to write (or recite) briefly.

* * *

(၂) စင်စစ် ဤကျမ်းသည် လောက၌ ယောကျ်ားတို့ ၏အနှစ်လည်း မည်၏။ မိဘလည်း မည်၏။ ဆရာလည်း မည်၏။ အဆွေခင်ပွန်းလည်း မည်၏။ ထို့ကြောင့် ဤ နီတိကျမ်းကို သင်ကြားတတ်မြောက်သောယောကျ်ား သည် အကြားအမြင်များသော၊ မြင့်မြတ်သော ပညာ တတ်ယောကျ်ား ဖြစ်၏။

http://www.dhammadownload.com



(2) In this world, **Loka Niti** is the essence, the parents, the teacher or the friend of men. The man who has mastered this treatise is full of general knowledge and is noble and educated.

ရှင်းချက်။ ။ ဤလောကနီတိကျမ်းသည် လူသားတို့၏ အားကိုးစရာ ပညာပေးစာအုပ် ဖြစ်သည်။ ဤကျမ်းကို တတ်မြောက်သူသည် ပညာဗဟုသုတနှင့်ပြည့်စုံသော ပညာတတ်တစ်ဦး ဖြစ်ပေသည်။

**Explanation:** This **Loka Niti** treatise is a dependable book of instructions. The person who is wellversed in this treatise is one who is full of general knowledge and well-educated.

* * *

(၃) ပျင်းသောသူအား အတတ်ပညာ အဘယ်မှာ တတ်အံ့နည်း။ အတတ်ပညာ မရှိသောသူအား ဥစ္စာ အဘယ်မှာ ရအံ့နည်း။ ဥစ္စာမရှိသောသူအား အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း။ အဆွေခင်ပွန်း မရှိသောသူအား ချမ်းသာ အဘယ်မှာ ရအံ့နည်း။ ချမ်းသာမရှိသောသူအား ကောင်းမှု အဘယ်မှာ ရအံ့နည်း။ ကောင်းမှုမရှိသောသူအား နိဗ္ဗာန် အဘယ်မှာ ရနိုင်အံ့နည်း။

http://www.dhammadownload.com



(3) How will the lazy person acquire knowledge? How will the person without knowledge get wealth? How will the person without wealth get friends? How will the person without friends obtain happiness? How will the person without happiness gain merit? How will the person without merit attain **Nibbana**?

ရှင်းချက်။ ။ ဤအပိုဒ်သည် ပျင်းရိခြင်း၏ မကောင်းသောအကျိုးဆက်များကို ဖော်ပြထားသည်။ ပျင်းလျှင် အတတ်ပညာ မရ၊ အတတ်ပညာမရလျှင် ဥစ္စာမရ၊ ဥစ္စာမရလျှင် မိတ်ဆွေမရ၊ မိတ်ဆွေမရလျှင် ချမ်းသာခြင်းမရ၊ ချမ်းသာခြင်းမရှိလျှင် ကုသိုလ်မရ၊ ကုသိုလ်မရလျှင် နိဗ္ဗာန်ရောက်မည် မဟုတ်ဟူ၍ မကောင်းကျိုးအဆက်များကို ဖော်ပြထားသည်။ အပျင်းမရှိဖို့ အဓိကဖြစ်သည်။

**Explanation:** This stanza shows the series of bad effects of laziness. A lazy person will not get knowledge, then wealth, then friends, then happiness, then merit, and then such a person will not attain **Nibbana.** It is important not to be lazy.

* * *

http://www.dhammadownload.com



(၄) အတတ်နှင့်တူသောဥစ္စာသည် မရှိ။ အတတ်ကို ခိုးသူတို့သည် မယူနိုင်ကုန်။ ဤလောက၌ အတတ်သည် ကား အဆွေခင်ပွန်း ဖြစ်၏။ တမလွန်ဘဝ၌ ချမ်းသာ ကို ဆောင်တတ်၏။

(4) There is nothing equal to learning. Thieves cannot steal learning. In this world, learning is a friend and mate. It carries happiness to the next life.

ရှင်းချက်။ ။ လူ့ဘဝမှာ အတတ်ပညာသည် အရေး အပါဆုံး ဖြစ်သည်။ အတတ်ပညာရှိလျှင် ယခုဘဝ နောင်ဘဝတို့မှာ ချမ်းသာခြင်း ရနိုင်ပေမည်။

**Explanation:** In human life learning is most important. If one has learnign, one can get happiness in this life as well as in the after-life.

* * *

(၅) အကြားအမြင်ပညာကို နည်း၏ဟူ၍ မအောက် မေ့ရာ။ မိမိစိတ်ထဲ၌ သွင်းထားရာ၏။ တောင်ပို့၌ ရေ ပေါက်သည် ကျဖန်များစွာ ကြာရှည်သဖြင့် ပြည့်သကဲ့သို့ တည်း။

http://www.dhammadownload.com



(5) Do not think little of general knowledge. You should store it in your mind. The anthill will be full after drops of water fall on it for a long time.

ရှင်းချက်။ ။ ဗဟုသုတကို အထင်မသေးပါနှင့်။ မိမိစိတ်ထဲတွင် ရသမျှဗဟုသုတကို သိမ်းဆည်းထားပါ။ ခြတောင်ပို့ပေါ်မှာ ရေပေါက်များစွာ ကြာရှည်ကျလျှင် ထိုတောင်ပို့သည် ရေပြည့်သွားပေလိမ့်မည်။

**Explanation:** Do not despise general knowledge. You should acquire it. Your mind will be full of knowledge gradually just as an anthill is full after drops of water falling on it for long.

* * *

(၆) နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း ငယ်သည်ဟူ၍ မအောက်မေ့ရာ။ ကုန်စင်အောင်တတ်မှုကား တစ်ခုသောအတတ်သည်လည်း အသက်မွေးဝမ်းကျောင်း ဖြစ်ပါသည်သာလျှင်တည်း။

http://www.dhammadownload.com



(6) Do not think little of art or science. If one is wellversed in one of them, that one will become a means of earning one's living.

ရှင်းချက်။ ။ နှုတ်မှုပညာသည် ဝိဇ္ဇာပညာ၊ လက်မှုပညာသည် သိပ္ပံပညာဟု မှတ်သင့်သည်။ အကယ်၍ သင်သည် ဤပညာနှစ်ရပ်ရှိ တစ်ခုခုသောပညာကို တတ်ကျွမ်းလျှင် သင့်အဖို့ သက်မွေးဝမ်းကျောင်းပညာ ဖြစ်ပေလိမ့်မည်။

**Explanation:** Art is theoretical knowledge. Science is practical knowledge. If one has learnt one of these two branches of learning, that knowledge will be good for earning one's living.

* * *

(၇) တောင်တောင်ဟူသမျှ၌ ပတ္တမြား မရှိ။ ဆင်ဆင်ဟူသမျှ၌ အမြုတေ မရှိ။ တောတောဟူသမျှ၌ စန္ဒကူး မရှိ။ အရပ်တိုင်း အရပ်တိုင်း၌ ပညာရှိသူခမိန် မရှိ။

(7) There is no ruby in every mountain. There is no life-sustaining pearl in every elephant. There is no sandal-wood in every forest. There is no sage in every place.

http://www.dhammadownload.com



ရှင်းချက်။ ။ ပတ္တမြားသည် ကောင်းမြတ်သောကျောက်မျက်ရတနာ ဖြစ်သည်။ အမြုတေသည် အသက်ကိုထိန်းသော (အသက် မသေစေသော) ပုလဲရတနာတစ်မျိုးဖြစ်သည်။ စန္ဒကူးသည် အမြဲမွှေးကြိုင်သော သစ်ပင်ဖြစ်သည်။ ထိုအရာတို့သည် ရှား၏။ ထိုနည်းအတူ နေရာတိုင်းမှာ ပညာရှိ မရှိပေ။ ရှားပေသည်။

**Explanation**: Ruby is a most precious gem. Life-sustaining pearl is rare. Sandal-wood always emits sweet scent. All these things are rare. So also, the sage is a rare person.

* * *

(၈) သုတနှင့်ပြည့်စုံသော ပညာရှိသည်အကြင်အရပ်၌ ရှိ၏ဟူ၍ အကယ်၍ ကြားငြားအံ့၊ ထိုအရပ်သို့ သုတရှာသော အမျိုးကောင်းသားသည် သည်းစွာအားထုတ်၍ သွားရာသည်သာလျှင်တည်း။

(8) If it is heard that a man of learning lives in a certain place, the knowledge-seeking person of good parentage should make a serious effort to go to that place.

http://www.dhammadownload.com



ရှင်းချက်။ ။ ပညာရှာလိုသူသည် ပညာရှိနေထိုင်ရာ အရပ်သို့ ရောက်အောင် ကြိုးစားသွားသင့်သည်။

**Explanation:** The seeker of knowledge should try his best to go to the place where a sage lives.

* * *

(၉) အတတ်ကို ဖြည်းဖြည်းသင်ရာ၏။ ဥစ္စာကို ဖြည်းဖြည်းရှာရာ၏။ တောင်ကို တက်သောသူသည် ဖြည်းဖြည်း တက်ရာ၏။ ကာမဂုဏ်ကို ဖြည်းဖြည်းလိုရာ၏။ အမျက်ကို ဖြည်းဖြည်း ထွက်ရာ၏။ ဤငါးပါးတို့ကို ဖြည်းဖြည်း အလိုရှိရာ၏။

(9) Knowledge should be acquired gradually. Wealth should be gathered slowly. The mountain climber should climb slowly and steadily. Passion should be satisfied slowly. Anger should be curbed. All these five acts should be done slowly.

ရှင်းချက်။ ။ ပညာဥစ္စာတို့ကို ဖြည်းဖြည်းချင်း ဆည်းပူးစုဆောင်းသင့်သည်။ တောင်ကို ဖြည်းဖြည်းတက်မှ ထိပ်သို့ရောက်မည်။ ကာမဂုဏ်ကိုလည်း ဖြည်းဖြည်း ခံစားသင့်သည်။ အမျက်ဒေါသကို ထိန်းရပေမည်။ ဤငါးမျိုးကို ဖြည်းဖြည်း ပြုရပေမည်။

http://www.dhammadownload.com



**Explanation:** Knowledge and wealth should be acquired and accumulated gradually. Mountain-top will be reached if the climber climbs slowly and steadily. Passion should be satisfied slowly. Anger should be curbed. These five acts should be done slowly.

* * *

(၁၀) အကြားအမြင်အတတ်သည်လည်းကောင်း၊ ဓမ္မအတတ်သည် လည်းကောင်း၊ သင်္ချာဂဏန်းအတတ်သည် လည်းကောင်း၊ တံစည်း စူးဆောက် အတတ်သည် လည်းကောင်း၊ နီတိကျမ်းအတတ်သည်လည်းကောင်း၊ ယာယီယတြာစသော ဗျာကရိုဏ်းအတတ်သည်လည်းကောင်း၊ စောင်း စသော ကဗျာအတတ်သည်လည်းကောင်း၊ လက်ပစ်အတတ်သည်လည်းကောင်း၊ ဒူးလေး လင်းလေးအတတ်သည်လည်းကောင်း၊ စကားဟောင်းအတတ်သည်လည်းကောင်း။

(10) General knowledge, knowledge of the Law **(Dhamma)**, mathematics, mechanics, the study of **Niti**, the art of propitiation, music, mental dexterity, archery, study of archaic terms.

http://www.dhammadownload.com



(၁၁) ဆေးအတတ်သည်လည်းကောင်း၊ ရယ်ရွှင်မှုအတတ်သည်လည်းကောင်း၊ ဗေဒင်အတတ်သည်လည်းကောင်း၊ လှည့်ပတ်တတ်သောအတတ်သည်လည်းကောင်း၊ ဆန်းကျမ်းအတတ်သည်လည်းကောင်း၊ သံတမန်အတတ်သည်လည်းကောင်း၊ မန္တန်အတတ်သည်လည်းကောင်း၊ သဒ္ဒါကျမ်းအတတ်သည်လည်းကောင်း ဤသည်တို့ကား ဆယ့်ရှစ်ပါးသော အတတ်တို့တည်း။

(11) Medical science, humour, astrology, strategy, versification, diplomacy, the art of incantation, grammar. These are the eighteen branches of knowledge.

ရှင်းချက်။ ။ ရှေးခေတ်က သတ်မှတ်ထားသော အတတ်ပညာ တစ်ဆယ့်ရှစ်ပါး ဖြစ်သည်။ ယခုခေတ် သတ်မှတ်ချက်များနှင့် ယှဉ်ကြည့်လျှင် တချို့သော အတတ်များကို ပေါင်းစပ်၍ထားနိုင်သည်။ အချုပ်မှာ ဝိဇ္ဇာနှင့် သိပ္ပံပညာတို့ပင် ဖြစ်သည်။

**Explanation:** These are the eighteen branches of knowledge as prescribed in ancient times. At present, all these are boiled down to two: art and science.

* * *

http://www.dhammadownload.com



(၁၂) လောကၡ် ပညာရှိသည်သူ မမေးမူကား စည်ကြီ သဖွယ် ဖြစ်၏။ သူတည်း မေးမူကား မိုးကြိုးသဖွယ် ဖြစ်၏။ လူမိုက်သည် မေးသော်လည်းကောင်း၊ မမေ သော်လည်းကောင်း၊ အခါခပ်သိမ်းများစွာလည်း ဟော တတ်ပြောတတ်သည်သာလျှင်တည်း။

(12) The sage remains silent like a drum if n one puts questions. If someone asks, he acts lik the thunder. The foolish person always talk whether he is asked or not.

ရှင်းချက်။ ။ ပညာရှိသည် လိုအပ်သည့်အခါမှသ စကားဆို၏။ စည်ကဲ့သို့ မတီးမမြည်ပေ။ လူမိုက်က အမြဲပင် စကားများစွာ ပြောသည်။

**Explanation:** The sage speaks out only whe required, like the drum which gives off soun when it is beaten. The fool is always talkative.

* * *

(၁၃) လောကၡ် ပေတို့၌ အကြင်အတတ်သည်လည် ကောင်း၊ သူတစ်ပါးတို့၏ လက်တို့၌ အကြင်ဥစ္စာသဉ လည်းကောင်း ရှိ၏။ ပြုဖွယ်ကိစ္စသည်ဖြစ်လတ်သော

http://www.dhammadownload.com



ထိုပေ၌ရှိသော အတတ်သည်လည်းကောင်း။ အတတ်မမည်။ ထိုသူတစ်ပါးတို့၏ လက်၌ရှိသော ဥစ္စာသည်လည်း ဥစ္စာမမည်။

(13) In this world, the knowledge on the palm-leaves (or in books), (or) the wealth in the hands of others, is not one's own knowledge or wealth when the need arises.

ရှင်းချက်။ ။ စာအုပ်စာပေထဲမှာရှိသော အတတ်ပညာကို မဆည်းပူးလျှင် မိမိ၏အတတ်ပညာ မဖြစ်။ သူတစ်ပါးတို့၏ လက်ဝယ်ရှိသော ဥစ္စာသည်လည်း မိမိ၏ဥစ္စာ မဟုတ်။

**Explanation:** Knowledge in the books (or palm-leaves) is not one's own if it is not acquired. The wealth in the hands of others is also not one's own.

* * *

(၁၄) လောက၌ ရေတိမ်ရေနက်ကိုကား ကုမုဒ္ဒရာကြာကို မြင်သဖြင့် သိအပ်၏။ အမျိုးယုတ်မြတ်ကိုကား ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် သိအပ်၏။ ပညာရှိမရှိကိုကား ဆိုသောစကားဖြင့် သိအပ်၏။ မြေကောင်းမကောင်းကိုကား မြက်ညှိုးမညှိုးကိုမြင်သဖြင့် သိအပ်၏။

http://www.dhammadownload.com



(14) In this world, one can know the shallowness or the depth of water by looking at *Kumuddra* lotus. Noble-birth or low-birth can be discerned by that person's mode of conduct. A person's wisdom or ignorance can be inferred from his words. The quality of soil can be gauged from the weak or strong growth of grass.

ရှင်းချက်။ ။ ကုမုဒ္ဒရာကြာရိုးရှည်မရှည်ကို ကြည့်ခြင်းအားဖြင့် ရေတိမ်ရေနက်ကို သိနိုင်၏။ ရေမြင့်မှ ကြာတင့်သည်ဆိုသကဲ့သို့ပင်။ အမျိုးမြတ်၊ အမျိုးယုတ် ခွဲခြားသိဖို့မှာ ထိုသူ၏ အမူအရာ ရည်မွန်ရိုင်းစိုင်းခြင်းဖြင့် သိနိုင်သည်။ ပညာရှိမရှိကို ထိုသူ၏စကားကို ထောက်ချင့်ခြင်းအားဖြင့် သိနိုင်သည်။ မြေတစ်ကွက်၏ မြေဩဇာကောင်းမကောင်းကို မြက်သန်မသန်ကိုကြည့်ခြင်းဖြင့် သိနိုင်သည်။

**Explanation:** The water-lily's stem is long if the water is deep, short if it is shallow. A saying goes that high water makes the lotus beautiful (with long stem). Whether a man's birth is noble or mean can be determined by his behaviour. A man's knowledge and ignorance can be judged by the words he utters. The quality of soil of a

http://www.dhammadownload.com



plot of land can be assessed by looking at the strength or weakness of the growth of grass.

* * *

(၁၅) လောက၌ နည်းသောသုတရှိသူသည် နည်းသောသုတကို အများအောက်မေ့တတ်၏။ မာန်မာနရှိတတ်၏။ အဘယ်သို့နည်းဟူမူကား သမုဒ္ဒရာရေပြင်ကို မမြင်ဖူးသော ဖားသူငယ်သည် တွင်း၀၌ ရေကို အများထင်သကဲ့သို့တည်း။

(15) In this world, the person who has little knowledge thinks much of it and has pride for it. How is it so? It is like the frog who has never seen the ocean thinks much of the water in the hole it lives in.

ရှင်းချက်။ ။ သုတနည်းသဖြင့် အမြင်ကျဉ်းသူသည် သမုဒ္ဒရာကို မမြင်ဖူးသည့် ဖားသူငယ်က သူ့တွင်းထဲမှာရှိသည့်ရေကို များလှပြီထင်သကဲ့သို့ သူ့အတတ်ပညာကလေးကို ကြီးလှပေပြီ ထင်သည်။

**Explanation:** The person with little knowledge is narrow-minded and thinks much of his knowl-

http://www.dhammadownload.com



edge, just as the little frog which has never seen the ocean thinks that the water in its hole is very much.

* * *

(၁၆) လောကဠ် ပထမအရွယ်၌ကား အတတ်မရတုံ့အံ့။ ဒုတိယအရွယ်၌ကား ဥစ္စာမရတုံ့အံ့။ တတိယအရွယ်၌ကား တရားမရတုံ့အံ့။ စတုတ္ထအရွယ်တိုင်မှာကား အဘယ်မူစအံ့နည်း။

(16) In this world, if a person has not had learning in the first stage of life; in the second stage, wealth; in the third stage, practice of the **Dhamma**, then what will be do in the fourth stage?

ရှင်းချက်။ ။ လူတစ်ယောက်မှာ ငယ်ရွယ်စဉ်၌ အတတ်ပညာ မရ။ လူလတ်အရွယ်တွင် ဥစ္စာမရ။ လူကြီးအရွယ်မှာ တရားမရလျှင် နောက်ဆုံးအရွယ်တိုင်လျှင် ဘာလုပ်မည်နည်း။ အရွယ်အလိုက် ရသင့်ရာကို ရမှသာ လူဖြစ်ရကျိုးနပ်မည်။

**Explanation:** If a man does not have learning at young age, nor wealth at middle age, nor does he practise of the **Dhamma** at old age, what will he

http://www.dhammadownload.com



do when he reaches his last days? If only a person gets what he should according to his age, his life will then be worthwhile.

* * *

(၁၇) ချစ်သားတို့. . . အတတ်ပညာသင်ကုန်လော့။ အဘယ်ကြောင့် ပျင်းရိဘိသနည်း။ ချစ်သားတို့ နေ့တိုင်း နေ့တိုင်း အတတ်ပညာသင်ကုန်လော့။ အတတ်ပညာ မရှိသောသူသည် သူ၏ဝန်ထမ်းဖြစ်တတ်၏။ အတတ် ပညာရှိသူကို လောက၌ သူတစ်ပါးတို့ ပူဇော်အပ်၏။

(17) Dear sons, learn to acquire knowledge. Why are you lazy? Dear sons, learn to gain knowledge every day. The one who has acquired no knowledge usually becomes another person's servant. In this world, others pay respects to the one who has acquired knowledge.

ရှင်းချက်။ ။ ပညာမတတ်လျှင် သူများဝန်ထမ်း ဖြစ်မည်။ ပညာတတ်သူကို လူအများက ရိုသေလေးစားကြသည်။

**Explanation:** If you are ignorant, you will become a servant to others. People are respectful to the educated person.

* * *

http://www.dhammadownload.com



(၁၈) အကြွင်အမိသည် သားငယ်ကို အတတ်ပညာသင်မပေး။ အတတ်ပညာသင်၍ မပေးသော အမိသည် ရန်သူ မည်၏။ အကြွင်အဖသည် အတတ်ပညာသင်၍မပေး။ အတတ်ပညာသင်၍ မပေးသောအဖသည် ရန်သူ မည်၏။ ထိုအတတ်ပညာ မရှိသောသူသည် ဟင်္သာတို့အလယ်၌ ဗျိုင်းကဲ့သို့ သဘင်အလယ်တွင် မတင့်တယ်။

(18) The mother who does not educate her son is his enemy. The father who does not educate his son is his enemy. The uneducated person is unseemly like an egret among Brahminy ducks *(Hintha)* when he is at a formal function.

ရှင်းချက်။ ။ မိဘများက သားသမီးကို ပညာသင် မပေးလျှင် မိဘတို့သည် သားသမီးများ၏ ရန်သူဟုခေါ် ရပေမည်။ ပညာမတတ်သောသူသည် လောက၌ မတင့် တယ်ချေ။ ပညာတတ်မှ ပွဲလယ်တင့်သည်။

**Explanation:** If the parents do not make their children acquire knowledge, they must be called their children's enemies. The uneducated person is not worthy in this world. The educated person will be graceful on formal occasions.

* * *

http://www.dhammadownload.com



(၁၉) တောင်ချောက်ကြား၌ ရောက်သောဆူးကို ဘယ်သူထက်စိမ့်ချွန်သနည်း။ မိမိအလိုလိုသာလျှင် ထက်ပချေ၏။ သမင်တို့၏ မျက်စိ၌ ဘယ်သူမျက်စဉ်းခတ်၍ ကြည်သနည်း။ မိမိအလိုလိုသာလျှင် ကြည်ပချေ၏။ ညွန်၌ကြာကို ဘယ်သူအနံ့ကောင်း ထည့်ပေးချေသနည်း။ အလိုလိုသာလျှင် အနံ့ကောင်းထုံ၏။ အမျိုးကောင်းသား၏ သဘောသည် ဘယ်သူပြု၍ ဖြစ်သနည်း။ မိမိအလိုလိုသာ ဖြစ်ပချေ၏။

(19) Who sharpens the mountain- thorn between the mountain-cliffs? It just happens. Who puts eye-drops into the deer's eyes to make them clear? It just happens. Who puts sweet scent into the lotus in the mire? It just happens. Who forms the nature of the son of good family? It just happens.

ရှင်းချက်။ ။ ဆူးကို ချွန်ပေးသူမရှိ။ သမင်မျက်စိကို မျက်စဉ်းခတ်ပေးသူ မရှိ။ ကြာကို အနံ့ကောင်း ထည့်ပေးသူ မရှိ။ အမျိုးကောင်းသား၏ သဘောကို ပြုပေးသူမရှိ။ မည်သူတို့ အသီးသီးက ပြုသနည်း။ မည်သူကမျှ မပြုပေ။ သူ့ အလိုအလျောက် ဖြစ်သည်။

http://www.dhammadownload.com



**Explanation:** Who sharpens the mountain thorn, puts eye-drop into the deer's eyes, infuse sweet scent in the lotus? Nobody. These happen spontaneously.

* * *

(၂၀) ထုံးမရှိသော ကွမ်းသည် အရသာမရှိ။ ဥစ္စာမရှိသူ၏ တန်ဆာဆင်ခြင်းသည်လည်း အရသာမရှိ။ ဆားမရှိသော စားဖွယ်သည်လည်း အရသာမရှိ။ အတတ်မရှိသော သူ၏ ပို့ကဗျာ ဖွဲ့ခြင်းသည်လည်း အရသာမရှိ။

(20) Betel-quid without lime is flavourless. The dress of the man without wealth is ragged. Eatables without salt is tasteless. The versification of the man without knowledge of the art is meaningless.

ရှင်းချက်။ ။ ကွမ်းမှာ ထုံးပါမှ အရသာရှိသည်။ မရှိဆင်းရဲသူ၏ ဝတ်စားတန်ဆာသည် တင့်တယ်ခြင်းမရှိ။ စားစရာမှာ ဆားပါမှ အရသာရှိသည်။ စာမတတ်သူ ကဗျာစပ်လျှင် အဓိပ္ပာယ်မရှိချေ။

**Explanation:** Betel-quid has flavour only with lime. The poor man's dress is drab. Food without

http://www.dhammadownload.com



salt is tasteless. The unlettered man's verse is meaningless.

* * *

(၂၁) နာခြင်း မှတ်ခြင်း၌ ကောင်းစွာ အားထုတ်သော သူသည် သုတဖြင့် ပြည့်စုံ၏။ သုတပညာဖြင့် ပွား၏။ သုတပညာဖြင့် အနက်ကိုသိ၏။ သိအပ်သော အနက်သည် ချမ်းသာကို ဆောင်၏။

(21) The person who tries properly to listen and note is the one who is full of knowledge. He increases his knowledge by means of acquiring knowledge and understanding the meaning. Knowing the meaning bring happiness to him.

ရှင်းချက်။ ။ ကြားနာခြင်း၊ မှတ်ယူခြင်းတို့သည် အတတ်ပညာ သင်ရာတွင် အရေးပါသည်။ ထိုသို့ ပြုမှသာလျှင် သုတဆိုသော အတတ်ပညာကို ရလိမ့်မည်။ ပညာကို ပညာဖြင့် တိုးတက်ပွားများအောင် လုပ်ရမည်။ ဆိုလိုသည်မှာ လေ့ကျင့်မှုပြုလျှင် သုတဆိုသော အတတ်ပညာ ရလိမ့်မည်။ ပညာ တိုးတက်မည်။ ပညာကို သိတတ်နားလည်လျှင် ချမ်းသာမှုရပေလိမ့်မည်။ ချမ်းသာမှု ဆိုသည်မှာ စိတ်၏ ချမ်းသာခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com



**Explanation:** In acquiring knowledge, listening and making mental note are important. If one does that, he will acquire knowledge. By learning through exercise, one can increase one's knowledge. One should thus acquire knowledge and understanding the meaning of things one tries to learn. Knowing the meaning will make the learner happy.

* * *

(၂၂) လောက၌ အစာစားခြင်းသည် လည်းကောင်း၊ မေထုန်မှီဝဲခြင်းသည် လည်းကောင်း၊ အိပ်ခြင်းသည် လည်းကောင်း၊ နွား၌ လည်းကောင်း၊ ယောကျ်ား၌ လည်းကောင်း ရှိ၏။ အတတ်ပညာ ဟူသည်ကား ယောကျ်ားအား အထူးပေတည်း။ အတတ်ပညာမှ ယုတ်ခဲ့မူကား နွားနှင့်တူသည် ဖြစ်၏။

(22) In this world, man, as well as the bull, has such acts as eating, having sex and sleeping. Knowledge makes the difference for the man from the bull. If man lacks knowledge, he is like the bull.

http://www.dhammadownload.com



ရှင်းချက်။ ။ စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်းတို့သည် လူ၌ နွားမှာကဲ့သို့ပင် ရှိ၏။ လူအဖို့ ထူးခြားချက်မှာ အတတ်ပညာ ဖြစ်သည်။ အတတ်ပညာ မရှိသော လူသည် နွားနှင့်အတူတူ ဖြစ်ချေသည်။

**Explanation:** Man has, as the bull has, the acts of eating, mating and sleeping. The difference for man from the bull is education. Man without education is the same as the bull.

* * *

(၂၃) လောက၌ အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းသည် မရှိ။ အနာနှင့်တူသော ရန်သူသည် မရှိ။ ကိုယ်နှင့်တူသော ချစ်သော သူမည်သည် မရှိ။ ကံနှင့်တူသောအားသည် မရှိ။

(23) In this world, there is no friend like learning. There is no enemy like disease. There is no lover like oneself. There is no strength equal to one's *kamma.*

ရှင်းချက်။ ။ အတတ်ပညာသည်သာလျှင် လူကို ကူညီစောင်မမည်။ အနာရောဂါနှင့် တူသောရန်သူသည်

http://www.dhammadownload.com



မရှိ။ မိမိကိုယ်ကို ချစ်သော အချစ်နှင့်တူသော အချစ်သည်မရှိ။ ကံနှင့်တူသော အင်အားသည် မရှိ။ ပညာတတ်မှ ဘဝအခြေအနေကောင်းမည်။ ရောဂါသည် လူကို အနှိပ်စက်ဆုံး ဖြစ်သည်။ အတ္တသမံ ပေမံနတ္ထိ၊ မိမိကိုယ်ကို မိမိ ချစ်ခင်စွဲလမ်းခြင်းထက် စွဲလမ်းခြင်း မရှိချေ။ ကံသည် မိမိအားကိုးရာ ဖြစ်သည်။ အားထားရာလည်း ဖြစ်သည်။ မိမိ၏ ယခုပြုသော ကုသိုလ်အကုသိုလ်၊ ရှေးဘဝများမှာ ပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ်တို့က မိမိ၏ ယခုဘဝကို စီမံပေးသည်။

**Explanation:** Education alone helps and supports man. There is no enemy greater than disease. There is no love equal to the love of oneself. *Kamma* is one's own strength. If one is educated, one's condition of life will be good. *Kamma* is what man has to depend on and what man has to rely on. What good or bad one does in this existence and what he did in the former existences determine the condition of one's present life.

* * *

(၂၄) လောကဌ် ဟင်္သာသည် ကျီးတို့၏ အလယ်၌ မတင့်တယ်။ ခြင်္သေ့သည် နွားတို့၏အလယ်၌ မတင့်

http://www.dhammadownload.com



တယ်။ မြင်းသည် မြည်းတို့၏ အလယ်၌ မတင့်တယ်။ လူမိုက်တို့၏ အလယ်၌ ပညာရှိသည် မတင့်တယ်။

(24) Hintha bird is not compatible among crows, nor is lion among oxen, nor is horse amid asses, so also in the midst of fools a wise man is out of place.

ရှင်းချက်။ ။ တင့်တယ်သည် ဆိုသည်မှာ ကျက်သရေရှိသည်ဟူ၍ပင်။ ဟင်္သာသည် ကျီးတို့ကြားမှာရှိရန် မအပ်စပ်။ ခြင်္သေ့သည် နွားတို့ကြားတွင်ရှိလျှင် ဂုဏ်ပျက်သည်။ မြင်းသည် မြည်းတို့ကြားတွင် ကျက်သရေမရှိ။ ထို့အတူ ပညာရှိသည် လူမိုက်တို့ကြားတွင် ရောက်နေလျှင် ဂုဏ်သရေ ထိခိုက်သည်။ အမြတ်နှင့် အယုတ်အညံ့တို့ တွဲဖက်လျှင် အမြတ်မှာနစ်နာသည်။

**Explanation:** To be compatible means to be graceful. *Hintha* should not be among crows; lion should not be amid oxen; horse should not be with asses. So also a wise man should be not among fools. If the noble is with the base, the dignity of the noble suffers a loss.

* * *

http://www.dhammadownload.com



(၂၅) သူမိုက်သည် အသက်ထက်ဆုံးလည်း ပညာရှိကို အကယ်၍ ဆည်းကပ်ငြားအံ့၊ ထိုသူမိုက်သည် တရားကို မသိ။ အဘယ်ကဲ့သို့ နည်းဟူမူ ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့တည်း။

(25) If a fool seeks company of a wise man all his life, even then he will not know the **Dhamma** just as the ladle does not know the taste of the curry.

ရှင်းချက်။ ။ ပညာရှိအနားမှာ နေလျက်ရှိသော သူမိုက်သည် မိုက်မဲသဖြင့် ပညာရှိက သင်ကြားပေးသော်လည်း တရားကို မသိချေ။ ယောက်မသည် ဟင်းအိုးကို မွှေ၏။ ဟင်းနှင့် ထိတွေ့သော်လည်း ဟင်း၏အရသာကို မသိချေသကဲ့သို့ပင်။

**Explanation**: Even if the fool lives near all his life with the wise man, he does not learn the Law **(Dhamma)** because he does not know the meaning of the Law, just as the ladle which churns the curry in the pot does not know the taste of the curry.

* * *

http://www.dhammadownload.com



The trader and traveller should not journey without a companion.

* * *

(၂၈) လောက၌ ဥစ္စာပျက်ခြင်းသည် လည်းကောင်း၊ နှလုံးပူပန်ခြင်းသည် လည်းကောင်း၊ အိမ်၌ မကောင်းမှုကိုပြုကျင့်ခြင်းတို့ကို လည်းကောင်း၊ လှည့်ပတ်ခြင်းကို လည်းကောင်း၊ မထီမဲ့မြင်ပြုခြင်းကို လည်းကောင်း၊ ပညာရှိသည် ထင်ရှားမပြုရာ။

(28) In this world, the wise man should not reveal the loss of wealth, the anxiety in his heart, the misdeeds at home, the deception and disrespect of others.

ရှင်းချက်။ ။ ပညာရှိသည် မိမိကိုယ်ရေးကိုယ်ရာတွင် သူတစ်ပါးကဲ့ရဲ့ဖွယ် ကိစ္စများကို အများသိအောင် မဖော်ပြချေ။ အများသိသွားလျှင် အမျိုးမျိုးကဲ့ရဲ့ ဝေဖန်ခြင်းဖြင့် အကုသိုလ် ဖြစ်ကြချေဦးမည်။ ကိုယ်ရေးကိုယ်တာ ကိစ္စများကို အများသိရန် မလိုပေ။

**Explanation:** The man of discretion does not reveal anything personal, which excites comment

http://www.dhammadownload.com



by others. If other people come to know of private troubles, they will probably make critical remarks, thus committing sins. Private affairs need not be made known to other people.

* * *

(၂၉) လောကဤ အရေးအခွင့်ရောက်သည်နှင့် လျော်သောစကားကို လည်းကောင်း၊ ကိုယ့်အား လျောက်ပတ်သော ချစ်အပ်သောသူကို လည်းကောင်း၊ ကိုယ်နှင့် တန်ရုံသောအမျက်ကို လည်းကောင်း အကြင်သူသည် သိတတ်၏။ ထိုသူသည် ပညာရှိမည်၏။

(29) In this world, a person makes proper remarks on proper occasions; chooses suitable persons he should love, and knows the extent to which he should let off his anger; -- that person is a man of wisdom.

ရှင်းချက်။ ။ အခါအားလျော်စွာ ဆိုအပ်သော စကားကိုဆိုခြင်း၊ ချစ်ခင်ရင်းနှီးထိုက်သော သူကို ရွေးချယ်ခြင်း၊ မိမိနှင့် သင့်လျော်သော မိမိ၏ဒေါသ၏ အတိုင်းအတာကို သိခြင်း ပြုတတ်သောသူသည် ပညာရှိ ဖြစ်ပေသည်။

http://www.dhammadownload.com



**Explanation:** The person is wise who makes remarks suitable to the occasion; chooses suitable friends or mates and curbs his anger at the right time.

* * *

(၃၀) ဥစ္စာမရှိဘဲလျက် အရသာစားကြူးသောသူ၊ ခွန်အား မရှိဘဲလျက် အသတ်အပုတ် ကြိုက်တတ်သောသူ၊ ပညာမရှိဘဲလျက် စကားလိုလားသောသူ၊ ဤသူတို့ကား- သူရူးနှင့် တူကုန်၏။

(30) The person who indulges in eating though without wealth; the person who loves fighting though without physical strength; the person who wants to make remarks though without learning;-- such persons are like lunatics.

ရှင်းချက်။ ။ မိမိမှာ မရှိဘဲ ရှိသူတို့ကဲ့သို့ လုပ်ချင်သူသည် အရူးနှင့်တူသည်။ ငွေမရှိဘဲ အစားကြီးသူ၊ အင်အားမရှိဘဲ ရိုက်ပုတ်ထိုးကြိတ်ချင်သူ၊ ပညာမရှိဘဲနှင့် စကားကြီး စကားကျယ် ပြောချင်သူ၊ ထိုသူတို့သည် အရူးနှင့်တူ၏။

http://www.dhammadownload.com



**Explanation:** If any one has nothing but wants to do like those who have many things, such a one is like a mad man. If a person without money is a heavy eater, if one who is weak likes fighting, and if one who lacks education wants to say big things, such persons are like mad men.

* * *

(၃၁) သူမခေါ်ဘဲ သူ့အိမ်သို့ သွားဖန်များသောသူ၊ သူမမေးဘဲ စကားများများ ပြောတတ်သောသူ၊ မိမိဂုဏ်ကျေးဇူးကို ပလွှားတတ်သောသူ၊ ဤသုံးပါးသည် သူယုတ်၏ လက္ခဏာတည်း။

(31) The person who often visits another's house though not invited; the person who talks too much without being asked; the person who boasts of his qualities; -- these three have the signs of a mean person.

ရှင်းချက်။ ။ လူယုတ်မာတို့သည် ကြွားတတ်ကြသည်။ လူရာဝင်ချင်ကြသည်။ မိမိတို့ မလုပ်အပ်သည်တို့ကို လုပ် တတ်ကြသည်။ ထိုသူတို့၌ သူယုတ်တို့၏ လက္ခဏာရှိ သည်။

http://www.dhammadownload.com



**Explanation:** Mean persons are in the habit of boasting. They want to be accepted by society. They usually do things they ought not to do. These persons have characteristics of a mean person.

* * *

(၃၂) အဆင်းမလှသော သူသည် စကားများတတ်၏။ ပညာနည်းသောသူသည် ထင်ရှားပြတတ်၏။ ရေမပြည့်သောအိုးသည် ချောက်ချားတတ်၏။ နို့ရည်မထွက်သော နွားမသည် ကျောက်ကန်တတ်၏။

(32) The ugly person is likely to be talkative. The person with little learning usually shows off. The pot that is not full makes trembling sound. The pot that is not full makes trembling sound. The milkless cow is apt to kick.

ရှင်းချက်။ ။ မရှိသူက ရှိဟန်ပြတတ်သည်။ အောက်ကျနောက်ကျစိတ် ရှိသောကြောင့်ပင်။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ဟူသော ဆိုရိုးစကားရှိသည်။

**Explanation:** The one who lacks something wants to show that he has the thing he lacks.

http://www.dhammadownload.com



"The pot that is not full makes great sound from the shaking water," goes the saying.

* * *

(၃၃) ဖားသူငယ်သည်လည်း ဆောင့်ကြောင့်ထိုင်တတ်ကာမှု ခြင်္သေ့ဟုထင်၏။ ကျီးတည်းချီမှုကား၊ ချစ်ဆွေ ချစ်ဆွေဟု မြည်တတ်၏။ ပညာမရှိသော သူမိုက်သည်လည်း မိမိကိုယ်ကို ပညာရှိထင်ခြင်းကြောင့် ပညာရှိတို့သည် မေးလတ်သော် ငါ့ရှင်ငါ့ရှင်ဟု ချစ်စဖွယ်သော စကားကို ဆိုတတ်၏။

(33) The little frog, when able to squat, thinks it is a lion. But when the crow snatches it, the frog tries to please the crow by calling it,"My dear friend! My dear friend!" The ignorant person thinks he is wise, and when the wise man asks him questions, he tries to please the wise one by saying,"My master! My master!"

ရှင်းချက်။ ။ ဂုဏ်မရှိသူတို့သည် သူတို့ ကိုယ်သူတို့ အထင်ကြီး တတ်သည်။ ဖားသူငယ်သည် ဆောင့်ကြောင့်ထိုင်တတ်သောအခါ သူ့ကိုယ်သူ ခြင်္သေ့ဟု ထင်သည်။ ကျီးချီသောအခါ သူကချော့သည့် အသံဖြင့်

http://www.dhammadownload.com



ချစ်ဆွေချစ်ဆွေဟု ခေါ်သည်။ ထိုနည်းတူစွာ ပညာမဲ့သူသည် သူ့ကိုယ်သူ ပညာရှိဟုထင်၏။ တကယ့်ပညာရှိက မေးသောအခါ (မဖြေတတ်သဖြင့်) ပညာရှိကို ငါ့ရှင် ငါ့ရှင်ဟု ခေါ်သည်။

**Explanation:** Those who have nothing to their credit usually think much of themselves. The little frog sits and thinks it is a lion. When snatched by the crow it is afraid and tries to please the crow. In the same way, the unlearned person thinks he is a learned man and when the real learned man asks questions he calls him " My master! " to cover up his ignorance.

* * *

(၃၄) ဖားသူငယ်သည်လည်း ဆောင့်ကြောင့်ထိုင်ခြင်း တူမှုကား ခြင်္သေ့ဟူ ကောင်းအံ့လော။ ဝက်သည်လည်း အုတ်အုတ် မြည်တတ်ကာမူ ကျားသစ်ဟူကောင်း အံ့လော။ ကြောင်သည်လည်း အဆင်းသဏ္ဍာန်တူကာမူ ကျားဟူကောင်းအံ့လော။ ပညာရှိတို့သည်လည်း အတတ်ချင်း တူကောင်းအံ့လော။

http://www.dhammadownload.com



(34) Is the little frog a lion because it squats like a lion? Is the pig the leopard because it makes the sound of " Ok! Ok! " like the leopard? Is the cat a tiger because it has the apperance of a tiger? Will the qualifications of wise men be the same?

ရှင်းချက်။ ။ အသွင်အပြင် ဆင်တူဖြစ်ရုံမျှဖြင့် အတူတူဟု မဆိုနိုင်ပေ။ ပညာရှိတို့သည် အတတ်ပညာအသီးသီးကို တတ်ကျွမ်းကြ၏။ သူတို့အားလုံး ပညာရှိဟု ခေါ်ဆိုနိုင်သော်လည်း အတတ်ပညာချင်း မတူကြပေ။

**Explanation:** One cannot say that because of similarity, things are the same. Wise men are expert in various arts. They can be called sages though their knowledge is not the same.

* * *

(၃၅) မင်းတို့သဘော မည်သည်ဥစ္စာ၌ ရောင့်ရဲခြင်း မရှိ။ မျက်စိသည်လည်း ချစ်သောသူကို မြင်ခြင်း၌ ရောင့်ရဲခြင်း မရှိ။ သမုဒ္ဒရာသည် ရေ၌ ရောင့်ရဲခြင်း မရှိ။

(35) Kings are not contented in the matter of wealth. Sages are not contented with good speech. The eye is not satisfied with looking at its beloved. The ocean is not full with the water flowing into it.

http://www.dhammadownload.com



ရှင်းချက်။ ။ လောဘသည် အတောမသတ်ဖြစ်သည်ဟု ဆိုလိုသည်။ ရလေလိုလေ ဖြစ်သည်။ ရောင့်ရဲခြင်းသည် ပျောက်ကွယ်လျက် ရှိသည်။

**Explanation:** Greed has no limit. The more one gets the more one wants. Contentment is absent.

* * *

(၃၆) အဆင်းအရွယ်နှင့် ပြည့်စုံခြင်းမှုလည်း ပြန့်ပြောကြွယ်ဝသော အမျိုး၌ ဖြစ်လျှင်မှုလည်း အတတ်ပညာမှ ယုတ်ခဲ့မူကား မတင့်တယ်ကုန်။ ပေါက်ပန်းတို့သည် အနံ့ကင်းကုန်သကဲ့သို့တည်း။

(36) One is fully endowed with looks and youthfulness, and of good lineage, but if he is deficient in learning he is not worthy, like the scentless Pauk-flower.

ရှင်းချက်။ ။ အဆင်းလှ၍ အရွယ်တော်သော်လည်း ပညာမရှိလျှင် မတင့်တယ်။ အမျိုးကောင်းသော်လည်း ပညာမရှိလျှင် တန်ဖိုးမရှိနိုင်။ ပေါက်ပန်းတို့သည် အနံ့ကင်းသကဲ့သို့ ဖြစ်ချေမည်။

http://www.dhammadownload.com



**Explanation:** One without education would be unfit although he may be of noble birth, good-looking and youthful, just like the worthless Pauk-flower.

* * *

(၃၇) လောကဣ အမျိုးယုတ်သောသူ၏ သားဖြစ်လျက် မင်း၏အမတ် ဖြစ်တတ်၏။ လူမိုက်၏ သားဖြစ်လျက် လည်း ပညာရှိ ဖြစ်တတ်၏။ ဥစ္စာမရှိသောသူ၏ သား ဖြစ်လျက်လည်း ဥစ္စာများတတ်၏။ထို့ကြောင့် ယောကျ်ား တို့အား မထီမဲ့မြင် မပြုကုန်ရာ။

(37) In this world, the son of parents of low birth may become a minister to the king. The son of a fool may become a sage. The son of a poor man may become rich. Therefore, we should not deal with men contemptuously.

ရှင်းချက်။ ။ မိဘများ မျိုးရိုးမကောင်းသော်လည်း သားဖြစ်သူသည် အဆင့်မြင့်သောဘဝသို့ ရောက်နိုင် သည်။ မိဘတို့၏ ဘဝအခြေအနေသည် သားတို့၏ ကြီးပွားတိုးတက်ရေးကို မဟန့်တားနိုင်ပေ။ မိဘထက် သာသော သားများလည်း ရှိကြပေသည်။

http://www.dhammadownload.com



**Explanation:** The lineage of parents or their social status or their intellect does not hinder the progress of their sons who may attain a higher status. There are many sons who are superior to their parents.

* * *

(၃၈) အကြင်တပည့်သည် အတတ်ပညာလိုသဖြင့် အထူးထူး အပြားပြားများစွာ သင်တတ်၏။ ထိုတပည့်လည်း အတတ်ကို အိပ်မက်ကိုမြင်သော သူအကဲ့သို့ ပြန်ဆိုခြင်းငှာ မစွမ်းနိုင်ရာ။

(38) The pupil who wants to learn many branches of knowledge cannot grasp all that he learns, just as the one who is dumb cannot relate his dream.

ရှင်းချက်။ ။ အတတ်ပညာအမျိုးမျိုးကို စုပြုံ၍သင်ယူသော တပည့်သည် မည်သည့်အတတ်ပညကိုမျှ မကြေညက်သဖြင့် အိပ်မက်ကို ပြန်မပြောတတ်သော အသောသူကဲ့သို့ ဖြစ်ချေမည်။ အတတ်ပညာကို တစ်မျိုးပြီးတစ်မျိုး သင်ယူမှသာ ကျေညက်စွာ တတ်ကျွမ်းပေလိမ့် မည်။ အတတ်ပညာမျိုးစုံကို တစ်ပြုံတည်း သင်သူသည် ဘာမျှတကယ်မတတ် ဖြစ်တတ်သည်။

http://www.dhammadownload.com



**Explanation:** The pupil who attends to many branches of learning all together will not be versed in any of them. He will be like a dumb person who cannot tell his dream. He should learn one after another. The person who takes up many kinds of knowledge at the same time will learn nothing properly.

* * *

(၃၉) အိုးထိန်းသည်သည် အိုးကို ကွဲစိမ့်သောငှာ မခတ်၊ တင့်တယ်စိမ့်သောငှာ ခတ်၏။ ဆရာသည် တပည့်တို့အား အပယ်ဆင်းရဲသို့ ကျစေခြင်းငှာ မပုတ်ခတ်၊ အတတ်ပညာ အစီးအပွားဟူသော အကြောင်းကြောင့် ပုတ်ခတ်၏။

(39) The potter strikes the pot not to break it but to make it shapely, so also the master beats his pupils not to let them fall into misery or hell but to let them make progress in their learning.

ရှင်းချက်။ ။ အိုးထိန်းသည်သည် အိုးကို အချိုးအစားကျအောင် ရိုက်ပေးသည်။ ကွဲစေလို၍ မဟုတ်ပေ။ ဆရာသည်လည်း တပည့်တို့ပညာ တိုးတက်စေရန်ရိုက်

http://www.dhammadownload.com



၏။ ငရဲကျစေလို၍ မဟုတ်ပေ။ ကောင်းစေလိုသော စေတနာကို သတိပြုရပေမည်။

**Explanation:** The potter beats the pot to make it look proportionate, not to break it; so also the teacher beats his pupils to make progress in the learning, not to send them to hell.

* * *

(၄၀) အကြင်သူသည် တောင်ဇလပ်ပန်းကိုလျှင် ပေါက်ဖက်နှင့် ထုပ်၏။ ထိုသူ၏ တောင်ဇလပ်ပန်းသည်သာလျှင် ကောင်းသောအနံ့ကို လှိုင်စေသည်ကား မဟုတ်။ ပေါက်ဖက်တို့သည်လည်း ကောင်းသောအနံ့ကို လှိုင်စေကုန်၏။ ထို့အတူ ပညာရှိနှင့် ပေါင်းဖက်မှီဝဲရသောသူတို့ကို မှတ်အပ်၏။

(40) One wraps the moonbeam flower with *Pauk* leaves; that person's moonbeam flower alone does not emit fragrance, but the *Pauk* leaves also become fragrant. In the same way, those who associate with the sage become wise.

ရှင်းချက်။ ။ တောင်ဇလပ်ပန်းသည် မွှေး၏။ ပေါက်ဖက်၌ အနံ့မရှိ။ သို့သော် တောင်ဇလပ်ပန်းကို ပေါက်

http://www.dhammadownload.com



ဖက်နှင့်ထုပ်လျှင် ပေါက်ဖက်သည်လည်း တောင်ဇလပ်ပန်း၏ အနံ့ကိုရသဖြင့် မွှေးသည်။ ထို့အတူပင် ပညာရှိနှင့် ပေါင်းသူတို့သည် ပညာရနံ့စွဲ၍ ပညာရကြကုန်၏။

**Explanation:** The moonbeam flower is sweet-smelling *Pauk* leaf has no scent. But if the moonbeam flower is wrapped with *Pauk* leaves, the wrapper gets the smell of the flower and becomes fragrant. So also, those who seek the company of a sage get knowledge from him.

**ပဏ္ဍိတဝဂ္ဂ**
**ပြီးဆုံးပြီ။**

**The chapter on**
**"The Sage"**
**ends.**

❋ ❋ ❋

http://www.dhammadownload.com

## အခန်း (၂)
## သုဇနကဏ္ဍ
## လူကောင်းတို့ကို ဆိုသောအခန်း
## Chapter (2)
## On "The Good Man"

(၄၁) သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖက်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖက်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိ၍ မြတ်သည်ဖြစ်၏။ ယုတ်မာသည် မဖြစ်။

(41) Associate with good men; form frienship with them. Knowing the Law from the good men is being noble, not mean.

http://www.dhammadownload.com



ရှင်းချက်။ ။ သူတော်ကောင်းသည် ရိုးသားဖြောင့်မတ်တော်မှန်သည်။ အကုသိုလ်ကို ရှောင်ကြဉ်ပေသည်။ သူတော်ကောင်းတို့နှင့် ပေါင်းသင်း၍ သူတော်ကောင်းတရားကို ကြားနာသိမှတ်ခြင်းသည် မြတ်၏။ မယုတ်ပေ။

**Explanation:** A good and virtuous person is honest and right. He avoids ill deeds. Associate with good men and learn from them the Law **(Dhamma)**. Such knowledge is sacred, not debased.

* * *

(၄၂) သူယုတ်တို့နှင့် ပေါင်းသင်းခြင်းကို စွန့်လော့။ ပေါင်းဖက်အပ်သော သူတော်ကောင်းသို့ ဆည်းကပ်လော့။ နေ့စဉ်ပတ်လုံး ကောင်းမှုကို ပြုလော့။ သင်္ခါရတရားတို့၏ မမြဲသောအဖြစ်ကို အမြဲအောက်မေ့လော့။

(42) Abandon the association with the wicked. Approach the good man who is worthy of association. Do good deeds every day. Ponder always upon the law of impermanence.

http://www.dhammadownload.com



ရှင်းချက်။ ။ သူတော်ကောင်းကို ပေါင်း၊ သူယုတ်မာကို ရှောင်။ ကုသိုလ်ကောင်းမှုကို နေ့စဉ်မပြတ် ပြုလုပ်၊ မမြဲသောအဖြစ်ကို ဖော်ပြသော သင်္ခါရတရားကို အမြဲဆင်ခြင်သုံးသပ်လော့။

**Explanation:** Go along with the virtuous; shun the wicked. Do good deeds continuously every day. Study always the impermanence of all things.

* * *

(၄၃) ရေသဖန်းသီးမှည့်တို့သည် နီစွာသာလျှင်ကတည်း။ အတွင်း၌ကား ပိုးအတိပြည့်ကုန်သည်ဖြစ်သကဲ့သို့ ထိုအတူ သူယုတ်တို့၏ နှလုံးတို့သည် ဖြစ်ကုန်၏။

(43) The ripe fig is red on the outside, but full of worms in the inside. In the same way the hearts of the wicked are full of evil thoughts.

ရှင်းချက်။ ။ သူယုတ်တို့သည် အပြင်ပန်းမှ လှသည်၊ အတွင်းစိတ်မှာ ဆိုးညစ်သည်။ သူယုတ်တို့သည် သူတော်ကောင်းယောင် ဆောင်တတ်သည်။ အပြောကောင်းသည်နှင့်အမျှ စိတ်ထား ဆိုးယုတ်သည်။

http://www.dhammadownload.com



**Explanation:** The wicked are apt to pose as the virtuous. They are very tricky. Their words are sweet, but their hearts are evil.

* * *

(၄၄) ပိန္နဲသီးတို့သည်ကား အပ၌ ဆူးသာ ထင်ကုန်၏။ အတွင်း၌ကား အမြိန်အရသာတို့နှင့် ပြည့်စုံကုန်သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ သူတော်ကောင်းတို့သည်လည်း ဖြစ်ကုန်၏။

(44) Jack fruits have thorns on the outside, but inside is sweet, juicy meat, so also the good men are of good heart.

ရှင်းချက်။ ။ သူတော်ကောင်းတို့သည် ရိုးသားကြ၏။ သူတို့သည် သူယုတ်တို့ကဲ့သို့ အပေါ်ယံကောင်းဟန် ပြခြင်းမပြုပေ။ စိတ်ရင်း ကောင်းကြပေသည်။

**Explanation:** The virtuous persons are honest. They are not like the wicked who put up appearances; they have good hearts.

* * *

http://www.dhammadownload.com



(၄၅) လောက၌ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း အနံ့ကို မစွန့်။ ဆင်ပြောင်သည် စစ်မြေပြင်သို့ ရောက်သော်လည်း လူတို့၏ မျက်မှောက်၌ တင့်တယ်ခြင်းကို မစွန့်။ ကြံသည် ယန္တရားစက်၏ အဝသို့ရောက်သော်လည်း ချိုသောအရသာကို မစွန့်။ ပညာရှိသူတော်ကောင်းသည် ဆင်းရဲခြင်းသို့ ရောက်သော်လည်း သူတော်ကောင်းတရားကို မစွန့်သာလျှင်ကတည်း။

(45) In this world, the sandalwood, though dry, does not abandon its scent. The royal elephant, though on the battle- field, does not forsake its gracefulness in the eyes of people. The sugar-cane, though under the pressing machine, does not leave out its sweet taste. The virtuous person, though poor, does not abandon the habit of right eousness.

ရှင်းချက်။ ။ အချို့သောအရာတို့၌ ပင်ကိုအရည်အသွေး ရှိသည်။ ထိုအရည်အသွေးတို့သည် ကောင်းသော အရည်အသွေးများ ဖြစ်လျှင် သက်ဆိုင်ရာအရာသို့မဟုတ် ပုဂ္ဂိုလ်သည် ထူးခြား၏။ သူတော်ကောင်း၏ အရည်အသွေးမှာ ပစ္စည်းဥစ္စာ မပြည့်စုံငြားလည်း မတရားမှုကို ဘယ်တော့မှုမလုပ်ဘဲ လမ်းမှန်ကိုသာ လျှောက်သည်။

http://www.dhammadownload.com



**Explanation:** Some things have intrinsic qualities, and if they are good qualities the things or persons who possess them are regarded as distinct. The virtuous person, though lacking wealth, never resorts to ill deeds, and walks along the right path.

* * *

(၄၆) ခြင်္သေ့သည် မွတ်သိပ်သော်လည်း သစ်ရွက်စသည်တို့ကို မစား။ ခြင်္သေ့မည်သည်ကား ကြုံလှီသော်လည်း ဆင်သားကို မစား။

(46) The lion, though hungry, does not eat leaves. Though lean, the lion does not eat elephant's flesh.

ရှင်းချက်။ ။ ခြင်္သေ့သည် ဆာသော်လည်း သစ်ရွက်ကိုမစားပေ။ အစာမစားရ၍ ပိန်နေသော်လည်း ဆင်သားကို မစားပေ။

**Explanation:** Lion does not eat leaves though starving: It may be lean from starvation, but it does not eat elephant flesh.

* * *

http://www.dhammadownload.com



(၄၇) မြတ်သောအမျိုး၌ ဖြစ်ထသော အမျိုးအနွယ်ကို စောင့်ထသော အမျိုးကောင်းသားသည် မိမိသည် ဆင်းရဲခြင်းကို ရောက်သော်လည်း ယုတ်သောအမှုကို မပြုရာ။

(47) The man of noble lineage, preserving the dignity of his birth, though in poverty, does not commit any base act.

ရှင်းချက်။ ။ အမျိုးကောင်းသားသည် မိမိ၏ အမျိုးဂုဏ်ကို စောင့်ရှောက်သည့်အလျောက် ဆိုးမိုက်ယုတ်ညံ့သောအမှုကို ဘယ်သောအခါမျှ မပြုပေ။

**Explanation:** Man of noble birth does not do any mean deed in order to keep up the dignity of his lineage.

* * *

(၄၈) လောက၌ စန္ဒကူးသည် ချမ်းမြေ့စွာ၏။ ထိုစန္ဒကူး ချမ်းမြေ့သည်ထက် လသည်သာလျှင် ချမ်းမြေ့၏။ စန္ဒကူးနှင့် လတို့ ချမ်းမြေ့သည်ထက် ကောင်းစွာဆိုအပ်သော သူတော်ကောင်းတို့၏စကားသည် ချမ်းမြေ့စွာ၏။

(48) In this world, sandalwood gives off pleasant smell. The moon is more pleasant than san-

http://www.dhammadownload.com



dalwood. Much more pleasant is the word of the virtuous person.

ရှင်းချက်။ ။ စန္ဒကူးနံ့နှင့် လအရောင်တို့သည် အသီးသီး ချမ်းမြေ့ဖွယ် ဖြစ်၏။ သူတော်ကောင်းစကားသည် ယင်းတို့ထက် ပို၍ ချမ်းမြေ့ပေသည်။ သူတော်ကောင်း အဆိုအမိန့်တို့သည် ပူလောင်ခြင်းတို့ကို သက်သာ ပြေပျောက်၍ ချမ်းသာခြင်းကို ရစေသည်။

**Explanation:** The scent of the sandalwood and the light of the moon are respectively pleasant. The speech of the virtuous is much more pleasant. It reduces stressful suffering and renders happiness.

* * *

(၄၉) ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် အနောက်မျက်နှာ၌ တက်ရာ၏။ မြင်းမိုရ်တောင်မင်းသည် ညွတ်ရာ၏။ အကယ်မလွဲ ငရဲမီးသည် ချမ်းမြေ့ရာ၏။ တောင်ထိပ်၌လည်း ကြာသည် ပွင့်ရာ၏။ သူတော်ကောင်းတို့၏စကားသည် တရံတဆစ်မျှ မဖောက်ပြန်ရာ။

http://www.dhammadownload.com



(49) Should the sun rise in the west; *Meru*, the monarch of mountains, bend; the hell-fire grow cold and pleasant; the lily bloom on mountain-top, yet the word of the virtuous will remain unaltered.

ရှင်းချက်။ ။ ဖြစ်ရိုးဖြစ်စဉ်အပေါင်းတို့ ဖောက်ပြန်ကြစေကာမူ သူတော်ကောင်း၏စကားသည် မဖောက်မပြန် အမြဲတည်နေမည်သာ ဖြစ်၏။

**Explanation:** Natural phenomena may change, but the word of the virtuous will remain unchanged. It will be good for all time.

* * *

(၅၀) သစ်ပင်၏ အရိပ်သည်လျှင် ချမ်းသာ၏။ ထိုသစ်ပင်အရိပ်၏ ချမ်းသာသည်ထက် ဆွေမျိုးမိဘ၏ အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုးမိဘအရိပ် ချမ်းသာသည်ထက် ဆရာသမား၏ အရိပ်သည် ချမ်းသာ၏။ ထိုဆရာသမားတို့၏ အရိပ်ချမ်းသာသည်ထက် မင်း၏ အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏အရိပ် ချမ်းသာသည်ထက် မြတ်စွာဘုရား၏အရိပ်ဟု ဆိုအပ်သောတရားသည် များစွာသောအပြားအားဖြင့် ချမ်းသာ၏။

http://www.dhammadownload.com



(50) The shade of a tree is pleasant; more pleasant is the shade of relatives and parents; more pleasant is the shade of the teacher; more pleasant is the shade of the king; much more pleasant, in many ways, is the **Dhamma** which can be called the shade of **Buddha**.

ရှင်းချက်။ ။ ချမ်းသာခြင်းရနိုင်သော အရိပ်အာဝါသ အသီးသီးတို့တွင် ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မတည်းဟူသောအရိပ်သည် ချမ်းသာခြင်းအရနိုင်ဆုံး ဖြစ်ပေသည်။ အရိပ်အသီးသီးတို့နှင့် ပတ်သက်၍ ဆိုစရာရှိသည်။ ဆွေမျိုးသားချင်းများ၊ ဆရာသမားများနှင့် မင်းတို့၏အရိပ်များသည် ပုဂ္ဂိုလ်၏ စေတနာကိုလိုက်၍သာ ချမ်းသာခြင်းကို ပေးနိုင်သည်။ စေတနာမကောင်းသော ဆွေမျိုးများ၊ ဆရာ မပီသသော ဆရာသမားများ၊ မင်းဆိုးမင်းညစ်များ၏အရိပ်တို့သည် ချမ်းသာမှုကို မပေးကြချေ။ မိဘ၏ မေတ္တာနှင့် ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာတော်ဖြင့် ဟောကြားအပ်သော တရားတော်တို့၏ အရိပ်တို့မှာကား အရိပ်ခိုသူတို့အား ချမ်းသာခြင်းကို ပေးပေသည်။

**Explanation**: Of the various shades and shelters that of the **Dhamma**, **Buddha**'s word, is the most

http://www.dhammadownload.com



pleasant. Something has to be said of the respective shades. Those of relatives, teacher, and king may give comfort in accordance with the nature of the individual concerned. The shades and shelters that the uncheritable relatives, teachers, and kings offer cannot possibly be pleasant. Only the love of parents, and the **Dhamma** which **Buddhas** taught in **His** great compassion can make for the shelter-seeker's happiness.

* * *

(၅၁) ပိတုန်းတို့သည် ပန်းကို အလိုရှိကုန်၏။ သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။ ယင်းတို့သည် အပုပ်ကို အလိုရှိကုန်၏။ သူယုတ်တို့သည် အမျက်ကို အလိုရှိကုန်၏။

(51) Bees hanker after the juice of flowers. The virtuous wish for virtue. Flies crave for the putrid. The wicked wish to indulge in anger.

ရှင်းချက်။ ။ မြတ်သောသူတို့သည် ကောင်းမွန်မြင့်မြတ်သောအရာကိုသာ အလိုရှိကုန်၏။ ယုတ်ညံ့သူတို့သည် ဒေါသတည်းဟူသော ယုတ်ညံ့သော စိတ်စေတသိက်၌သာ မွေ့လျော်၏။

http://www.dhammadownload.com



**Explanation:** Noble persons wish for what is virtuous. The wicked and the lowly enjoy anger, the evil state of mind.

* * *

(၅၂) အမိယုတ်သောသူကား မကောင်းသောစကား ရှိသည်ဖြစ်၏။ အဘယုတ်သောသူကား မကောင်းသော အမူအကျင့် ရှိသည်ဖြစ်၏။ မိဘနှစ်ပါး စုံယုတ်မူကား မကောင်းသောစကား ရှိသည်လည်းဖြစ်၏။ မကောင်းသော အမူအကျင့်ရှိသည်လည်း ဖြစ်၏။

(52) The son of a wicked mother speaks foul language. The son of a wicked father behaves badly. The son of parents who are wicked speaks and acts badly.

ရှင်းချက်။ ။ "လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ပါး" ဆိုသောစကား ရှိသည်။ သားသမီးတို့သည် ဘဝအစ၌ မိဘတို့ထံမှ အရာရာတွင် သင်ယူကြသည်။ မိဘမိုက်တို့၏ သားသမီးများသည် လိမ္မာခဲလှသည်။

**Explanation:** There is a saying to the effect that the son of a wicked man is rude, whereas the son

http://www.dhammadownload.com



of a wise man is polite. At the beginning of life, children learn everything from their parents. Wicked parents' children are seldom wise.

* * *

(၅၃) အမိမြတ်သောသူအား ကောင်းသောစကား ရှိ၏။ အဘမြတ်သောသူအား ကောင်းသောအမူအကျင့် ရှိ၏။ မိဘနှစ်ပါး စုံမြတ်မူကား ကောင်းသောစကား လည်း ရှိ၏။ ကောင်းသောအမူအကျင့်လည်း ရှိ၏။

(53) The son of a virtuous mother speaks politely. The son of a virtuous father has good conduct. The son of parents who are virtuous speaks politely and behaves well.

ရှင်းချက်။ ။ မိဘရိုးရာကို သားသမီးတို့ လိုက်ကြသည်။ ဆိုးဝါးသော မိဘတို့၏ သားသမီးတို့သည် အပြောအဆို အပြုအမူ ယုတ်ကြသည်။ မိကောင်းဘခင်သားသမီးတို့၏ အမူအကျင့် အပြောအဆိုတို့သည် ကောင်းကြပေသည်။

**Explanation:** Children follow their parents' tradition. Those of bad parents have wicked charac-

http://www.dhammadownload.com



ter, and those of virtuous parents are well-behaved.

* * *

(၅၄) စစ်မြေပြင်အရပ်၌ ရဲရင့်သောသူကို အလိုရှိကုန်၏။ ခိုက်ရန်ဖြစ်သောအခါတွင် စကား၌ လိမ္မာသူကို အလိုရှိကုန်၏။ ထမင်း အဖျော်စားသောက်သောအခါ၌ ချစ်သောသူကို အလိုရှိကုန်၏။ အနက်သဒ္ဒါခက်ခဲစွာသော အရေးအရာအမှုကိစ္စရှိသော ကာလတို့၌ ပညာရှိသောသူကို အလိုရှိကုန်၏။

(54) At the battle-field brave men are needed. In a dispute, a man who can talk well is required. In a feast, the loved one should be present. When there is difficulty in comprehension of a text, a man of learning is needed.

ရှင်းချက်။ ။ အရာရာတွင် သက်ဆိုင်သော စွမ်းဆောင်နိုင်သောပုဂ္ဂိုလ်တို့ကို လိုအပ်၏။ ယင်းသို့သော ပုဂ္ဂိုလ်တို့ မရှိလျှင် မဖြစ်သင့်ရာတို့ ဖြစ်နိုင်သည်။

**Explanation:** In various activities, persons who can give help and guidance are required to be present. If they are absent, undesirable incidents can occur.

* * *

http://www.dhammadownload.com



(၅၅) ခွေးတစ်ကောင်သည် ခွေးတစ်ကောင်ကို မြင်၍ ချုပ်ချယ်လျက် ညှဉ်းဆဲအံ့သောငှာ သွားကိုပြ၏။ သူယုတ်သည် သူတော်ကောင်းကို မြင်လျှင် ချုပ်ချယ်လျက် ညှဉ်းဆဲခြင်းအမှုကို ပြုခြင်းငှာ အလိုရှိ၏။

(55) A dog, if it sees another dog, shows its teeth growling with the intention of doing harm. The wicked, when he sees the virtuous, wants to harm the virtuous.

ရှင်းချက်။ ။ ခွေးသည် အခြားခွေးကို ကိုက်ဖို့ ကြိုးစားသလို လူယုတ်မာက သူတော်ကောင်းကို ပြစ်မှားသည်။ မကောင်းမှုက ကောင်းမှုကို အတိုက်အခံပြုသည်။

**Explanation:** A dog tries to bite another dog. So also the wicked one tries to harm the virtuous. Evil deed opposes good deed.

* * *

(၅၆) လျှင်စွာအမှုကိစ္စဟူသမျှကို မိမိလည်း မပြုသင့်။ သူတစ်ပါးကိုလည်း မပြုစေလင့်။ အဆောတလျှင်ပြုမှုကား ပညာနည်းသူသည် နောက်မှ ပူပန်ရတတ်သည်။

http://www.dhammadownload.com



(56) You should not do things hurriedly, nor should you make others do so. The person who does things in a hurry may have to repent later.

ရှင်းချက်။ ။ အရာရာကို စဉ်းစားဆင်ခြင်ပြီးမှ လုပ်သင့်သည်။ မဆင်ခြင်ဘဲ စိတ်လိုက်မာန်ပါ မလုပ်သင့်။ မိမိလည်း မလုပ်သင့်။ သူတစ်ပါးကိုလည်း မခိုင်းသင့်။ သို့မဟုတ်လျှင် နောင်အခါတွင် ဒုက္ခတွေ့၍ နောင်တဖြစ်ချေမည်။

**Explanation:** You should do things after due consideration. You should not do anything impulsively, nor should you make others do hastily. Or you may suffer later and may have to repent.

(၅၇) လောက၌ အမျက်ကို ဖျောက်နိုင်မှုကား တစ်ရံတစ်ဆစ်မျှ မစိုးရိမ်ရ။ သူကျေးဇူးကို ဆိုတတ်သောသူကို ဘုရားစသော သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏။ ခပ်သိမ်းကုန်သောသူတို့၏ ကြမ်းကြုတ်သောစကားကို သည်းခံလော့။ ဤသို့သော သည်းခံခြင်းကို မြတ်၏ဟူ၍ သူတော်ကောင်းတို့သည် ဆိုကုန်၏။

(57) In this world, the person who can curb his anger does not have to worry even a little. The

http://www.dhammadownload.com



person who is grateful to other is praised by all virtuous people beginning from **Buddha**. Tolerate the rude words of vicious persons. Such tolerance is regarded as noble by the virtuous.

ရှင်းချက်။ ။ အမျက်ဒေါသသည် ချိုးနှိမ်မနိုင်လောက်အောင် ကြမ်းတမ်း၏။ အမျက်ကို ထိန်းနိုင်သူမှာ စိုးရိမ်ကြောင့်ကြခြင်း မရှိပေ။ ကျေးဇူးတရားသိသူကို ဘုရားအစရှိသော သူတော်ကောင်းများ ချီးမွမ်းကြသည်။ ကြမ်းတမ်းသောစကားကို သည်းခံသူကို သူတော်ကောင်းတို့က မြတ်သည်ဟု ဆိုကြသည်။

**Explanation:** Anger is so savage that it is difficult to curb. The person who can curb his anger does not have to worry. The one who knows gratitude is called noble by virtuous people.

* * *

(၅၈) လောက၌ မစင်အတိပြည့်သော ကျဉ်းမြောင်းသောအရပ်၌ နေရခြင်းသည် ဆင်းရဲ၏။ ထိုထက် မချစ်မနှစ်သက်လိုသော ရန်သူထံ၌ နေရခြင်းသည် ဆင်းရဲ၏။ ထိုထက်လည်း သူ့ကျေးဇူးကို မသိတတ်သောသူနှင့် နေရခြင်းသည် ဆင်းရဲ၏။

http://www.dhammadownload.com



(58) In this world, living in a narrow place full of faeces is misery. More miserable is staying with a hated enemy. Even more miserable is to be with an ungrateful person.

ရှင်းချက်။ ။ ကျေးဇူးမသိတတ်သောသူသည် ရွံမုန်းစရာအကောင်းဆုံး ဖြစ်သည်။ ကျေးဇူးကန်းသူသည် ယုတ်မာ၏။ မည်သည့်အကုသိုလ်မျိုးကိုပင် လုပ်ရန်မခဲခက်ချေ။ ကျေးဇူးရှင်ကို သတ်ရန် မနှောင့်နှေးချေ။

**Explanation:** An ungrateful wretch is the most loathesome one. Such a person is wicked and mean. He does not find it difficult to commit any kind of sin. He does not hesitate to murder his benefactor.

* * *

(၅၉) ဆုံးမသင့်သောအရာ၌ ဆုံးမရာ၏။ မပြတ်ဆုံးမရာ၏။ ယုတ်မာသော အကျင့်မှလည်း တားမြစ်ရာ၏။ ထိုစကား သင့်စွ။ ထိုဆုံးမတတ်သောသူကို သူတော်ကောင်းတို့သည် ချစ်ခင်အပ်သည် ဖြစ်၏။ သူတော်မဟုတ်သူယုတ်တို့သည် မချစ်ခင်အပ်သည် ဖြစ်၏။

http://www.dhammadownload.com



(59) Admonish continuously where admonition is due. Check the wicked action. That is proper advice. The person who does these acts is loved by the virtuous and hated by the wicked.

ရှင်းချက်။ ။ ဆုံးမစရာရှိလျှင် အမြဲပင် ဆုံးမပါ။ ယုတ်မာသော အမူအကျင့်တို့ကို တားမြစ်ပါ။ ယင်းသည် သင့်လျော်သောစကား ဖြစ်၏။ ဆုံးမတတ်သူကို သူတော်ကောင်းတို့က ချစ်ခင်သည်နှင့်အမျှ သူယုတ်တို့က မုန်းတီးကြသည်။

**Explanation:** Admonish where admonition is called for. Deter wicked action. That is what it should be. The person who can give such guidance to others is loved by the good people and hated by the bad.

* * *

(၆၀) ကိုယ့်ထက် မြတ်သောသူကို ကိုယ့်ကို နှိမ့်ချသဖြင့် အောင်ရာ၏။ ရဲရင့်သောသူကို သင်းခွဲသဖြင့် အောင်ရာ၏။ ကိုယ့်အောက်နိမ့်သောသူကို တစိုးတစိ ပေးခြင်းဖြင့် အောင်ရာ၏။ ကိုယ်နှင့်တူသောသူကို လုံ့လပြုခြင်းဖြင့် အောင်ရာ၏။

http://www.dhammadownload.com



(60) One can win a person of higher status by humility; a brave man by causing dissemsion; a person of lower status by giving small favours; one's compeer by working hard.

ရှင်းချက်။ ။ မိမိထက် အဆင့်မြင့်သူ၊ အဆင့်နိမ့်သူ၊ တန်းတူသူနှင့် မိမိထက် ပို၍ ရဲရင့်သူတို့ကို နည်းအမျိုးမျိုးဖြင့် အောင်ရပေသည်။ နည်းအမျိုးမျိုးသုံး၍ မိမိက အနိုင်ယူနိုင်မှသာ မိမိအတွက် အကျိုးရှိမည်။

**Explanation:** The one superior to him, the one inferior, the one of equal status, and the brave one: all these persons can be overcome by various ways of approach. Thus you will be the winner and get the benefit.

* * *

(၆၁) လောက၌ အဆိပ်ကို အဆိပ်ဟူ၍ မဆိုကုန်။ သံဃာ၏ ဥစ္စာကို အဆိပ်ဟူ၍ ဆိုအပ်၏။ အဆိပ်သည် တစ်ကြိမ်သာလျှင် သတ်တတ်၏။ သံဃာ၏ဥစ္စာသည်ကား အကြိမ်ကြိမ် အဖန်ဖန် သတ်တတ်၏။

(61) In this world, poison is really not poison. The real poison is the wealth belonging to a monk.

http://www.dhammadownload.com



Ordinary poison kills a person only once. The poison which is the monk's wealth, kills him over and over again.

ရှင်းချက်။ ။ သာမန်အဆိပ်သည် လူကို တစ်ကြိမ် တစ်ခါသာ သေစေနိုင်သည်။ ရဟန်း၏ ပစ္စည်းဥစ္စာ ဟူသောအဆိပ်သည် (သံသရာ၌) အကြိမ်ကြိမ် သေစေ၏။

**Explanation:** Ordinary poison kills many only once. The poison which is a monk's possessions kills him many times (in the course of the cycle of existances).

* * *

(၆၂) လျင်မြန်ခြင်းဖြင့် မြင်းကောင်း ကျေးဇူးကို သိကုန်၏။ လေးလံသောဝန်ကို ရွက်ဆောင်သဖြင့် နွားကျေးဇူးကို သိကုန်၏။ နို့ညှစ်ခြင်းဖြင့် နို့ထွက်နွားမ၏ ကျေးဇူးကို သိကုန်၏။ ကြံစည်လျှို့ဝှက်ရာ၌ ပြောဆိုနိုင်ခြင်းဖြင့် ပညာရှိကျေးဇူးကို သိကုန်၏။

(62) The worth of a good horse can be determined by its speed. The usefulness of an ox can be seen from its capacity to carry heavy burdens.

http://www.dhammadownload.com



The value of a milch cow can be assessed by its milk-giving. A wise man's intellect can be guaged from his ability to explain intricate thoughts.

ရှင်းချက်။ ။ အရာရာမှာဖြစ်စေ၊ ပုဂ္ဂိုလ်အသီးသီးမှာဖြစ်စေ တန်ဖိုးရှိကြ၏။ ယင်းတန်ဖိုးကို စွမ်းရည်ဖြင့် ချင့်ချိန်၍ သတ်မှတ်နိုင်သည်။ တန်ဖိုးဖြတ်ရာ၌ သက်ဆိုင်ရာ၏ ထူးခြားသော စွမ်းရည်ကို ကြည့်၍ ဖြတ်သင့်သည်။

**Explanation:** The worth of anything or any person can be determined by its capacity or his ability. Evaluation should be made by scanning the special quality concerned.

* * *

(၆၃) သူတော်ကောင်းတို့၏ဥစ္စာသည် အနည်းငယ်သော်လည်း တွင်း၀၌ ရေကဲ့သို့ သူတစ်ပါးတို့ မှီခိုရာ၏။ သူတော်ကောင်း မဟုတ်သော သူတို့၏ ဥစ္စာသည်များသော်လည်း သမုဒ္ဒရာ၌ ရေကဲ့သို့ သောက်ချိုးရာမှီရာ မရ။

(63) The wealth of the virtuous, though meager. can be depended upon by many, like the water

http://www.dhammadownload.com



from the well. The wealth of the vicious, though much, can benefit none, like the water in the ocean.

ရှင်းချက်။ ။ သူတော်ကောင်းတို့သည် စေတနာထက်သန်သည့်အလျောက် သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲကြသည်။ လူအများက သူတို့၏ ဒါနအကျိုးကို ခံစားကြရ၏။ သူတော်ကောင်း မဟုတ်သူတို့သည် တစ်ကိုယ်ကောင်းသဘောရှိသောကြောင့် သူတို့မှာ ပစ္စည်းဉစ္စာများသော်လည်း တွန့်တို၏။ ထို့ကြောင့် သမုဒ္ဒရာမှ ရေကို မည်သူမျှ သောက်သုံး၍ မရသကဲ့သို့ မည်သူမျှ အကျိုးမခံစားကြရချေ။

**Explanation:** The virtuous are cheritable, so they give away what little they have. The non-virtuous persons are selfish, so they are reluctant to give away anything although they have much, just like the water in the ocean which cannot enjoyed by anyone.

* * *

(၆၄) ရေကို မြစ်တို့သည် မသောက်ကုန်။ သစ်ပင်တို့သည် အသီးကို မစားကုန်။ မိုးသည် အချို့သောအရပ်

http://www.dhammadownload.com



တို့၌ မရွာကုန်။ သူတော်ကောင်းတို့၏ ဥစ္စာသည်လည်း သူတစ်ပါးတို့ အကျိုးမှာသာတည်း။

(64) Rivers do not drink water. Trees do no eat fruit. Rain does not fall in some places. The wealth of the virtuous is for the good of all others.

ရှင်းချက်။ ။ မြစ်က ရေကို မသောက်၊ သစ်ပင်က သစ်သီးကို မစား။ မိုးက အချို့နေရာများမှာ မရွာ။ ထိုနည်းအတူ သူတော်ကောင်းတို့သည် သူတို့၏ပစ္စည်းဥစ္စာများကို သူတို့ချည်းမသုံးဘဲ အများအကျိုးအတွက် လှူတန်းပေးကမ်းသည်။

**Explanation:** Just as rivers do not drink their water, trees do not eat their fruit, rain does not fall in all places, so also the virtuous do not enjoy their wealth all by themselves. They give it in charity for the benefit of others.

* * *

(၆၅) မတောင့်တအပ်သည်ကို မတောင့်တရာ။ မကြံအပ်သည်ကို မကြံရာ။ တရားသဘောနှင့် ကောင်းစွာ ယှဉ်သူတို့သာ ကောင်းစွာ ကြံရာ၏။ အချည်းနှီးသော ကာလကို အလိုမရှိရာ။

http://www.dhammadownload.com



(65) Do not crave for what should not be desired. Do not ponder upon what should not be considered. Think upon what is consistent with the Law. Do not waste your time.

ရှင်းချက်။ ။ မရနိုင်တာကို တောင့်တလျှင် စိတ်ဆင်းရဲခြင်းသာ အဖတ်တင်မည်။ မကြံစည်အပ်တာကို ကြံစည်လျှင် ဦးနှောက်ခြောက်ရုံသာ ရှိမည်။ တရားဓမ္မနှင့် ဆက်စပ်သော အတွေးမျိုးကိုသာ တွေးပါ။ အချိန်မဖြုန်းပါနှင့်။ အချိန်သည် အဖိုးတန်သည်။

**Explanation:** Do not long for things that cannot be obtained. Do not contemplate what cannot be thought up, thus making your brain "run dry" . Do not waste your time. Time is precious.

* * *

(၆၆) မကြံဘဲနှင့်လည်း ဖြစ်တတ်၏။ ကြံသော်လည်း ပျက်တတ်၏။ ထိုစကားသည် သင့်စွ။ မိန်းမအား လည်းကောင်း၊ ယောကျ်ားအားလည်းကောင်း၊ စည်းစိမ်တို့သည် ကြံတိုင်းလည်း မပြီးကုန်။

(66) Things happen though not planned. Though planned, things go away. That is the truth. Men

http://www.dhammadownload.com



or women do not succeed in obtaining wealth every time they try.

ရှင်းချက်။ ။ မကြံစည် မကြိုးစားပါဘဲလျက် ဖြစ်ချင်ရာ ဖြစ်လာတတ်သည်။ ကြံစည်ကြိုးစားသော်လည်း မဖြစ်ချင်လျှင် မဖြစ်။ ကိုးရိုးကားရား ဖြစ်သွားတတ်သည်။ လောကမှာ ယင်းသည် ဓမ္မတာ ဖြစ်၏။

**Explanation:** Though not planned and tried, things happen by themselves. Plans made and tried do not produce the desired results. Things are apt to go away. That is natural in this world.

* * *

(၆၇) အကြင်သူသည် သူတော်မဟုတ်သောသူအား ချစ် အပ်သည် ဖြစ်၏။ သူတော်ကောင်းကို ချစ်ခြင်းကို မပြု။ မသူတော်တို့၏ တရားကိုသာလျှင် နှစ်သက်၏။ ထိုသူ၏ ထိုအမူအကျင့်သည် ပျက်စီးအပ်သည်၏ အကြောင်းတည်း။

(67) The person loves the person who is not virtuous and does not love the virtuous person, and is pleased with the teachings of the vicious people. That person's action is the cause of his ruin.

http://www.dhammadownload.com



ရှင်းချက်။ ။ မသူတော်နှင့် ပေါင်းဖက်ပြီး မသူတော်တို့ စကားကိုသာ နှစ်သက်လိုက်နာသူသည် ပျက်စီးမည်သာ ဖြစ်သည်။

**Explanation:** The person who associates with the wicked and listens to the words of the vicious, will go to ruin.

သူတော်ကောင်းတို့ကို ဆိုရာ၊
အခန်းသည်
ပြီးပြီ။

**The chapter on**

**"The Good Man"**

**ends.**

❋ ❋ ❋

http://www.dhammadownload.com

# အခန်း (၃)

## မာလဒုဇနကဏ္ဍ

## သူမိုက်သူယုတ်တို့ကို ဆိုသောအခန်း

## Chapter (3)

## On "The Bad Man"

(၆၈) သူယုတ်ကို အလွန်ချစ်အပ်သည်ကို မပြုအပ်။ ဦးခေါင်းဖြင့် ရွက်ဆောင်အပ်သော်လည်း မပြည့်သော ရေရှိသောအိုးကဲ့သို့ အုတ်အုပ်ကျက်ကျက်ကိုပြုတတ်၏။

(68) Do not be so loving to the wicked person. The pot, carried on one's head, not being full of water, is unstable on the head.

ရှင်းချက်။ ။ မပြည့်သောအိုး ဘောင်ဘင်ခတ်ဆိုသလို မတည်ငြိမ်သော လူယုတ်မာကို မေတ္တာများစွာ မထား

http://www.dhammadownload.com



သင့်ပေ။ လူယုတ်မာသည် သမာဓိမရှိသောကြောင့် မိမိအပေါ်တွင် သစ္စာမရှိဘဲ သူ့အလိုမကျလျှင် ရန်ပြုတတ်သည်။

**Explanation:** "The not-full water pot makes a rocking sound", goes a saying. One should not give his love and kindness to a wicked person. The vicious one is not serene and steady; he may betray and do harm if he is not satisfied.

* * *

(၆၉) မြွေသည် အမျက်လွန်၏။ သူယုတ်သည်လည်း အမျက်လွန်၏။ မြွေထက် သူယုတ်သည်ကား အမျက်လွန်၏။ ထိုမြွေကိုကား မန္တယားဆေးဝါးတို့ဖြင့် ငြိမ်းစေနိုင်၏။ သူယုတ်ကိုကား အဘယ်မည်သောဆေးဖြင့် ငြိမ်းစေနိုင်အံ့နည်း။

(69) The snake has an excess of anger. So does the wicked person; even more furious than the snake. The snake can be subdued by charm and drug. How can one subdue the wicked? Which drug could do it?

http://www.dhammadownload.com



ရှင်းချက်။ ။ သူယုတ်သည် မြွေထက် ပို၍ ဒေါသ ပြင်းထန်၏။ မြွေကို ဆေးဝါးမန္တာန်တို့ဖြင့် နှိပ်ကွပ်နိုင်သည်။ သူယုတ်ကို မည်သည့်ဆေးဝါးဖြင့်မျှ နှိပ်ကွပ်နိုင်မည် မဟုတ်ချေ။ သူယုတ်သည် အမြဲပင် အန္တရာယ်ပြုနိုင်သည်။

**Explanation:** The wicked is more harmful than the snake. The snake can be subdued by drug and charm, but no drug can subdue the wicked who can always do harm.

* * *

(၇၀) အကြင်လူမိုက်သည် မိမိမိုက်သောအဖြစ်ကို သိ၏။ ထိုသို့ သိခြင်းကြောင့် ထိုသို့ မိုက်သောသူဖြစ်လျက်လည်း ပညာရှိမည်၏။ အကြင်လူမိုက်သည်ကား မိုက်လျက်လျှင် မိမိကိုယ်ကို ပညာရှိဟု ထင်၏။ ထိုသူမိုက်သည်သာလျှင် စင်စစ်သူမိုက်ဟူ၍ ဆိုအပ်၏။

(70) The foolish person who knows his foolishness is said to be a wise person. However, the foolish person who thinks himself as a wise man inspite of his foolishness, must be said to be a real foolish man.

http://www.dhammadownload.com



ရှင်းချက်။ ။ မိုက်သူက မိုက်မှန်းသိလျှင် ပညာရှိဟု ခေါ်ဆိုနိုင်သည်။ အကြောင်းမှာ သူသည် ဆက်၍မမိုက်တော့ဘဲ ပြုပြင်၍ လူလိမ္မာ ဖြစ်နိုင်သည်။ အကယ်၍ လူမိုက်က လူမိုက်ဖြစ်ပါလျက် သူ့ကိုယ်သူ လူလိမ္မာဟု ထင်နေလျှင် သူ၏အမိုက်ရောဂါ မပျောက်ဘဲ လူမိုက် အစစ် ဖြစ်ချေသည်။

**Explanation:** A foolish man who knows his foolishness can be called wise because he will mend his ways and become a wise man. On the other hand, a foolish man who inspite of his foolishness thinks himself a wise man will not reform, and so will remain a real fool.

* * *

(၇၁) သူမိုက်သည် အကြင်မျှလောက် မိမိပြုသော မကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက် ပျားရည်ကဲ့သို့ အောက်မေ့တတ်၏။ အကြင်အခါ၌ကား မိမိပြုသော မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲခြင်းသို့ ရောက်၏။

(71) The fool thinks that his misdeed, which has yet to produce the results, is as sweet as honey.

---

http://www.dhammadownload.com



When his misdeed gives him due results, only then he will get into trouble.

ရှင်းချက်။ ။ သူမိုက်သည် သူ့မကောင်းမှု အကျိုး မခံစားရသေးခင်မှာ ကောင်းလှပြီ၊ ပျားရည်သို့ ချိုသည် ဟု ထင်၏။ မကောင်းမှု အကျိုးပေးသောအခါမှသာ ဒုက္ခရောက်လေတော့သည်။

**Explanation:** The fool thinks his evil deeds are good as honey when the consequences of his deeds have not yet come to him; but when they come he will become miserable.

* * *

(၇၂) သူမိုက်သည် ကိုယ်အားရှိမူ မကောင်း။ အနိုင် အထက် သူ၏ဥစ္စာကိုရအောင် ယူတတ်၏။ ပညာနည်း သော ထိုသူမိုက်သည် ကိုယ်ခန္ဓာပျက်သည်မှ နောက်၌ ငရဲသို့ ရောက်တတ်၏။

(72) If the fool has physical strength, it is not good. He is likely to rob others of their property. The fool who has little education goes to hell when his body perishes.

http://www.dhammadownload.com



ရှင်းချက်။ ။ သူမိုက်သည် သူ့ခန္ဓာကိုယ်အင်အားကို သူတစ်ပါးပစ္စည်းကို လုယူရန် အသုံးပြုတတ်သည်။ သူ သေသောအခါ သူ့အင်အား ပျောက်ကွယ်သွားပြီးလျှင် နောင်ဘဝတွင် ငရဲကျခြေသည်။

**Explanation:** The fool uses his physical strength to plunder others' property. When he dies his strength disappears and in his after-life he falls into hell.

(၇၃) အိမ်၌ ဖျက်ဆီးတတ်သည်ကား ကြွက်တည်း။ တော၌ ဖျက်ဆီးတတ်သည်ကား မျောက်တည်း။ ငှက်၌ ဖျက်ဆီးတတ်သည်ကား ကျီးတည်း။ လူ၌ ဖျက်ဆီး တတ်သည်ကား ပုဏ္ဏားတည်း။

(73) In the house, rat destroys things. In the forest, monkey is destructive. Among birds, the crow is destructive. Among people, the destructive person is the *brahmin.*

ရှင်းချက်။ ။ ရှေးခေတ်က ပုဏ္ဏားသည် များသော အားဖြင့် ဘုရင့်အတိုင်ပင်ခံ ဖြစ်သည်။ စိတ်ထားယုတ် ညံ့သောပုဏ္ဏားသည် သူတစ်ပါးပျက်စီးခြင်းငှာ ဘုရင့်ထံ

http://www.dhammadownload.com



တွင် ကုန်းတိုက်တတ်သည်။ ဇာတ်နိပါတ်များတွင် ပုဏ္ဏားသည် လူဆိုးအခန်းမှာ သရုပ်ဆောင်ရသည်။

**Explanation:** In the days of old, the brahmin was usually a king's counsellor. The *brahmin* with an evilmind tried to set his enemy against the king by telling tales. In *jattakas* and tales, the brahmin has to take the role of a villain.

* * *

(၇၄) နိုးကြားသောသူအား ညဥ့်သည်ရှည်၏။ ခရီးပန်းသောသူအား တစ်ယူဇနာခရီးသည် ရှည်၏။ သူတော်ကောင်းတရားကို မသိကုန်သောသူမိုက်အား သံသရာသည် ရှည်၏။

(74) To the wakeful person the night is long. To the tired traveller one league is a long distance. To the fool who does not know the doctrine of the virtuous, the *samsara* (cycle of existences) is a long duration.

ရှင်းချက်။ ။ အတိုင်းအတာကာလတို့သည် ခံယူသော ပုဂ္ဂိုလ်၏ စိတ်သဘောထားကို လိုက်၍ ရှည်သည်တိုသည် ဖြစ်၏။ အိပ်မပျော်သူအဖို့ ညသည် ကာလ

http://www.dhammadownload.com



ရှည်ကြာသည်။ ခရီးပန်းသူအဖို့ ခရီးမကွာဝေးလှသော်လည်း ကွာဝေးသည်ဟု ထင်သည်။ မသူတော်တို့အဖို့ သံသရာမှ မလွတ်နိုင် သည့်အလျောက် သံသရာရှည်လေသည်။

**Explanation:** The distance or the duration is long or short in accordance with the attitude of the person concerned. The wakeful one finds the night too long (for he has to spend the night without sleep). To the tired traveller even a short distance seems too long (because he is too weak to walk any longer). The foolish one who has not the attributes of a virtuous person has to roll around the unending *samsara*.

* * *

(၇၅) ယုတ်သော သဘောရှိသောသူသည် သူတစ်ပါးတို့၏ နှမ်းစေ့ခန့်မျှသာရှိသော အနည်းငယ်သော အပြစ်ကိုသာလျှင် မြင်တတ်၏။ အုန်းသီးလောက်ရှိသော မိမိအပြစ်ကိုကား မမြင်တတ်။

(75) Evil-minded person sees other's fault, however small as a sesamum seed, but does not see his own fault which is as big as a coconut.

http://www.dhammadownload.com



ရှင်းချက်။ ။ စိတ်ရင်းမကောင်းသူသည် သူတစ်ပါး အပြစ် မည်မျှပင်သေးစေကာမူ မြင်တတ်၏။ သူ့အပြစ် မည်မျှပင်ကြီးပါသော်ငြားလည်း သူ မမြင်တတ်ချေ။ တစ်ကိုယ်ကောင်းသမားတို့၏ သဘာဝပင် ဖြစ်၏။ သူ တစ်ပါးအပြစ်ကလေးကို အကျယ်ချဲ့တတ်သည်။ သူ့ အပြစ်ကို အတိုချုံးတတ်သည်။

**Explanation:** The person of evil mind sees other's fault however small, and fails to see, or ignores, his own however serious. It is the nature of evilminded persons. Such persons can enlarge other's faults and makes little of their own.

* * *

(၇၆) ပညာရှိသော သူသည် မိမိ၏အပြစ်ကို သူတို့ကို မသိစေရာ။ သူတစ်ပါး၏ အပြစ်ကိုကား သိအောင်ပြုရာ ၏။ အဘယ်ကဲ့သို့နည်းဟူမူကား လိပ်တို့သည် ခြေလက် ခေါင်းတို့ကို လျှို့ဝှက်ကုန်သကဲ့သို့ မိမိအပြစ်ကို လျှို့ဝှက် ရာ၏။ သူတစ်ပါးတို့ အပြစ်ကိုလည်း မှတ်ရာ၏။

(76) The wise man should not make his fault known to others while he takes notice of other's faults; just as a tortoise hides its limbs. He should learn a lesson from other's faults.

http://www.dhammadownload.com



ရှင်းချက်။ ။ လိမ္မာသောသူသည် မိမိ၏ အပြစ်အနာ အဆာတို့ကို သူတစ်ပါးတို့အား မသိစေဘဲ လျှို့ဝှက်ထား သည်။ သူတစ်ပါးတို့ သိလျှင် သူတို့မှာ အကုသိုလ်ဖြစ် နိုင်သည်။ သို့သော် သူတစ်ပါးတို့၏ အပြစ်အနာအဆာ တို့ကို သိအောင်လုပ်၍ သခ်ိန်းစာယူသင့်သည်။ လိပ် သည် ခြေလက်ခေါင်းတို့ကို သိုသိုသိပ်သိပ် ထားသကဲ့သို့ ပင်။

**Explanation:** The wise man conceals his defects, or others will probably think ill about him, thus getting themselves involved in sin. However, he should try to discover other's faults and take note of them in order to learn a lesson about life.

* * *

(၇၇) လူမိုက်သည် ပညာရှိအား ချီးမွမ်းခြင်းဖြင့် ဒဏ်ကို ပေးသည်မည်၏။ ပညာရှိကို ပညာရှိသည်သာလျှင် ချီးမွမ်းခြင်းသည် ကောင်းစွာ ချီးမွမ်းခြင်းမည်၏။

(77) When a fool praises a wise man, such praise amounts to punishment for the latter. Only when a wise man praises another, it is a genuine praise.

http://www.dhammadownload.com



ရှင်းချက်။ ။ သူမိုက်က ပညာရှိကို ချီးမွမ်းခြင်းမှာ ချီးမွမ်းနိုင်စွမ်း မရှိသူက ချီးမွမ်းခြင်းမျှသာဖြစ်သဖြင့် အပြစ် ဆိုခြင်းတစ်မျိုး ဖြစ်ချေသည်။ ပညာရှိကို ပညာရှိက ချီးမွမ်း မှသာ ထိုက်တန်သော ချီးမွမ်းခြင်း ဖြစ်ပေမည်။

**Explanation:** A fool's praise of a wise man is a sort of punishment, because the fool has no ability to appraise the worth of a wise man. Only if a wise man praises another wise man, is a worthy praise.

* * *

(၇၈) လိုချင်တပ်မက်ခြင်းရှိသောသူကို တန်စိုးလက်ဆောင်ပေးခြင်းဖြင့် ယူရာ၏။ မာနခက်ထန်သော သူကို လက်အုပ်ချီသဖြင့် ယူရာ၏။ သူမိုက်ကိုကား အလိုသို့ လိုက်သဖြင့် ယူရာ၏။ ပညာရှိကို အဟုတ်အမှန်ဆိုသဖြင့် ယူရာ၏။

(78) One should win over the greedy person by given him bribes. The arrogant one should be won over by giving him deep respects. The fool should be won over by giving him concessions. The wise man should be won over by telling the truth.

http://www.dhammadownload.com



ရှင်းချက်။ ။ လူတို့၏ စရိုက်သဘာဝကို လိုက်၍ ကျင့်သုံးတတ်လျှင် အားလုံးနှင့် သင့်မြတ်ပေမည်။

**Explanation:** All people could be properly treated if one acts according to their respective characteristic attitudes and behaviours.

**ဗာလဒုဇ္ဇနကဏ္ဍ**
**သူမိုက်သူယုတ်တို့ကို ဆိုသောအခန်းသည်**
**ပြီးပါပြီ။**
**The chapter on**
**" The Bad Man"**
**ends.**

❋ ❋ ❋

http://www.dhammadownload.com

# အခန်း (၄)

## မိတ္တကဏ္ဍ

## ခင်ပွန်းကိုဆိုရာ အခန်း

# Chapter (4)

## on "Friendship"

(၇၉) စီးပွားကို ဆောင်သည်ရှိသော် သူတစ်ပါးသည်လည်း အဆွေမည်၏။ စီးပွားကို မဆောင်မူ အဆွေသည်လည်း သူတစ်ပါးမည်၏။ အနာသည် ကိုယ်၌ဖြစ်လျက် စီးပွားကို မဆောင်လေ။ ဆေးကား တော၌ဖြစ်လျက် စီးပွားကို ဆောင်လေသလျှင်ကတည်း။

(79) The person who offers benefit is to be regarded as one's friend. If a friend does not offer benefit, he is regarded as a stranger. A disease which occurs in the body does not offer benefit. but the medicinal herb in the forest offers a cure.

http://www.dhammadownload.com



ရှင်းချက်။ ။ မိမိအကျိုးဆောင်သူသည် မိမိ၏အဆွေခင်ပွန်း ဖြစ်သည်။ အကျိုးမဆောင်သူသည် သူစိမ်းမျှသာဖြစ်သည်။ ရောဂါသည် မိမိ၏ကိုယ်ထဲမှ ပေါ်ပေါက်လာသော်လည်း မိမိကို အကျိုးမပြု။ အန္တရာယ်သာ ဖြစ်စေသည်။ တောမှရသော သစ်ဥသစ်ဖုတို့သည် ဆေးဝါးအဖြစ် အနာကို ကုပေး၍ အကျိုးပေးပေသည်။

**Explanation:** The person who does a good turn to one, becomes one's friend. The friend who does not do anything for one's benefit remains a stranger. Disease arises in one's body and does harm. The medicinal herb obtained from the forest cures the disease, thus giving benefit to him.

* * *

(၈၀) မျက်ကွယ်၌ ကျေးဇူးကို ချေတတ်သော၊ မျက်မှောက်၌ ချစ်ဖွယ်သော စကားကို ဆိုတတ်သော ထိုသို့သဘောရှိသော အဆွေခင်ပွန်းကို အဆိပ်အိုး၌ ပျားကို ကြဉ်ရာသကဲ့သို့ ကြဉ်ရာ၏။

(80) A person who speaks ill of one behind one's back, and talks lovingly in one's presence should be avoided as the bee shuns the pot of poison.

http://www.dhammadownload.com



ရှင်းချက်။ ။ မိတ်ဆွေတုသည် ရှေ့တွင် တစ်မျိုး နောက်ကွယ်တစ်မျိုး ပြောတတ်သည်။ ထိုသူသည် မိတ်ဆွေမဟုတ်။ အတွင်းရန်သူ ဖြစ်သည်။ ရှောင်ကြဉ် အပ်၏။ အဆိပ်အိုးကို ပျားကရှောင်သကဲ့သို့ပင်။

**Explanation:** The fake friend speaks well in one's presence and speaks ill in his absence. Such a person is not a genuine friend. He is an internal enemy. He should be shunned, just as the bee avoids the poison pot.

* * *

(၈၁) ဥစ္စာတည်းယုတ်မူကား အဆွေခင်ပွန်းသည် စွန့်တတ်၏။ သားမယားတို့သည် လည်းကောင်း၊ ညီသား အစ်ကိုတို့သည် လည်းကောင်း စွန့်တတ်ကုန်၏။ ဥစ္စာရှိသောသူတို့ကိုသာလျှင် မှီဝဲကုန်၏။ ထို့ကြောင့် ဥစ္စာသည်သာလျှင် လောက၌ ခင်ပွန်းကြီးတည်း။

(81) If one is deprived of wealth, his friend leaves him, so do his son and wife, so, too, do his brothers. However, they all associate with the one who has wealth. Therefore, only wealth is one's great friend.

http://www.dhammadownload.com



ရှင်းချက်။ ။ ရွှေရှိမှ မျိုးတော်ချင်တယ်ဟူသော စကား ရှိသည်။ ဥစ္စာရှိသူကို သားမယား ညီအစ်ကို စသည့် ဆွေမျိုးတို့က ချဉ်းကပ်ကြသည်။ ဥစ္စာမရှိသူကို ရှောင် ကြသည်။ ဥစ္စာသည်သာလျှင် မိမိ၏ ဆွေမျိုးကြီးဖြစ် သည်။

**Explanation:** " People want to claim themselves as one's relatives if one has gold", goes a saying. If one is wealthy all relatives approach him, but when he becomes poor, they leave him.

* * *

(၈၂) လောက၌ ကျွန်သူခစားကို စေပါးခိုင်းခန့်မှသာ လျှင် ကောင်းမကောင်း သိရာ၏။ ဆွေမျိုးတို့ကိုလည်း ဘေးရောက်သောအခါ၌ သိရာ၏။ အဆွေခင်ပွန်းကို ဥစ္စာနည်းသောအခါ သိရာ၏။ မယားကိုလည်း စည်းစိမ် ကုန်မှသာလျှင် သိရာ၏။

(82) In this world, a servant's true worth can be seen when he is assigned a duty; that of a relative when one is in danger; that of a friend when one's wealth wanes; and that of one's wife when one is reduced to poverty.

http://www.dhammadownload.com



ရှင်းချက်။ ။ အစေခံကို ခိုင်းကြည့်မှ အကြောင်းသိနိုင်သည်။ ဆွေမျိုးအကြောင်းကို မိမိအခက်အခဲကြုံမှသိမည်။ မိတ်ဆွေအကြောင်းကို မိမိမှာ စီးပွားကျမှ သိမည်။ မယားအကြောင်းကို မိမိမွဲသွားမှ သိမည်။ သာမန်အခြေအနေမှာ ကောင်းသော်လည်း အရေးကြုံမှ နဂိုသဘောကို သိနိုင်ပေမည်။

**Explanation:** A sevant's true worth can be seen only when assigned to a duty. When in difficulty one can see if a relative is dependable. When one's income is less, the true nature of a friend can be seen. One can know whether or not one's wife is good when one becomes poor.

* * *

(၈၃) အကြင်သူသည် အစီးအပွား၌ ယှဉ်စေတတ်၏။ ထိုသူသည် အဆွေခင်ပွန်းမည်၏။ အကြင်သူသည် ကျွေးမွေးတတ်သည် ဖြစ်၏။ ထိုသူသည် မိဘမည်၏။ အကြင်သူသည် ချစ်ကျွမ်းဝင်၏။ ထိုသူသည် ခင်ပွန်းမည်၏။ အကြင်သူသည် နှလုံးငြိမ်း၏။ ထိုသို့ ငြိမ်းစေတတ်သော သူသည် မယားမည်၏။

http://www.dhammadownload.com



(83) The person who helps one to prosper, is one's true friend. The persons who look after one are one's parents. The person who has affection for one is her husband. The woman who has a good heart and renders peace to one, is his wife.

ရှင်းချက်။ ။ မိတ်ဆွေကောင်းသည် မိမိအားစီးပွား တက်စေရန် ကူညီသည်။ မိမိအား ကျွေးမွေးစောင့် ရှောက်သူသည် မိမိ၏မိဘများ ဖြစ်၏။ မိမိအား ချစ်ခင် မြတ်နိုးသူသည် မိမိ၏လင်သား ဖြစ်၏။ မိမိအား စိတ်ချမ်းသာမှု ဖြစ်စေသော သဘောရှိသူသည် မိမိ၏ မယားဖြစ်ပေသည်။ မိတ်ဆွေကောင်း မိဘကောင်း လင် ကောင်း မယားကောင်းတို့ အကြောင်းကို ဆိုသည်။

**Explanation:** A good friend helps one to become prosperous. One's parents are those who look after him. One's husband gives her affection. One's wife makes his life peaceful and happy. This is about good friends, good parents, good husbands and good wives.

* * *

(၈၄) ရန်သူနှင့်လည်း အကျွမ်းမဝင်ရာ။ အဆွေခင်ပွန်း နှင့်လည်း အကျွမ်းမဝင်ရာ။ အဆွေခင်ပွန်းသည်

http://www.dhammadownload.com



အမျက်ထွက်လတ်သော် ခပ်သိမ်းသော အပြစ်ကိုထင်ရှားပြုသ၏။

(84) Do not get too intimate with enemy nor with friend. Sometimes when a friend gets angry, he is apt to show up all the faults one has.

ရှင်းချက်။ ။ ရောလွန်း ရင်းနှီးခြင်းသည် မကောင်းပေ။ ရန်သူနှင့် မရောနှင့်။ အထူးဆိုစရာ မရှိပေ။ မိတ်ဆွေနှင့်လည်း မရောလွန်းနှင့်ဟု ဆိုရပေမည်။ ရောလွန်းလျှင် တစ်ခါတစ်ရံ မိမိကို စိတ်ဆိုးသည့်အခါ မိမိ၏အပြစ်တို့ကို ဖော်တတ်သည်။ ငယ်ကျိုးငယ်နာ ပြောတတ်သည်။

**Explanation:** Intimacy is not good. One should not get intimate with the enemy. This is out of the question. But we must warn that one should not get too intimate with a friend. That friend when he gets angry will reveal all one's blemishes.

* * *

(၈၅) အကြွင်သူသည် ခင်ပွန်းနှင့် တစ်ကြိမ် အမျက်ထွက်ဖူး၏။ ထိုသူသည် တစ်ဖန်စေ့စပ်ခြင်းငှာ အလိုရှိ

http://www.dhammadownload.com



ပြောအုံ့။ ကိုယ်ဝန်သည် အသယ်ထိုရ်မြင်းကို ဖွားအုံ့သော မြင်းမကဲ့သို့ သေမင်းနိုင်ငံသို့ ဆောင်၏။

(85) The person who is angry with his friend for once wants to get reconciled. He will come to grief like the mare which gives birth to a stallion.

ရှင်းချက်။ ။ မိတ်ဆွေအဖြစ် ရင်းနှီးသည့်အလျောက် တစ်ယောက်အကြောင်း အကောင်းအဆိုး သိနေကြသည်။ ထိုသို့ နေရာမှ တစ်ခါ၌ရန်ဖြစ်ကြ၏။ ရန်ဖြစ်သောအခါ ဒေါသအလျောက် ငယ်ကျိုးငယ်နာအားလုံး ဖော်ထုတ် ပြောဆိုမိသဖြင့် စိတ်နာသွားကြသည်။ ထို့နောက် တစ်ယောက်က ပြန်လည်ပေါင်းသင်းလို၍ စေ့စပ်စေသည်။ စေ့စပ်၍ ပြန်လည် ပေါင်းသင်းသော်လည်း အသည်းနာခြင်း ရှိနေသည်။ ပြောလိုက်ဆိုလိုက်သည်တို့ကို မေ့မပစ်နိုင်ဖြစ်လေရာ နောက်တစ်ကြိမ် ပြန်၍ ရန်ဖြစ်သည်ဆိုလျှင် ယခင်ကထက်ပို၍ ဆိုးချေမည်။ တုတ်တပြက် ဓားတပြက်ဖြစ်ကာ သေဆုံးသည် အထိ အခြေအနေဆိုးနိုင်သည်။ မြင်းမသည် အသယ်တိုရ်ဟုခေါ်သော မြင်းလားကြီးကို မွေးရသဖြင့် မွေးပြီးနောက် သေရသကဲ့သို့ ပြန်၍ ပေါင်းဖက်ရာမှ ကွဲရသူတို့

http://www.dhammadownload.com



သည် သေရတတ်သည်။ ဤအပိုဒ်ရှိ အဆိုမှာ ထိုသို့ အဖြစ်မျိုးကို ညွှန်းသည်။

**Explanation:** The two friends being intimate know each other's faults and blemishes. One day they fall out and fight. Being very angry, the two fling words revealing each other's blemishes. So both feel hurt. Then when they are reconciled they still harbour the hurt. When they quarrel again they will probably resort to violence, using sticks and swords, thus causing death, like the mare which has to give birth to a stallion (a large and strong horse), at the cost of her life.

* * *

(၈၆) အကြင်မျှလောက် မိမိ၏အကြံကာလသည် မရောက်သေး။ ထိုရွေ့လောက် ရန်သူကိုလျှင် ပခုံးဖြင့် ရွက်ဆောင်ရာ၏။ မိမိ၏ အကြံကာလသည် ပြည့်စုံခြင်းသို့ ရောက်လေပြီးသော် ထိုရန်သူကိုလျှင် ကျောက်၌ ရွက်ဆောင်သော အိုးကိုခွဲသကဲ့သို့ ဖျက်ရာ၏။

(86) One should carry even one's enemy on one's shoulders before one's plan has produced results.

http://www.dhammadownload.com



When the time of success of the plan comes, one should throw the enemy off one's shoulders just as the person carrying a pot on his head dashes it against a rock.

ရှင်းချက်။ ။ အကြံမအောင်မြင်သေးသည့် ကာလမှာ ရန်သူပင် ဖြစ်လင့်ကစား မိမိ၏ပခုံးပေါ်တွင် တင်၍ သယ်ဆောင်သွားရပေမည်။ အကြံအောင်သောအခါ အိုးရွက်လာသူက အိုးကိုပစ်၍ ရိုက်ခွဲသကဲ့သို့ ပခုံးပေါ်မှ ရန်သူကို ပစ်ချလိုက်ရပေလိမ့်မည်။ အကြံမအောင်ခင် သည်းခံအောက်ကျို့ဖို့လိုသည်။ သို့မဟုတ်လျှင် မိမိ၏ အကြံ ပျက်သွားနိုင်သည်။

**Explanation:** Before a plan has proved successful, one should bear the injury from the enemy. When the plan is successful, one can well ignore the enmy's attack. IF one fights before the plan is successful, he can fail.

* * *

(၈၇) မြီကြွင်းသည် လည်းကောင်း၊ မီးကြွင်းသည် လည်းကောင်း၊ ထို့အတူသာလျှင် ရောဂါကြွင်းသည် လည်းကောင်း အဖန်တလဲလဲ ပွားတတ်ကုန်၏။ ထို့ကြောင့် အကြွင်းကို မပြုရာ။

(87) The remaining portion of unpaid debt, thé remnant of fire, so also the still-to-be cured par of a disease, are apt to increase. Therefore, al remnants should not be left behind.

ရှင်းချက်။ ။ ကြွေးအပြေမဆပ်ရဘဲ ကျန်နေလျှင် သော်လည်းကောင်း၊ မီးကြွင်းကျန်ခဲ့လျှင် သော်လည် ကောင်း၊ ရောဂါမကင်းစင်သေးဘဲ ဆက်လက်ကုသရန် ကျန်နေလျှင် သော်လည်းကောင်း ထိုအကြွင်းတို့သည် ပွားတတ်သည်။ ထို့ကြောင့် အကြွင်းမှန်သမျှ ချန်မထာ အပ်ပေ။

**Explanation:** If a portion of debt is left unpaid the amount of debt will grow with time. Som fire left unquenched may develop into a large fir (and burn down the building). If a disease is no completely cured, and something still has to b done, the disease will increase. Therefore, all remnants should nαt be left behind.

* * *

(၈၈) အကြင်သူ၏ မျက်နှာကား ပဒုမ္မာကြာကဲ့သို့ ရွှင် ၏။ ဆိုသောစကားသည်လည်း စန္ဒကူးကဲ့သို့ ချမ်းအေ

http://www.dhammadownload.com



၏။ နှလုံး၌ကား သေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏။ ထိုသို့သော သဘောရှိသောသူကို မမှီဝဲရာ။

(88) A certain man's face is as fresh and cheerful as a *Padomma* lotus, his words are cool and sweet like the sandal- wood, but in his heart is a deadly poison. One should not associate with such a person.

ရှင်းချက်။ ။ အပေါ်ယံကောင်းပြီး အတွင်းကောက်သောသူကို ရှောင်ကြဉ်ရပေမည်။

**Explanation:** The person who is well- meaning on the outside and evil in the inside should be avoided.

* * *

(၈၉) ကြမ်းကြုတ်သော အရှင်ကို မမှီဝဲရာ။ ထိုထက် ဝန်တိုသော အရှင်ကို မမှီဝဲရာ။ ထိုထက် မချီးမြှင့်တတ်သော အရှင်ကို မမှီဝဲရာ။ ထိုထက် နှိပ်စက်တတ်သော အရှင်ကို မမှီဝဲရာသာလျှင်တည်း။

(89) Do not serve a master who is rude. More than that, do not serve a master who is unchari

http://www.dhammadownload.com



table. More so, do not serve a master who is reluctant to honour where honour is due. All the more, do not serve a master who is cruel.

ရှင်းချက်။ ။ ဝန်ထမ်းများကို သတိပေးသော စကားဖြစ်သည်။ မိမိအထက်မှာရှိသည့် ဆရာသမားတို့၏ စိတ်နေစိတ်ထားကို လေ့လာပြီးမှ ဝန်ထမ်းအဖြစ် ဆောင်ရွက်သင့်သည်ဟု ဆိုလိုသည်။ အထက်လူကြီး ဆိုးဝါးယုတ်မာလျှင် လက်အောက်ငယ်သားမှာ စိတ်မချမ်းမသာ ဖြစ်ရသည်။ ဆိုးဝါးပုံကို အဆင့်ဆင့် ဖော်ပြထားသည်။ ကြမ်းကြုတ်သည့်သူ၊ ထိုမှတစ်ဆင့် စေးနဲသူ၊ ထိုမှတစ်ဆင့် ချီးမြှင့်သင့်ပါလျက် ချီးမြှင့်ရမှာ ဝန်လေးသူ၊ နောက်ဆုံးအဆင့်မှာ ရက်စက်ခြင်းနှင့် သက်ဆိုင်သည်။

**Explanation:** This is meant as a warning to servants. If a master is rude or stiny or unwilling to reward for good service, or worst of all, if he is cruel, no one should serve him.

* * *

(၉၀) ဦးချိုရှိသော သတ္တဝါကို အတောင်ငါးဆယ် အရပ်မှ ကြဉ်ရာ၏။ မြင်းကိုကား အတောင်တစ်ရာမှ ကြဉ်ရာ

http://www.dhammadownload.com



၏။ အစွယ်ရှိသော ဆင်ကိုကား အတောင် တစ်ထောင် ကသာလျှင် ကြဉ်ရာ၏။ သူမကောင်းကိုကား အရပ်ကို စွန့်သဖြင့် ကြဉ်ရာ၏။

(90) A horned animal should be avoided at a distance of fifty cubits, a horse at one hundred cubits, a tusker, one thoustand cubits. The wicked man should be avoided by leaving the area where he lives.

ရှင်းချက်။ ။ အန္တရာယ်ရှိသော တိရစ္ဆာန်များကို အဝေးမှရှောင်ရာ၏။ သူယုတ်ကို ရှောင်ရန်မှာ သူနေသောအရပ်မှ မိမိကထွက်ခွာသွား၍ ရှောင်ကြဉ်ရာ၏။

**Explanation:** Dangerous animals should be shunned at respective distances. However, in the case of a wicked man, he should be shunned by leaving the place where he is residing.

* * *

(၉၁) မကောင်းသောအရပ်ကို လည်းကောင်း၊ မကောင်းသော ခင်ပွန်းကို လည်းကောင်း၊ မကောင်းသော အမျိုးကိုလည်းကောင်း၊ မကောင်းသော အဆွေခင်ပွန်းကို

http://www.dhammadownload.com



လည်းကောင်း၊ မကောင်းသော မယားကိုလည်းကောင်း၊ မကောင်းသော ကျွန်ကိုလည်းကောင်း ဝေးစွာရှောင်ကြဉ်ရာ၏။

(91) An unwholesome place, a bad mate, a bad relative, a bad wife and a bad servant: they all should be left at a distance.

ရှင်းချက်။ ။ ရှောင်ကြဉ်အပ်သော ပုဂ္ဂိုလ်များကို စာရင်းလုပ်ပြခြင်း ဖြစ်သည်။ မကောင်းသော ဟူသော နာမဝိသေသနပုဒ်ဖြင့် ဖော်ပြသော်လည်း မည်သို့ မကောင်းကြောင်း မဖော်ပြပေ။ မိမိတို့ ဘာသာ အဓိပ္ပာယ် ဖော်ကြရပေလိမ့်မည်။

**Explanation:** This is a listing of "bad" people. The adjective "bad" is prefixed to the various persons. How are they bad? There is no mention of the manner in which each of them is bad. We must define the term " bad " by ourselves.

* * *

(၉၂) အကြင်ခင်ပွန်းတို့သည် အနာနှိပ်စက်သော ကာလ၌လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးသော ကာလ

http://www.dhammadownload.com



၌လည်းကောင်း၊ စည်းစိမ်ပျက်စီးသော ကာလ၌လည်းကောင်း၊ ရန်သူမိသော ကာလ၌လည်းကောင်း၊ မင်းအိမ်တံခါး၌ လည်းကောင်း၊ သုသာန်တစပြင်၌ လည်းကောင်း တည်ရပ်ပေကုန်၏။ ထိုခင်ပွန်းတို့သည်သာလျှင် ခင်ပွန်းကောင်း မည်၏။

(92) The friends who look after one when one is suffering from a disease, or who contribute food during the time of famine, or who help one in his failing fortune, or who try to bail out when one is captured by the enemy, or who help to defend one when in custody by king's order or who attend the funeral of one's relative, are true friends.

ရှင်းချက်။ ။ မင်းအိမ်၌လည်းကောင်း ဆိုသည်မှာ အစိုးရ၏ ထောင်ထဲသို့ ရောက်နေခြင်းကို ညွှန်းသည်ဟု ဆိုလိုသည်။ မင်းအိမ်ဆိုကာမျှနှင့် ဘုရင်နေသောအိမ်ဟု မယူဆရာ။ အမှုအခင်း ဖြစ်နေသည်ကို ညွှန်းသည်။ သုသာန်တစပြင်သို့ အသုဘပို့ရန်သွားခြင်း ဖြစ်သည်။ သာရေးနာရေးတို့မှာ ကူညီထောက်ပံ့ခြင်းကို ညွှန်း သည်။

**Explanation :** "The king's house" is another *term* for jail. The king's house doesn't mean the royal

http://www.dhammadownload.com



palace. "at the funeral" means attending the funeral. "cemetary" indicates going to cemetary to attend the funeral ceremony of one's relative. In a word, the true friend helps one through thick and thin.

* * *

(၉၃) နှုတ်ခွန်းချိုသော စကားရှိသောသူသည် များသော အဆွေခင်ပွန်းရှိ၏။ ကြမ်းကြုတ်သောသူသည် နည်းသော ခင်ပွန်းရှိ၏။ နေမင်း လမင်းတို့၏ ဥပမာကို ဤနေရာ၌ သိအပ်၏။

(93) The person who speaks sweetly to one and all has many friends. The man of harsh words has few friends. The comparison between the sun and the moon should be considered in the context.

ရှင်းချက်။ ။ နှုတ်ချိုသျှိုတစ်ပါးဟု ဆို၏။ အများနှင့် ဆက်ဆံသောအခါ စကားကို ချိုချိုသာသာ ပြေပြေလည်လည် ပြောတတ်သူကို အများက နှစ်သက်ခင်မင် ကြသည်။ နှုတ်ကြမ်းသူကို မိတ်မဖွဲ့ချင်ကြပေ။ နေမင်းသည် ပူလောင်သော အရောင်ကို ပေးသည်။ လမင်းသည်

http://www.dhammadownload.com



အေးမြကြည်လင်သော အရောင်ကို ပေး၏။ လူတို့သည် လရောင်ကို ခံချင်ကြသည်။ ယင်းဥပမာ အတိုင်းပင်။

**Explanation :** "Sweet words are a cause of popularity," a saying goes. In dealing with many people the person who speaks pleasantly is popular. People are unwilling to make friends with a man of harsh words. People do not want to bask in hot sun's rays. The light of the moon is cool and people are pleased to be exposed to it. That is the best example in this case.

မိတ္တကဏ္ဍ
ခင်ပွန်းကိုဆိုရာအခန်းသည်
ပြီးပြီ။

**The chapter on**

**"Friendship"**

**ends.**

❋ ❋ ❋

http://www.dhammadownload.com

# အခန်း(၅)
# ဣတ္ထိယကဏ္ဍ
# (အမျိုးသမီးတို့ဆိုင်ရာအခန်း)
# Chapter (5)
# "On Woman"

(၉၄) ဥဩတို့၏ အဆင်းကား အသံလျှင်တည်း။ မိန်းမတို့၏ အဆင်းကား လင်ကိုမြတ်နိုးခြင်းတည်း။ မကောင်းသော ရုပ်သဏ္ဌာန်ရှိသောသူ၏ အဆင်းကား အတတ်တည်း။ ရသေ့တို့၏ အဆင်းကား သည်းခံခြင်းတည်း။

(94) The beauty of cuckoos is their voice. The beauty of women is devotedness to their husbands. The beauty of ugly person is education. The beauty of hermits is forbearance.

http://www.dhammadownload.com



ရှင်းချက်။ ။ မိန်းမတို့၏ အဆင်းကား လင်ကို မြတ်နိုး ခြင်း တည်းဟု ဆိုရာ၌ မိန်းမတို့ ဆိုသည်မှာ မယားတို့ ပင် ဖြစ်၏။ မယားဝတ္တရား ကျေပွန်သော မိန်းမသည် ကျက်သရေ ရှိ၏။ မြတ်၏။

**Explanation :** "The beauty of women is devotion to their husbands. "Here "women" stands for "wives". A dutiful wife is graceful and noble.

* * *

(၉၅) မိန်းမတို့၏ ဥစ္စာကား အဆင်းတည်း။ ယောကျ်ား တို့၏ ဥစ္စာသည် အတတ်လျှင်တည်း။ ရဟန်းတို့၏ ဥစ္စာ ကား သီလတည်း။ မင်းတို့၏ ဥစ္စာသည်ကား ရဲမက် ဗိုလ်ပါတည်း။

(95) The wealth of women is beauty. The wealth of men is education. The wealth of monks is the precepts (sila). The wealth of kings is the army.

ရှင်းချက်။ ။ ဥစ္စာသည် အင်အားပင် ဖြစ်သည်။ အား ကိုးရာ ပစ္စည်းပင်တည်း။ မင်း၏တန်ခိုးသည် လက်နက် ကိုင်တပ်များပေါ်တွင် မူတည်သည်။

http://www.dhammadownload.com



**Explanation :** Wealth is one's possession which can be depended upon. The power of a monarch lies in his armed forces.

* * *

(၉၆) ရသေ့ ရဟန်းတို့သည်ကား ကြုံမှသာလျှင် တင့်တယ်ကုန်၏။ ခြေလေးခုရှိသော သတ္တဝါတို့သည်ကား ဆူကုန်မှသာလျှင် တင့်တယ်ကုန်၏။ ယောကျ်ားတို့သည်ကားအတတ်ပညာ ရှိမှသာလျှင် တင့်တယ်ကုန်၏။

(96) It is proper for hermits and monks to be lean. It is proper for four-legged creatures to be plump. It is proper for men to be educated. It is proper for women to be with their husbands.

ရှင်းချက်။ ။ သင့်တင့်လျောက်ပတ်ခြင်းသည် အရေးပါသော အရည်အသွေးတစ်ခု ဖြစ်၏။ မသင့်လျော်ခြင်းသည် မတင့်တယ်။ ရဟန်းသည် အရာရာ၌ ရောင့်ရဲခြင်းရှိမှ တင့်တယ်သည်။ ခြိုးခြံခြင်းကြောင့် ကြုံလှီသောကိုယ်ကာယ ရှိသည်။ ခြေလေးချောင်း သတ္တဝါတို့ကား ဝမှကြည့်ကောင်းသည်။ ယောကျ်ားတို့အဖို့ ပညာရှိမှ တင့်တယ်သည်။ မိန်းမတို့မှာ လင်သားရှိမှ တင့်တယ်သည်။ အိမ်ထောင်ရှိမှ လူရိုသေမည်။

http://www.dhammadownload.com



**Explantion :** Being proper is an important quality. Improper means unbecoming. A monk should be contented and frugal, so he will be of a thin body, and this is proper for ascetics. Four-legged animals must be plump so that they will be liked by people. A man must be educated to be fit for a good position in life. A woman must be married, or she will not get due repects from people.

* * *

(၉၇) တတ်လှစွာသော စောင်းသမားသည် ငါးရက်မျှ စောင်းနှင့် ကင်းမူ ပျက်၏။ တတ်လှစွာသော လေးသမားသည် ခုနစ်ရက်မျှ လေးနှင့်ကင်းမူ ပျက်၏။ တော်မှန်လှစွာသော မယားဖြစ်လျှင်မူလည်း လင်နှင့်တစ်လကင်းမူ ပျက်၏။ တပည့်တို့ကား လခွဲကင်းမူ ပျက်၏။

(97) An accomplished harpist becomes weak in his musical skill if separated from his harp for five days. An expert archer becomes faulty if he is away from his bow and arrow from seven days. A virtuous wife is liable to folly if she is separated from her husband for a month. Pupils would falter in their lessons if they are away from their teahcer for half a month.

http://www.dhammadownload.com



ရှင်းချက်။ ။ ကင်းကွာမှုသည် နဂိုအခြေအနေကို ပျက်ပြားစေတတ်သည်။ စောင်းသမားနှင့် လေးသမား တို့သည် သူတို့၏ စောင်းနှင့်လေးတို့ကို ရက်ကြာကြာ မကိုင်ဘဲနေလျှင် လက်ပျက်တတ်သည်။ မယားကောင်း သည် လင်နှင့်တစ်လမျှ ကွဲကွာလျှင် ဖောက်ပြန်တတ် သည်။ တပည့်တို့သည် ဆရာနှင့် ဝေးနေကြလျှင် သင် ကြားထားသမျှအချို့ကို မေ့ကုန်တတ်ကြသည်။ ယင်း အဆိုတို့သည် ဖြစ်တတ်ခြင်းကိုသာ ပြသည်။ ခြွင်းချက် များ ရှိပေသည်။

**Explanation :** Separation usually makes for a decline from normal situation. Harpist and archer would weaken in their skill if they lacked in their practice for sometime. A virtuous wife would possibly weaken her virtue if separated from her husband for a month. Pupils away from their teacher for half a month might froget some of the lessons. Howerer, there are exceptions.

* * *

(၉၈) ကျွဲကား ညွှန်ရှိမှသာလျှင် မွေ့လျော်၏။ ဟင်္သာ ငှက်သည် ရေကန်ရှိမှသာလျှင် မွေ့လျော်၏။ မိန်းမကား

http://www.dhammadownload.com



ယောကျ်ားရှိမှသာ မွေ့လျော်၏။ ရဟန်းကား တရားရှိမှသာလျှင် မွေ့လျော်၏။

(98) Buffalo takes delight in mire. *Hintha* (brahminy duck) takes delight in the pond. Woman takes delight in her man. The monk takes delight in the **Dhamma.**

ရှင်းချက်။ ။ နှစ်သက်မှုရှိမှ မွေ့လျော်သည်။ ပျော်သည်ဟု ဆိုရမည်။ စိတ်ဝင်စားမှုရှိမှ နှစ်သက်သည်။ နီတိဆရာက ဆိုလိုသည်မှာ သဘာဝအားဖြင့် မွေ့လျော်ခြင်းပင် ဖြစ်၏။

**Explantation :** Delight stems from being pleased. In other words, if one is delighted one becomes happy. Interest precedes pleasure. The author of Niti means to say that such pleasures occur naturally.

* * *

(၉၉) ထမင်းကိုကား အစာကျေမှ ချီးမွမ်းရာ၏။ မယားကိုလည်း အရွယ်လွန်မှ ချီးမွမ်းရာ၏။ ရဲမက်ကိုကား စစ်အောင်၍ပြန်မှ ချီးမွမ်းရာ၏။ ကောက်ကို အိမ်သို့ရောက်မှ ချီးမွမ်းရာ၏။

http://www.dhammadownload.com



(99) Food is to be praised after is digested. The wife should be praised after she has passed her prime. The soldier should be honoured after his successful return from the battle field. The crop should be said to be successful when it arrives at the store-house.

ရှင်းချက်။ ။ မည်သည့်ကိစ္စမဆို မပြီးမြောက်သေးခင် အောင်မြင်ပြီဟု မဆိုသာပေ။ မမျှော်လင့်သော မထင်မှတ်သော အကြောင်းတစ်ခု ပေါ်လာနိုင်သည်။ ထိုအကြောင်းကြောင့် အခြေအနေပြောင်းလဲသွားနိုင်သည်။ ပြီးမြောက်မှသာ အောင်မြင်သည်ဟု သတ်မှတ်ရပေမည်။ နီတိဆရာသည် မိန်းမများကို ဖိ၍ဆိုတတ်သည်။ ယင်းသည် ယောကျ်ားတို့၏ ပင်ကိုသဘောထားဟု ဆိုနိုင်သည်။ သို့သော် ခြွင်းချက်သည် ရှိစမြဲပင်။

**Explanation :** No matter can be said to be successful until it is achieved. It is premature to say that an act is successful until the end is reached. The Niti master is usually critical about women. It is the general attitude of men. However, there are always exceptions.

* * *

http://www.dhammadownload.com



(၁၀၀) နှစ်လင် သုံးလင် ကွာပြီးသော မိန်းမသည်လည်း ကောင်း၊ နှစ်ကျောင်း သုံးကျောင်း ပြောင်းပြီးသော ရဟန်းသည်လည်းကောင်း၊ ကျော့ကွင်းမှ နှစ်ကြိမ် သုံး ကြိမ်လွတ်ပြီးသော ငှက်သည်လည်းကောင်း ပြုအပ် သော မာယာများသည်သာလျှင်တည်း။

(100) The woman who has changed two or three husbands; the monk who has changed two or three monastries; the bird which has escaped from two or three traps; these have played practical tricks.

ရှင်းချက်။ ။ သုံးကျောင်းပြောင်းသော ရှင်၊ သုံးလင် ပြောင်းသော မယားဆိုသော စကားရှိသည်။ မာယာ ကြွယ်သည်ဟု ယူဆကြသည်။ သို့သော် ဤနေရာမှာ လည်း ခြွင်းချက်များ ရှိသည်။ မာယာများသောကြောင့် မဟုတ်ဘဲ မညီညွတ်သော အကြောင်းများလည်း ရှိနိုင် သည်။

**Explanation :** "The monk who changes three monasteries, the woman who changes three husbands", so it is said, are regarded as full of wiles. Here, too, there are exceptions. The monk who is well-intentioned has to change his residence be-

http://www.dhammadownload.com



cause the inmates are lax about the Law. The woman who is earnest about marriage finds the husband bad. So she is obliged to change her rather unstable mate in wedlock.

* * *

(၁၀၁) သူယုတ်ကို ပုတ်ခတ်သဖြင့် ယဉ်စေရာ၏။ မကောင်းသော ခင်ပွန်းကို စကားဆိုမြဲ မဆိုသဖြင့် ယဉ်စေရာ၏။ မကောင်းသော မိန်းမတို့ကို စည်းစိမ်ကို မအပ်နှင်းသဖြင့် ယဉ်စေရာ၏။ အစာ၌ တပ်မက်သော သူကို အစာကို ယုတ်စေသဖြင့် ယဉ်စေရာ၏။

(101) The wicked man should be tamed by beating. The bad friend should be tamed by refusing to speak with him. The bad wife should be tamed by refusing to bestow wealth. The gourmand should be tamed by giving him less food.

ရှင်းချက်။ ။ ယဉ်စေရာ၏ ဆိုသောစကားမှာ မိုက်ရိုင်းနေသည်ကို ယဉ်ကျေးလာအောင် ဆုံးမခြင်းကို ဆိုလိုသည်။ ယုတ်မာသူကို ရိုက်နှက်ဆုံးမပြီး ယုတ်မာခြင်း ပပျောက်စေသင့်သည် ဆိုရာ၌ လူယုတ်သည် ကော်ကျစ်၏။ သူ့ကို အကြမ်းဖက်လျှင် သင့်လျော်မလားဟု

http://www.dhammadownload.com



စဉ်းစားပြီးမှ ရိုက်နှက်ဆုံးမရမည်သာ ဖြစ်သည်။ မိတ်ဆွေကဆိုးလျှင် သူ့ကိုစကားမပြောဘဲ နေလိုက်ခြင်းဖြင့် ဆုံးမရာ၏ ဆိုရာမှာလည်း မိမိက စကားမပြောဘဲနေလျှင် သူကလည်း မာနဖြင့် မပြောလိုဖြစ်နိုင်သည်။ သူ့အမှားရှိလျှင် ထောက်ပြသင့်သည်။ မယားဆိုးကို ဥစ္စာမအပ်ခြင်းသည် သင့်၏ဟု ထင်ပါသည်။ အစားကြီးသူကို လျှော့ကျွေးသင့်၏။

**Explanation :** To tame means to let the person concerned mend his ways and become cordial. To tame a wicked person by beating raises the question of whether it is possible to tame him by beating. The wicked one is usually crafty. We should first consider whether or not it is good to beat him. Taming a bad friend by refusing to talk with may not be good, for the bad friend will probably refuse to talk because his pride is hurt. It might be better to point out his mistake, thus giving him a chamce to correct himself. It is good to deprive the bad wife of the wealth. It is also good to reduce the diet of an over eater.

* * *

http://www.dhammadownload.com



(၁၀၂) လ မှကင်းသော ညသည် မတင့်တယ်။ လှိုင်းတံပိုးမှကင်းသော သမုဒ္ဒရာသည်လည်း မတင့်တယ်။ ဟင်္သာမှကင်းသော ရေကန်သည်လည်း မတင့်တယ်။ လင်မှကင်းသော အမျိုးသမီးသည်လည်း မတင့်တယ်။

(102) The night without the moon lacks glory. The ocean without huge waves, too, is not grand. The pond without *hintha* birds lacks beauty. The young woman without husband is not quite becoming.

ရှင်းချက်။ ။ ကြည့်ရှုရာ၌ မပြည့်စုံသည့် အချက်တို့ကြောင့် တင့်တယ်ခြင်း မရှိချေ။ လိုက်ဖက်သော ပစ္စည်း မပါလျှင် သင့်လျော်သောပုံစံ မရှိချေ။

**Explanation :** In observing things, the suitable property should be present to make them look good. If such property were missing, they would not be in their proper form.

* * *

(၁၀၃) လင်သည်သာလျှင် စည်းစိမ်ဥစ္စာကို ဖြစ်စေအပ်၏။ မိန်းမမူကား လုံစေသည်သာလျှင်တည်း။ ထိုစကား

http://www.dhammadownload.com



သည် သင့်စွ။ ယောကျ်ားသည်သာလျှင် ပဓာနတည်း။
မိန်းမမူကား အပ်၌ချည်နှင့်သာ တူပါသတည်း။

(103) The husband is the earner of wealth. The wife is the keeper of the wealth thus earned. That is the appropriate remark. Man is the prime mover. The wife is just a thread in the needle.

ရှင်းချက်။ ။ လင်သားက ပစ္စည်းဥစ္စာရအောင် အလုပ်လုပ်ရသည်။ မယားက ရသမျှဥစ္စာတို့ကို သိမ်းဆည်းရသည်။ ထိုစကားသည် မှန်ပါ၏။ သို့သော် ခေတ်ကာလအလျောက် အခြေအနေ ပြောင်းလဲခြင်းများ ရှိနေသည်။ လင်ရော မယားပါ ငွေကြေးရှာရသောခေတ်သို့ ရောက်လေပြီ။ သို့ပြားလည်း ယောကျ်ားက ဦးဆောင်ရမည်ကား မှန်ပေသည်။ မိန်းမကရလာသမျှကို မိသားစုအတွက် သင့်သလို သုံးပြီးလျှင် ကျန်ရှိသမျှကို သိမ်းဆည်းရပေမည်။

**Explanation :** The husband has to earn money. The wife has to preserve it. That is correct. But times have changed. We have come to the age when the husband, as well as the wife, is obliged to go to work to earn money. However, the fact

http://www.dhammadownload.com



remains that man is the leader in the family and woman has to keep in store the money left after spending for the family.

* * *

(၁၀၄) ခပ်သိမ်းသော မြစ်တို့သည် မြစ်ကောက်သာ ရှိကုန်၏။ ခပ်သိမ်းသော တောတို့သည် ထင်းဖြင့်သာ ပြီးကုန်၏။ ခပ်သိမ်းသော မိန်းမတို့သည် ဆိတ်ငြိမ်သော အရပ်ကို ရသည်ရှိသော် မကောင်းမှုကို ပြုမြဲတည်း။

(104) All rivers flow in a crooked way. All forests are full of fire wood. All women getting to a secluded place will always do evil.

ရှင်းချက်။ ။ မြစ်တို့သည် ကောက်ကွေ့စီး၏။ တောတို့၌ ထင်းများ ပြည့်လျက်ရှိ၏။ မိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်၌ ဖောက်ပြားမြဲ ဖြစ်သည်။ မိန်းမသားမှာ အားနွဲ့သူဖြစ်သဖြင့် ယောကျ်ားတို့ စော်ကားမှုကို ခံရသည်သာဖြစ်သည်။ ယောကျ်ားကစ၍ ဖောက်ပြားသည်သာ များ၏။ မိန်းမက မြူဆွယ်သည်လည်း ရှိ၏။ နှစ်ယောက်မှာ အပြစ်ရှိသည်။

**Explanation :** Rivers meander. Forests are full of firewood. That is correct . As for the statement

http://www.dhammadownload.com



that woman commits sin in a secluded place needs qualification. Women are weak. A woman has to suffer man's attack. It is usually man who starts the evil deed. Of course, woman also entices. The fault lies with both.

* * *

(၁၀၅) အကြင်မိန်းမသည် ငြင်းခုံတတ်သော အလေ့ ရှိ၏။ ပြစ်တင်ပြောဆိုကြောင်း။ ပြောလေ့ရှိ၏။ မြင်တိုင်းကို လည်း တပ်၏။ များစွာသည်လည်း ချက်၍စားတတ်၏။ လင်၏အဦးစားတတ်သောအလေ့ ရှိ၏။ သူ့အိမ်သို့ သွားတတ်နေတတ်သောအလေ့ ရှိ၏။ ထိုမိန်းမသည် သားတစ်ရာပင် မြင်ပြားသော်လည်း ယောကျ်ားသည် စွန့်အပ်၏။

(105) Woman is in the habit of making dispute, of slighting others, wants to have everything she sees. She cooks many kinds of food and eats too much. She has also the habit of taking meal a head of her husband. She often visits other people's houses and stays there long. Such woman should be left by her husband eventhough she has given birth to one hundred sons.

http://www.dhammadownload.com



ရှင်းချက်။ ။ မကောင်းသောမိန်းမအကြောင်းကို ဖော်ပြခြင်း ဖြစ်သည်။ ထိုမိန်းမမျိုးကို ယောကျ်ားက ပေါင်းသင်း၍ မည်မျှပင် ကြာစေကာမူ စွန့်သင့်သည်ဟု ဆို၏။ မယားဆိုးကို ဆက်၍ ပေါင်းနေလျှင် ယောကျ်ားမှာ နစ်နာသည် မှန်၏။ တစ်ပြန်တစ်လှည့်ဆိုရပါမူ လင်ဆိုးကို ပေါင်းနေရသော မိန်းမကလည်း လင်ကို မစွန့်သင့်ပါသလော။ မိန်းမက စွန့်ရန် ခက်လှသည်။ ယောကျ်ားက မိန်းမကို ပိုင်သည်။ မိန်းမက ယောကျ်ားကို မပိုင်ချေ။ ယခုအခါ ခေတ်ပြောင်းလေပြီ။ မကောင်းလျှင် မကောင်းသူကို ကောင်းသူက စွန့်ပစ်သင့်သည်ဟု ဆိုလျှင် ပို၍ သင့်သည်။

**Explanation :** This is a statement about a bad wife. If the husband continues keeping her in wedlock, however long their married life may be the husband is the loser. That is true. On the contrary, if the husband turns bad, should not the wife desert him? It is difficult for her to do that. It is the man who owns his wife, not the wife her husband. Times have changed now. It would be better to say that the good should abandon the bad.

* * *

http://www.dhammadownload.com



(၁၀၆) အကြင်မိန်းမသည် စားသောအခါ၌လည်းကောင်း၊ အဝတ်တန်ဆာ ပြုပြင်ဆင်ယင်သောအခါ၌လည်းကောင်း အမိကဲ့သို့ နှစ်သက်ဖွယ် ပြုပြင်တတ်၏။ လျှို့ဝှက်အပ်ကုန်သော မကျစ်မလျစ်သောအရာတို့၌ နှမကဲ့သို့ လွန်စွာ ရှက်တတ်၏။ အမှုလုပ်သောအခါတို့၌လည်းကောင်း၊ လင်၏အပါး၌ သွားလာသောအခါ၌လည်းကောင်း ကျွန်မကဲ့သို့ ရိုသေစွာ ပြုတတ်၏။ ဘေးရှိသောအခါတို့၌ တိုင်ပင်ဖက်ဖြစ်ရာ၏။ အိပ်သောအခါတို့၌လည်း မွေ့လျော်စေတတ်၏။ အရောင်အဆင်းတို့ကို ပြုပြင်ခြင်းတို့၌ တင့်တယ်စွာ၏။ အမျက်ထွက်သောအခါတို့၌ သည်းခံတတ်၏။ ထိုမိန်းမကို မြတ်၏ဟူ၍ ပညာရှိတို့သည် ဆိုကုန်၏။ ထိုမိန်းမသည် သေသည်၏အခြားမဲ့၌လည်း နတ်ပြည်၌ ဖြစ်ရာ၏။

(106) At meal and when dressed, a woman should behave like a mother. In matters of concealment and undress, she should be as shy as a sister. In performance of domestic duties and approaching her husband, she should move about like a maid-servant. In time of danger, she should act as a consellor. In bed she should give pleasure. She should look prim adn proper in her dress. When

http://www.dhammadownload.com



the husband is in anger, she should have forbearance. Such a woman, say the sages, is noble. After death has claimed her body, she would go to the celestial kingdom.

ရှင်းချက်။ ။ မိန်းမကောင်း မိန်းမမြတ်တို့၏ ကျင့်ထုံး ဖြစ်သည်။ လင်ကို ရိုသေခြင်း၊ အိမ်မှုတာဝန်ကို ကျေပွန်ခြင်းနှင့် သစ္စာရှိခြင်းတို့သည် အရေးပါဆုံး ဖြစ်သည်ဟု ထင်ပါသည်။

**Explanation :** This is the code of conduct for a woman who should be deemed good and noble. Respect for the husband, dutiful as a house-wife and loyalty are perhaps most important.

* * *

(၁၀၇) အကြင်မိန်းမငယ်သည် ရွှေသောအသား ရှိ၏။ သမင်မျက်စိကဲ့သို့ ညိုသောမျက်စိလည်း ရှိ၏။ ခါးစည်းတင်ကျယ်၊ ငယ်သော ဝမ်းလည်း ရှိ၏။ ဆင်နှာမောင်းကဲ့သို့ အရင်းမှအဖျားတိုင်အောင် သွယ်သောပေါင်ရှိ၏။ ဖြေ၍ နောက်သို့လန်သော ရှည်သောအဖျားကော့တက်သောဆံလည်း ရှိ၏။ ကြီးငယ်မထင် ညီညွတ်သော

http://www.dhammadownload.com



သွားအစဉ်လည်း ရှိ၏၊ နက်သော ချက်လည်း ရှိ၏၊ ကောင်းသော အလေ့အထသည်လည်း ရှိ၏၊ ထိုသို့သော မိန်းမငယ်ကို ယုတ်သောအမျိုးတို့၌ဖြစ်သော်လည်း ထိုမိန်းမပျိုကို ဆက်ဆံထိမ်းမြားရာ၏။

(107) A certain young lady is golden complexioned, her eyes brown like a fawn's eyes, her stomach with waist narrow and wide haunches, and thighs which tapers toward the feet, like an elephant's trunk, long hair with ends upturned, even rows of teeth, deep navel and good conduct. Such maiden, through of low birth, should be taken to wife.

ရှင်းချက်။ ။ မိန်းမပျို၏ ကိုယ်ကာယအလှနှင့် ကောင်းသောအမူအကျင့်တို့ကို ဖော်ပြသည်။ ထိုမိန်းမပျိုကို ယုတ်ညံ့သော အမျိုးမှပင်ဖြစ်စေ၊ ထိန်းမြားရန် မနှောင့်နှေးစေသင့်။ ခြောက်ပြစ်ကင်းသည် ရှားလှချေသည်။ အပေါ်ယံအလှထက် စိတ်အလှက ပိုအရေးပါသည်။ စိတ်အလှတွင် အမူအရာ ရည်မွန်ခြင်းနှင့် အကျင့်ကောင်းခြင်းတို့ ပါဝင်သည်။

http://www.dhammadownload.com



**Explanation :** The stanza describes the physical comeliness and good conduct of a young lady. One should not hesitate to marry such a lady. Perfection is rare. Intrinsic beauty is more important than superficial beauty. Intrinsic beauty includes charming acts and a good character.

* * *

(၁၀၈) ကာလတို့တွင် တန်ဆောင်မုန်းလသရဒဥတု သည်မြတ်၏။မယားတို့တွင် အဆင်းလှသော မိန်းမတို့ သည်မြတ်၏။သားတို့တွင် သားကြီးသည် မြတ်၏။ အရပ်မျက်နှာတို့တွင် မြောက်အရပ်သည် မြတ်၏။

(108) Of all seasons, the season covered by the month of Tazaungmon (of Myanmar Calandar) is the best. Of all marriageable women, the beautiful one is the best. Among the sons, the eldest is the best. Of all directions, north is the best.

ရှင်းချက်။ ။ တန်ဆောင်မုန်းလသည် မိုးလေကင်း စင်၍ သာယာသည်။ ကောင်းကင်ပြင်တွင် နက္ခတ်စုံ သည်။ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြသည်။ ထိုသို့သော သာယာသောကာလသည် အကောင်းဆုံး ဖြစ်သည်။

http://www.dhammadownload.com



မိန်းမအပေါင်းတို့တွင် လှပသော မိန်းမတို့သည် အကောင်းဆုံးဖြစ်သောကြောင့် ထိမ်းမြားသင့်သည်။ သားတို့တွင် အကြီးဆုံးသားသည် အရင်ဆုံးအားကိုးရ တတ်သည်။ ထို့ကြောင့် အကောင်းဆုံးဖြစ်သည် ဆိုနိုင်သည်။ အရပ်ရှစ်မျက်နှာတွင် မြောက်အရပ်သည် ဗုဒ္ဓမြတ်စွာ မြောက်အရပ်ကို ခေါင်းပြု၍ ပရိနိဗ္ဗာန်စံတော်မူသောကြောင့် မြတ်၏ဟု ယူဆကြသည်။

**Explanation:** The Myanmar month of *Tazaung mon* is the time of no rain and is cool, for it is the begining of cold season. So it is the best time for festivities. So it is the best time for the year. Beutiful woman is the best to marry. The eldest son is ususlly the most dependable, so he is regarded as the best son. North is considered sacred because **Buddha** lay with his head to that direction when **He** passed into **Nibbana**.

* * *

(၁၀၉) အကြင်မိန်းမသည် ဖြစ်တိုင်းဖြစ်တိုင်း အဖန်တလဲလဲ ယောက်ျား၏ အဖြစ်ကို အလိုရှိငြားအံ့၊ ထိုမိန်းမသည် သိကြားမင်း၏မယားသည် သိကြားမင်းကိုအရိုအသေလုပ်ကျွေးသကဲ့သို့ လင်ကိုအရိုအသေ လုပ်ကျွေးရာ၏။

http://www.dhammadownload.com



(109) If a woman in every existence of beging a woman desires to become man, she should serve her husband as respectfully as the wife of the king of celestial kingdom serves her husband.

ရှင်းချက်။ ။ မိန်းမဘဝသည် ယောကျ်ားဘဝထက် လျော့နိမ့်၏ဟု ယူဆကြသည့်အလျောက် မိန်းမ တစ်ယောက်က ယောကျ်ားဘဝ ရလိုပါကြောင်း မိန်းမဘဝရတိုင်း ဆုတောင်းလျှင် ထိုမိန်းမက မိမိလင်ကို အထူးရိုသေစွာ လုပ်ကျွေးသမှု ပြုရပေမည်။

**Explanation:** Womanhood is considered inferior to manhood. Therefore, if a woman desires to become a man in her next existence, and accordingly prays for it, she should serve her husband very respectfully.

* * *

(၁၁၀) အကြင်ယောကျ်ားသည် ဖြစ်တိုင်းဖြစ်တိုင်း အဖန်တလဲလဲ ယောကျ်ား၏အဖြစ်ကို အလိုရှိငြားအံ့၊ ထိုယောကျ်ားသည် သူတစ်ပါး၏မယားကို ခြေဆေးပြီးသော ယောကျ်ားသည်ညွှန်ကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



(110) If a man desires to become a man in his existences, he should avoid committing adultery as he would avoid mud in order not to soil his clean feet.

ရှင်းချက်။ ။ လင်ရှိမယားကိုကြာခိုခြင်းကြောင့် ထိုယောကျ်ား သည် ငရဲကျပြီးနောက် လူပြန်ဖြစ်လျှင် မိန်းမဘဝကိုရောက်တတ်သည်။ ထိုကြောင့် ယောကျ်ားဘဝကို ဆက်လက်ရရှိလိုလျှင် ထိုအကုသိုလ်ကံကိုရှောင်ရပေမည်။

**Explanation:** Committing adultery sends the sinner down to hell, and if he recovers the existence of a human being , he will become a woman. Therefore, he must avoid that sin.

* * *

(၁၁၁) အရွယ်လွန်ပြီးသော ယောကျ်ားသည် တည်သီးမျှငယ်သော သားမြတ်ရှိသော မိန်းမပျိုကို ယူဆောင်သိမ်းဆည်း၏။ မိမိအလို ရှိရာ မပါသည် ဖြစ်၍ စောင်းမြောင်းငြူစူတတ်၏။ လင့်အိုတစ်ယောက်၌သာ မွေ့လျော်လတ္တံ့ဟု မယုံကြည်။ ထို့ကြောင့် ထိုငယ်သော မယားကို သိမ်းဆည်းခြင်းသည် ပျက်စီးအံ့သည်၏ အကြောင်းတည်း။

http://www.dhammadownload.com



(111) A man past his prime marries a young woman whose breasts are as tiny as a fig. If the young wife does not satisfy his desire, the old man is jealous and talks slightingly of her. He does not believe that she will be satisfied with an old man. Therefore, the old man's talking a very young woman will lead him to ruin.

ရှင်းလင်းချက်။ ။ အရွယ်ချင်းမမျှသူတို့ ပေါင်းဖက်ခြင်း၌ အန္တရာယ်ရှိတတ်သည်။ ဇရာအိုနှင့်ကညာပျိုတို့ပေါင်းဖက်လျှင် အဖိုးအိုက သူ့ဇနီးကို မယုံနိုင်ချေ။ ယင်းသို့ ပေါင်းဖက်ခြင်းသည် ထိုသူအိုအဖို့ ပျက်စီးရာအကြောင်း ဖြစ်သည်။

**Explanation:** Marriage of persons of unequal age has dangers. An old man will not have faith in his young wife. Such a unicon constitutes a cause for the old man's ruin.

မိန်းမကိုဆိုရာ အခန်းသည် ပြီးပြီ။

**The chapter on "Women" ends.**

✵ ✵ ✵

http://www.dhammadownload.com

# အခန်း(၆)

## ရာဇကဏ္ဍ

## မင်းနှင့်ဆိုင်ရာအခန်း

# Chapter (6)

## on "The King"

(၁၁၂) မင်းကား တစ်ယာမ်သာအိပ်ရာ၏။ ပညာရှိကား နှစ်ယာမ်သာလျှင် အိပ်ရာ၏။ အိမ်ရာထောင်သော လူအပေါင်းကား သုံးယာမ်သာ အိပ်ရာ၏။ ဖုန်းတောင်း ယာစကာကား လေးယာမ်လုံးသာလျှင် အိပ်ရာ၏။

(112) A king should sleep only one watch of the night, a sage two watches, a family man three, and a beggar all the four.

http://www.dhammadownload.com



ရှင်းချက်။ ။ ညကာလကို အချိန်ကာလ သုံးပါး ပိုင်းခြားသည်ဟု သိကြသည်။ ဗုဒ္ဓစာပေတွေမှာ ညဉ့် သုံးယံဟု ဆိုသည်။ နီတိဆရာက ညဉ့်လေးယံဟု ဆိုသည်။ ညဉ့်သုံးယံ အပိုင်းအခြားမှာ ခြောက်နာရီမှ ဆယ်နာရီအထိ ပထမယံ။ ဆယ်နာရီမှ နှစ်နာရီအထိ ဒုတိယယံ၊ နှစ်နာရီမှ မိုးလင်းခြောက်နာရီအထိ တတိယ ယံ ဖြစ်သည်။ နီတိဆရာအလိုအားဖြင့် ပထမယံခြောက် နာရီမှ ကိုးနာရီ၊ ဒုတိယယံ ကိုးနာရီမှ ဆယ့်နှစ်နာရီ၊ တတိယယံ ဆယ့်နှစ်နာရီမှ သုံးနာရီ၊ စတုတ္ထယံ သုံးနာရီ မှ နံနက် ခြောက်နာရီဟူ၍ပင်။

ဘုရင်မှာ အိပ်ချိန်အနည်းဆုံးဖြစ်သည့်အကြောင်း မှာ သူမှာ တိုင်းပြည်အုပ်ချုပ်သူဖြစ်သဖြင့် တာဝန် ဝတ္တရား များလှချေသည်။ အလုပ်များများလုပ်ရ၍ အိပ် ချိန်နည်းသည်ဟု ဆိုကြသည်။ အချို့က ယူဆကြသည် မှာ ဘုရင်မှာ အန္တရာယ်ကြီးစွာ ရှိသည်။ အိပ်နေခိုက် လုပ်ကြံခံရမှာ စိုးရသည်။ ထို့ကြောင့် တစ်ညမှာ သုံးနာရီ လေးနာရီလောက် သူများတွေ မအိပ်သေးချိန်မှာ အိပ် ရသည်။ ထို့နောက် နိုးနိုးကြားကြားနေမှ လုပ်ကြံရန် လာသူတို့ကို ခုခံကာကွယ်နိုင်မည်ဟူ၍ပင်။

ပညာရှိမှာ ညတစ်ဝက် အချိန်ပေး၍ အိပ်နိုင် သည်။ ကျန်အချိန်တွင် တရား အားထုတ်မှုပြု၍

http://www.dhammadownload.com



ပြဿနာ ပုစ္ဆာတို့ကို ဖြေရှင်းနိုင်ရန် ကြံစည်တွေးခေါ်နေသင့်ဟု ဆိုလိုသည်။ အိမ်ထောင်သည်က ညဉ့်သုံးယံ အိပ်နိုင်သည်။ နံနက်မှာ စောစောထ၍ အိမ်မှုရေးရာ ကိစ္စများကို ဆောင်ရွက်ရပေမည်။ နံနက်စောစော အိပ်ရာမှ ထပြီးလျှင် ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း၊ နေ့ကာလမှာ လုပ်ရမည့်အလုပ်အတွက် ပြင်ဆင်ခြင်း လုပ်ရပေမည်။ သူတောင်းစားအဖို့ တစ်ညလုံး အိပ်နိုင်သည်။ သူ့မှာ မည်သည့်အလုပ်တာဝန်မျှ မရှိချေ။

**Explanation :** The duration of a night is divided into three, or four, period. In Buddhist literature three periods are mentiioned. First period, 6 p.m to 10 p.m, second, 10 to 2 a.m to 6 a.m. According to the Nitimaster the duration of the night is in four periods, each lasting three hours begining with 6 p.m.

The king is required to sleep only three or four hours of early night. That is probably because as the ruler of a country he has many duties to perform, so during the first period. Another view is that the king has to be wakeful after a three or four hour sleep so that he would be on the alert to defend himself from would be assassins.

http://www.dhammadownload.com



The sage should sleep half the night and work out problems and questions in the second half. The family man may enjoy sleep for the first three periods of the night. The beggar has nothing to do, so he can sleep the whole night.

* * *

(၁၁၃) အကြွင်အရပ်၌ ဥစ္စာရှိသောသူသည်လည်းကောင်း၊ အကြားမမြင်များသော ပညာရှိသည်လည်းကောင်း၊ မင်းသည်လည်းကောင်း၊ မြစ်သည်လည်းကောင်း၊ ထိုမြို့ ဆေးသမားသည်လည်းကောင်း၊ ဤငါးပါးတို့သည် မရှိကုန်။ ထိုအရပ်၌ တစ်နေ့တစ်ရက်မျှ မနေရာ။

(113) Do not live in a place where there is no rich man, no sage, no king, no river, no physician. If these five are absent, one should not reside there even for a day.

ရှင်းချက်။ ။ ဖော်ပြထားသော ငါးမျိုးမရှိလျှင် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ ချို့တဲ့မည်ဖြစ်သဖြင့် ထိုငါးမျိုး မရှိသောအရပ်တွင် တစ်နေ့တစ်ရက်မျှ မနေအပ်ဟု ဆိုလိုသည်။

http://www.dhammadownload.com



**Explanation :** This is meant to say if these five are absent, social, educational, economic, health would be defective. So one should not live in such a place even for a day.

* * *

(၁၁၄) အကြင်အရပ်၌ မြတ်နိုးခြင်းလည်း မရှိ၊ ချစ်ခြင်းလည်း မရှိ၊ အဆွေခင်ပွန်းလည်း မရှိ၊ တစ်စုံတစ်ယောက်မျှ အတတ်ပညာ သင်စိမ့်သောသူလည်း မရှိ၊ ထိုအရပ်၌ တစ်နေ့တစ်ရက်မျှ မနေရာ။

(114) One should not live in a place where there is no element of respect or love, no relative or no teacher. One should not reside there even for a day.

ရှင်းချက်။ ။ မနေအပ်သည့်အရပ်၏ လက္ခဏာများကို ဆက်လက်ဖော်ပြခြင်း ဖြစ်သည်။

**Explanation :** This is a continuation of the description of the place in which one should not reside.

* * *

http://www.dhammadownload.com



(၁၁၅) လောကၥ် သားမရှိသော အိမ်သည် ဆိတ်ငြိမ်၏။ မင်းမရှိသော တိုင်းပြည်သည် ဆိတ်ငြိမ်၏။ အတတ်မရှိသော သူ၏ခံတွင်း ဆိတ်ငြိမ်၏။ ဆင်းရဲခြင်းကား အလုံးစုံ ဆိတ်ငြိမ်၏။

(115) In this world, the house in which there are no children is dreary. The country without a king is desolate. The man of no learning has his lips sealed tight. Destitution makes for absence of all things.

ရှင်းချက်။ ။ ဆိတ်ငြိမ်ခြင်းဆိုသည်မှာ ဆိတ်သုဉ်းခြင်းကို ညွှန်းသည်။ ဘုရင်မရှိသော တိုင်းပြည်ကို ဆိတ်ငြိမ်ခြင်းဟုဆိုခြင်းသည် အထင်မှားစရာ ဖြစ်၏။ နီတိဆရာ၏ဆိုလိုချက်မှာ ကောင်းသောအင်္ဂါလက္ခဏာများ ဆိတ်သုဉ်းသည်ဟူ၏။

**Explanation :** "Silence" in this context means destitution. The country without a king is not quiet. There is a misunderstanding in this matter. The Noti master means to say that "Silence" is absence of good things.

* * *

http://www.dhammadownload.com



(၁၁၆) လောက၌ ဥစ္စာကို အလိုရှိပြားအံ့။ ကုန်သွယ်ရာ၏။ အတတ်ကို အလိုရှိမူကား အကြားအမြင်ရှိသော ပုဂ္ဂိုလ်ကို ဆည်းကပ်ရာ၏။ သားကို အလိုရှိမူကား၊ မိန်းမငယ်ကို နေရာ၏။ မင်းအမတ်ဖြစ်ခြင်းကို အလိုရှိမူကား မင်း၏အလိုသို့ လိုက်ရာ၏။

(116) In this world, if one wants to make money, he should do trading. If one wants to acquire learning, he should attend to a man of learning. If one wants to have a child, he should marry a maiden. If one wants to become a king's minister, he should serve him to his satisfaction.

ရှင်းချက်။ ။ ဘုရင်အမတ်ဖြစ်ချင်လျှင် မင်းလိုလိုက်ရမည်ဆိုသောစကားသည် ရှေးစကားဖြစ်သော်လည်း ယခုထက်တိုင် မှန်နေသေးသည်။ နောင်လည်း ထိုအတိုင်းပင် ဖြစ်မည်ဟု ယုံကြည်ရသည်။

**Explanation :** The statement that if one wants to be appointed minister by the king, he should fulfil the king's wishes is an old saying but we believe that it remains true even to this day and will remain so in future.

* * *

http://www.dhammadownload.com



(၁၁၇) ရဟန်းသည် မရောင့်ရဲမှု ပျက်၏။ မြေကြီးနှင်း ပြည့်ရှင်မင်းသည်လည်း ရောင့်ရဲတတ်မှုလည်း ပျက်၏။ ပြည့်တန်ဆာမသည် ရှက်တတ်မှု ပျက်၏။ အမျိုးကောင်းသမီးသည် မရှက်တတ်မှု ပျက်၏။

(117) If a monk is not contentel, he will go to ruin. If a king is contented, he will go to ruin. If a prostitute is shy, she will fail in her trade. If a maiden of good family is unashamed, she will become cheap and her life will be ruined.

ရှင်းချက်။ ။ လာဘ်လာဘကိုမက်သော ရဟန်းသည် သိက္ခာပျက်တတ်သည်။ ရောင့်ရဲခြင်းရှိသောမင်းသည် တိုင်းပြည်တိုးတက်ရေး၌ အားသွန်ခွန်စိုက် မရှိသဖြင့် တိုင်းသူပြည်သားတို့ အကျိုးကျေးဇူးမရဘဲရှိမည်။ ရောင့်ရဲခြင်း၊ သည်းခံခြင်းများလွန်းလျှင် ဩဇာအာဏာနည်းပြီးလျှင် ပျက်စီးတတ်သည်။

**Explanation :** The monk who hankers after property, fails to observe the Law prescribed for the monks. The king who lives in contentment and does not work hard, and people will not get the benefit of prosperity. If a king is over-contented,

http://www.dhammadownload.com



he will lack influence and power, and so he will be ruined.

* * *

(၁၁၈) ငှက်တို့၏အားကား ကောင်းကင်တည်း။ ငါးတို့၏အားကား ရေတည်း။ အားနည်းသူတို့၏အားကားမင်းတည်း။ သူငယ်တို့၏အားကား ငိုခြင်းတည်း။

(118) The source of strength for birds is the sky. The source of strength for fishes is the water. The source of strength for the weak is the king. The source of strength for infants is crying.

ရှင်းချက်။ ။ အားသည် အားကိုးစရာကို ဆိုလိုသည်။ ငှက်သည် ကောင်းကင်ကို အားကိုးသည်။ လွတ်လပ်စွာ ပျံနိုင်သည်။ ရန်သူတွေ့လျှင် ပျံတက်သွားနိုင်သည်။ ငါးတို့သည် ရေကို အားကိုးကြသည်။ ရေနည်းလျှင် ငါးအဖို့ အားနည်းသွားရသည်။ အားနည်းသူတို့အားကိုးစရာမှာ မင်းဖြစ်သည်။ မင်းပြဋ္ဌာန်းထားသောဥပဒေများက အကာအကွယ် ပေးကြသည်။ ကလေးငယ်တို့သည် ငိုလျှင် နို့စို့ရသည်။

http://www.dhammadownload.com



**Explanation :** "Strength" in this context is source of strength or something to depend upon. Birds have the sky in which to fly freely or fly up when they meet with enemies. Fishes depend on water. The fish in low water is helpless. The weak look up to the king who prescribes laws for their protection. Infants get milk when they cry.

* * *

(၁၁၉) သည်းခံခြင်းသည်လည်းကောင်း၊ နိုးကြားခြင်းသည်လည်းကောင်း၊ ထကြွလုံ့လရှိခြင်းသည် လည်းကောင်း၊ ဝေဖန်ပေးကမ်းခြင်းလည်းကောင်း၊ သနားခြင်းလည်းကောင်း၊ မြော်မြင်ခြင်းလည်းကောင်း ဤခြောက်ပါးတို့ကား မင်းစသော လူကြီးမိဘတို့၏ အလိုရှိအပ်ကုန်သော ဂုဏ်ကျေးဇူးတို့တည်း။

(119) Forberance, vigilance, industry, charity, kindness, and foresight; these six are the attributes of the king, elders and parents.

ရှင်းချက်။ ။ မင်းနှင့် လူကြီးများသည် အပြစ်များကို တတ်နိုင်သလောက် သည်းခံခွင့်လွှတ်အပ်၏။ လုပ်ကိုင်ဆောင်ရွက်မှုများတွင် သတိမြဲ၍ လုံ့လထုတ်ရန်

http://www.dhammadownload.com



လိုအပ်၏။ ပေးကမ်းစွန့်ကြဲမှုလည်း ပြုရာ၏။ သနား စာနာခြင်း ရှိအပ်ပေသည်။ ကိစ္စအဝဝတို့၌ ကြိုတင် မြော်မြင်မှုရှိမှသာ လုပ်ဆောင်မှုတို့ အောင်မြင်ပြီးစီး ဝလိမ့်မည်။ ယင်းခြောက်ပါးတို့သည် မင်းနှင့်တကွ သူကြီးသူမတို့ (ခေါင်းဆောင်တို့) ၏ လိုအပ်သော ဂုဏ် ကျေးဇူးများ ဖြစ်သည်။

**Explanation :** The king and elders should have patience and should pardon the faults as far as possible. They should be alert and work hard on all affairs. When there is an occasion for distribution of favours, they should be liberal. For solving problems they should have foresight so that their endeavour gains success. These are the six attributes of the king and elders (or leaders).

* * *

(၁၂၀) လောက၌ မင်းတို့သည် တစ်ကြိမ်သာ ဆိုကုန် ၏။ ရဟန်းတို့သည် တစ်ကြိမ်သာ ဆိုကုန်၏။ ဘုရား အစရှိသော သူတော်ကောင်းတို့သည် တစ်ကြိမ်သာ ဆိုကုန်၏။ ဤသို့သော သဘောတရားသည် ရှေးသူ တော်ကောင်းတို့ အကျင့်တည်း။

http://www.dhammadownload.com



(120) In this world, kings speak but once, so do monks and brahmins, so do the virtuous headed by Buddha. This is the practice of ancient virtuous persons.

ရှင်းချက်။ ။ မင်း၊ ရဟန်း၊ ပုဏ္ဏားများ၊ ဘုရားအစ ရှိသော သူတော်ကောင်းများသည် ပြောစရာရှိလျှင် တစ်ခါမျှသာ ပြောသည်။ ပြောစကားကို ဘယ်တော့မျှ မပြင်တော့။ သူတို့သည် အကြောင်းမဲ့ မဆိုကြပေ။ ဆိုလျှင်လည်း ခိုင်မြဲသည်တည်း။

**Explanation :** Kings, monks, and brahmins speak only once in any case. So do the Buddha and the virtuous. They never alter their words. They do not speak for no reason. They seldom make remarks or pass judgement, but when they do make a statement, their word is firm.

* * *

(၁၂၁) လောက၌ ပျင်းသော အိမ်ရာထောင်သော သူသည်မကောင်း။ ကိုယ်နှုတ်နှလုံး မစောင့်သောရဟန်း သည် မကောင်း။ မဆင်မခြင်ပြုလေ့ရှိသော မင်းသည် မကောင်း။ ပညာရှိသည် အမျက်ထွက်၏။ ထိုပညာရှိ သည်လည်း မကောင်း။

http://www.dhammadownload.com



(121) In this world the family man who is lazy is not good. The monk who does not control his speech and acts is not good. The king who does impulsvely is not good. The sage who is angry is not good.

ရှင်းချက်။ ။ ပျင်းသော အိမ်ထောင်သည်သည် စီးပွားမဖြစ်သောကြောင့် မကောင်းချေ။ သိက္ခာမစောင့်ဘဲ ပြောဆိုပြုလုပ်သောရဟန်းသည် မကောင်းချေ။ မဆင်မခြင်ဘဲ လုပ်ချင်ရာလုပ်သော မင်းသည်လည်း မကောင်းချေ။ ထင်ရာလျှောက်လုပ်သော မင်းသည် အန္တရာယ် ဖြစ်၏။ မင်းသည် တိုင်းပြည်အုပ်ချုပ်ရေးရာ၌ မှူးမတ်တို့၊ ပညာရှိတို့နှင့် တိုင်ပင်ပြီးမှ ဆောင်ရွက်သင့်ပေသည်။ သို့မဟုတ်လျှင် တိုင်းပြည်နှင့် လူမျိုးတို့ ဆိုးကျိုးအထွေထွေ ရကြချေမည်။

**Explanation :** The lazy householder, being lazy, will not be able to bring prosperity to his family. The monk who should observe the rules of the **Holy Order** but acts without restraint is not good. The king who acts impulsively is not good. The irritable sage is also not good. The king in ruling the country should take necessary action only after consultation with ministers, generals and wise

http://www.dhammadownload.com



men. Otherwise, the country and the people will suffer from his misdeeds.

* * *

(၁၂၂) အကြွင်အရပ်၌ အကြီးအကဲတို့သည် များကုန်၏။ ခပ်သိမ်းသော သူတို့သည် ပညာရှိသာ ပြုလိုကုန်၏။ ခပ်သိမ်းသောသူတို့သည် အကြီးအမြတ်အဖြစ်ကို အလိုရှိကုန်၏။ ထိုသူတို့၏အမှုသည် ပျက်တတ်၏။

(122) In a certain place where there are many chiefs and leaders, where many persons want to act as sages, where many persons want to be chiefs and nobles, all their endeavours will end in failure.

ရှင်းချက်။ ။ အကြီးအကဲတွေ များသောနေရာ၊ အားလုံးက သိသည်၊ တတ်သည်ဆိုပြီး ပညာရှိလုပ်ချင်နေသည့်နေရာ၊ ထိုနေရာတွင် ထိုသူတို့အားလုံး၏ ပြုမှုမှုတို့သည် ပျက်စီးသည်သာ ဖြစ်ချေမည်။ (ပရမ်းပတာဖြစ်ကုန်ကြချေမည်)

**Explanation :** In a certain place there are many chiefs and leaders, where many want to pose as

http://www.dhammadownload.com



wise men, many aspire to become leaders, all their attempts will fail. (There will be chaos.)

* * *

(၁၂၃) မင်းသည်ကား အခွန်အတုတ်၏ ထွက်မထွက်ကိုလည်းကောင်း၊ မျိုးရိက္ခာကုန်မကုန်ကိုလည်းကောင်း ကိုယ်တိုင်သိအောင် ပြုရာ၏။ အမှုထမ်းသည် မထမ်းသည်ကိုလည်း သိအောင်ပြုရာ၏။ နှိမ်ခြင်းငှာ ထိုက်သောသူကို နှိမ်ရာ၏။ မြှောက်ခြင်းငှာ ထိုက်သောသူကို မြှောက်ရာ၏။

(123) A king should personally inspect the revenue as well as expenditure. He should personally inspect the work of government servants. He should punish those who deserve punishment and hounor those who deserve to be honoured.

ရှင်းချက်။ ။ ဘုရင်သည် နိုင်ငံ၏ အခွန်ဘဏ္ဍာနှင့် အသုံးစရိတ်တို့ကို ကိုယ်တိုင် စစ်ဆေးရပေမည်။ အမှုထမ်းများ တာဝန်ကျေပွန်မှုကိုလည်း စိစစ်ရပေမည်။ အပြစ်ပေးထိုက်သူကို အပြစ်ပေး၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရပေမည်။ သို့မှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပေမည်။

http://www.dhammadownload.com



**Explanation :** The king should personally examine the state revenue and expenditure. He should review the work of state officials and punish those who fail in their duty and who are corrupt, and promote those whose work is commandable. Then only will the kingdom prosper.

* * *

(၁၂၄) ့လောကဥ္ဓ နေမင်းကို ကျောဖြင့် ကပ်ရာ၏။ မီးကိုဝမ်းဖြင့်သာလျှင် ကပ်ရာ၏။ အရှင်သခင်ကို နည်းမျိုးစုံဖြင့် ကပ်ရာ၏။ တမလွန်ဘဝကိုကား မမိုက်သဖြင့် ကပ်ရာ၏။

(124) One should approach the sun with his back towards it, the fire with his stomach, the master by all means, and the next life by not falling into folly.

ရှင်းချက်။ ။ နေကို ကျောပေးရမည်။ မီးလှုံရာတွင် မျက်နှာချင်းဆိုင်နေရမည်။ အရှင်သခင်ကို နည်းအမျိုးမျိုးဖြင့် ကပ်ရမည်။ နောင်တမလွန်ဘဝကို မမိုက်ဘဲ တရားကျင့်ကြံအားထုတ်ခြင်းဖြင့် ရင်ဆိုင်ရမည်။

**Explanation :** Take the sun's rays on one's back.Sit at the fire-side with one's front to the

http://www.dhammadownload.com



fire. Apporach the master in many ways. In order to gain a better position in the next existence by doing good according to Dhamma, and not resorting to folly.

* * *

(၁၂၅) လောက၌ မီးကို လည်းကောင်း၊ ရေကို လည်းကောင်း၊ မိန်းမကို လည်းကောင်း၊ သူမိုက်ကို လည်းကောင်း၊ မြွေကို လည်းကောင်း၊ မင်းမျိုးတို့ကို လည်းကောင်း ရှောင်ရှားသဖြင့် သွားအပ်၏။ လတ်တလော အသက်ကို ချတတ်ကုန်၏။

(125) In this world one should shun fire, water, woman, fool, snake and the royal family. They may harm and kill him instantly.

ရှင်းချက်။ ။ မီးကို ရှောင်ရှားသင့်သည်။ မီးကို မရှောင်လျှင် လောင်တတ်သည်။ ရေကို ရှောင်သင့်၊ မရှောင်လျှင် ရေနစ်တတ်သည်။ မိန်းမယုတ်ကို ရှောင်သင့်သည်။ မရှောင်လျှင် ဒုက္ခရောက်နိုင်သည်။ လူမိုက်ကို ရှောင်မှသာလျှင် သူ၏ မိုက်မဲမှု၏ ဆိုးကျိုးမှ လွတ်ကင်းမည်။ မြွေကို သတိထား၍ ရှောင်ရမည်။ မြွေကိုက်လျှင် သေမည်။ မင်းမျိုးတို့သည် မင်းအားကိုးနှင့်

http://www.dhammadownload.com



စိတ်မလိုလျှင် ဒုက္ခပေးတတ်သည်။ ရှောင်နိုင်သမျှ လွတ်ကင်းအောင် နေသင့်သည်။ ယင်းတို့သည် မိမိအား သေစေသည်အထိ အန္တရာယ်ပြုနိုင်သည်။

**Explanation :** Avoid fire, or one may be burnt. Avoid water, or one may be drowned Avoid bad women, or one would get into trouble. The fool should be shunned, or one might suffer from the effect of his folly. Snake should be avoided, for snake-bite is fatal. Members of the royal family are likely to give trouble if they are displeased. One should avoid them as far as possible. They all may harm or even kill one who does not shun them.

* * *

(၁၂၆) လောက၌ မကောင်းသောမယားနှင့် ပေါင်းဖော်သူသည်လည်းကောင်း၊ ကြမ်းတမ်းလှစွာသော စိတ်ရှိသော ကျွန်ကိုစေသောသူသည်လည်းကောင်း၊ မြွေရှိသောအိမ်၌ နေသောသူသည်လည်းကောင်း၊ သေအံ့သည်သာလျှင် အမှန်တည်း။ ယုံမှားမရှိရာ။

(126) The person who couples with a bad wife, or who employs a rude servant, or who lives in a

http://www.dhammadownload.com



house where there is a snake, will surely die ...re is no doubt about it.

ရှင်းချက်။ ။ မကောင်းသောမယားဟူသည် သစ္စာဖောက်သောမိန်းမ ဖြစ်သည်။ လင်သားကို အမျိုးမျိုး နှိပ်စက်မည်။ ထိုသို့သော မိန်းမနှင့် ပေါင်းဖက်နေသူသည် ဒုက္ခရောက်လိမ့်မည်။ မိုက်ကန်းသော အစေခံကို ခိုင်းစေသောသူသည် အစေခံက အတိုက်အခံပြုခြင်း ခံရမည်သာ ဖြစ်၏။ အကျိုးပျက်စီးစေနိုင်သည်။ ထို အစေခံမျိုးကို ဆက်လက်ထားလျှင် ဒုက္ခရောက်လိမ့်မည်။ မြွေရှိသောအိမ်မှာနေလျှင် မြွေကိုက်ခံရမည်။

**Explanation :** A bad wife is an unfaithful woman. She will give her husband trouble in many ways and he will suffer from staying with her. The rude and foolish servant will oppose his master and may cause ruin if the master continues to employ him. If one lives in a house where there is a snake, he will die from snake-bite.

* * *

(၁၂၇) လောက၌ မိုက်မဲလှစွာသော တပည့်ကို အတတ်ပညာ သင်ကြားသဖြင့်လည်းကောင်း၊ မိန်းမယုတ်ဖြင့်

http://www.dhammadownload.com



ပေါင်းဖက်သဖြင့်လည်းကောင်း၊ မသူတော်နှင့် ပေါင်းဖက်သဖြင့်လည်းကောင်း ပညာရှိသောသူပင် ဖြစ်သော်လည်း နစ်တတ်ချေသာလျှင်တည်း။

(127) In this world, teaching a foolish pupil, living with a wicked woman, associating with an unvirtuous person, these are the factors that could cause harm, including death, even to a wise man.

ရှင်းချက်။ ။ပေါင်းသင်းမှုသည် လူ့ဘဝတွင် အလွန်အရေးပါသည်။ အပေါင်းအသင်းမကောင်းလျှင် မိမိကမည်မျှပင်ကောင်းစေဦး၊ အန္တရာယ် ဖြစ်တတ်သည်။ အဆင်ခြင်ရှိသော ပညာရှိပင်လျှင် ပျက်စီးတတ်သည်။

**Explanation** : Association with persons is an important factor in human life. However good one may be, association with bad persons could cause injury. Even a wise man who usually thinks before taking action is likely to go to ruin.

* * *

(၁၂၈) လောက၌ ယုတ်မာသောအမှုကို သားတည်းပြုလေမူကား အမိပြုသည် မည်၏။ ထို့အတူ တပည့်တည်း မကောင်းမှုပြုမူကား ဆရာပြုသည် မည်၏။

http://www.dhammadownload.com



တိုင်းသူပြည်သားတည်းပြုမူကား မင်းပြုသည် မည်၏။ မင်းတည်း မကောင်းမှုပြုမူကား ပုရောဟိတ်မကောင်းမှုပြုသည် မည်၏။

(128) In this world, if the son committed wicked acts, it means the mother did it. So also, if the pupil committed a sin, it means the teacher did it. If the people of a country have done something wrong, it means the king did it. If the king committed a sin, it means the king's counsellor did it.

ရှင်းချက်။ ။ သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း၊ ပြည်သူမကောင်း ရာဇာခေါင်းဟူသော စကားမျိုးကဲ့သို့ပင်။ ငယ်သူ၏ အပြစ်ကို ကြီးသူ (အကြီးအကဲ) က တာဝန်ခံရသည်။

**Explanation** : The folly of children falls on the parent's head; the teacher is respsonsible for his pupil's wrong acts, the king is held responsible for the wrongs committed by the people of his country. the chief or leader is resposible for the follower's acts.

* * *

http://www.dhammadownload.com



(၁၂၉) မင်းမည်သည်ကား အမျက်မာန်ခေါင် ကြီးလှသောသူကို အမျက်နည်းသဖြင့် အောင်ရာ၏။ မတော်မှန်သောသူကို မိမိက သူတော်ကောင်းလုပ်သဖြင့် အောင်ရာ၏။ ဝန်တိုသောသူကိုလည်း ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ စကားမမှန်သောသူကိုလည်း စကားအမှန်ဆိုခြင်းဖြင့် အောင်ရာ၏။

(129) The king should win over the person who is in great anger by showing no anger. The dishonest persons should be won over by honesty. The stingy person should be won over by generosity. The liar must be quelled by telling the truth.

ရှင်းချက်။ ။ ဒေါသအလွန်ကြီးသူကို ဒေါသမရှိဘဲ ဆက်ဆံလျှင် အောင်မြင်သည်။ မင်းတို့သည် ဒေါသကြီးလျှင် မတော်တဆ အမှားလုပ်မိမည်။ ယင်းသို့ လုပ်မိလျှင် ဒုက္ခများတတ်သည်။ နိုင်ငံခြား ဆက်ဆံမှုမှာလည်း ဒေါသတကြီး ပြုမူလိုက်လျှင် နှစ်ပြည်ထောင် စစ်မက်ဖြစ်နိုင်သည်။ မင်းကောင်းမင်းမြတ်တို့သည် သည်းခံခြင်းတရားကို အမြဲထားရှိရမည်။ မတော်မှန် မဖြောင့်မတ်သူကို မိမိက သူတော်ကောင်းတရားအတိုင်း တော်မှန်ဖြောင့်မတ်စွာ ဆက်ဆံလျှင် အောင်မြင်မည်။ နှမြော

http://www.dhammadownload.com



ကပ်ငြိသူကို ရက်ရောခြင်းဖြင့် အောင်မြင်နိုင်သည်။ အချုပ်ဆိုသော် မကောင်းမှုတို့ကို ကောင်းမှုဖြင့် အောင်နိုင်ရာ၏။

**Explanation :** If a person is very angry one can get the better of him by showing no anger. If one is in great anger one may do worng by chance. In the relations between two countries, if a king is in great anger, there could be war. Good kings should have patience and forbearance. One should treat dishonest over by liberal acts. The liar can be won over by speaking the truth.

* * *

(၁၃၀) လောက၌ ပေးကမ်းခြင်းသည် မယဉ်ကျေးသောသူကို ယဉ်ကျေးစေတတ်၏။ ပေးကမ်းခြင်းသည် ခပ်သိမ်းသောအကျိုးကို ပြီးစေတတ်၏။ ပေးကမ်းခြင်းကြောင့်လည်းကောင်း၊ ချစ်ဖွယ်သောစကားကြောင့်လည်းကောင်း မိမိကလည်း သူ့အပေါ် မိုးမောက်နိုင်ကုန်၏။ မိမိသို့လည်း ရှိုညွတ်ကုန်၏။

(130) Charity makes the untamed one tame. It achieves all objectives. Charity and sweet words place one above others, and they will bow to him in deep respect.

http://www.dhammadownload.com



ရှင်းချက်။ ။ ပေးကမ်းစွန့်ကြဲခြင်း၌ တန်ခိုးကြီးစွာ ရှိ၏။ ယင်းသည် ရိုင်းပျသူအား ယဉ်ကျေးစေသည်။ ခပ်သိမ်းသောကိစ္စတို့ကို ပြီးစီးနိုင်သည်။ ပေးကမ်းစွန့်ကြဲမှုနှင့် ချိုသောစကားတို့ဖြင့် အားလုံးသောသူတို့ကို အောင်နိုင်သည်။ သူတို့၏ ရိုသေလေးစားမှုကိုလည်း ရနိုင်သည်။

**Explanation** : Charity has great power. It can make the rude person civil. It can achieve all things. Charity together with cordiality will make one highly respected.

* * *

(၁၃၁) လောက၌ ပေးကမ်းခြင်းသည် ချစ်စေတတ်သော ဆေးတည်း။ ဝန်တိုခြင်းကား မုန်းစေတတ်သော ဆေးတည်း။ ပေးကမ်းခြင်းကား အခြွေအရံများသော ဆေးတည်း။ ဝန်တိုခြင်းကား အထီးကျန်သော ဆေးတည်း။

(131) In this world, charity is a love potion. Miserliness is a poison of hate. Charity attracts many attendants. Niggardliness leaves the miser alone.

http://www.dhammadownload.com



ရှင်းချက်။ ။ ပေးကမ်းစွန့်ကြဲခြင်းသည် ပီယဆေး ဖြစ်၏။ နှမြောကပ်ငြိခြင်းသည် အမုန်းဆေး ဖြစ်၏။ ပေးကမ်းစွန့်ကြဲလျှင် အခြွေအရံပေါသည်။ နှမြောကပ်ငြိလျှင် အခြွေအရံမဲ့ပြီး တစ်ကိုယ်တည်း နေရချေမည်။ ခြွေမှုရံသည်ဟု ဆို၏။

**Explanation** : Charity is a love potion. Stinginess is a hate poison.If one gives something (money or things), many will be willing to serve him. A miser has no attendant, and so he has to remain a lonely person.

* * *

(၁၃၂) လောက၌ များစွာကုန်သော ဂုဏ်ကျေးဇူးမှ ကင်းကုန်သူတို့အား ညီညွတ်သည်ရှိသော် အောင်အပ်သောရန်ကို အောင်နိုင်၏။ မြက်ဖြင့်လွန်ကို ကျစ်အပ်၏။ ထိုလွန်ဖြင့် ဆင်ပြောင်ကိုလည်း ဖွဲ့နိုင်သလျှင်ကတည်း။

(132) In this world if many persons who have no worth of their own are united, they can conquer what is to be conquered. A rope is made of grass, and that rope can be used to tie up a huge elephant.

http://www.dhammadownload.com



ရှင်းချက်။ ။ ညီညွတ်ခြင်းသည် အင်အားဟူသော ဆိုရိုးစကားကို ဖော်ပြခြင်း ဖြစ်သည်။ တစ်ဦးချင်းအား ဖြင့် ဂုဏ်သတ္တိမရှိသောသူများစွာကို စုစည်းလျှင် ခဲခက်သောကိစ္စများကိုပင် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပြုလုပ်ထားသောကြိုးသည် ဆင်ပြောင်ကြီးကို ထိန်းချုပ်နိုင်လောက်အောင် ခိုင်၏။

**Explanation** : This is the description of the saying, "Union is strength." Individually worthless persons can be united and with their united effort they can achieve many difficulties. A rope made of grass can curb a large elephant; the rope is so strong.

* * *

(၁၃၃) ဗိုလ်ပါရဲမက်သဟဲအဖော် ပြည့်စုံညီညွတ်လျက်လည်း ရန်ကို မအောင်စွမ်းနိုင်သောမင်းတား တန်ခိုးဖြင့် ဘယ်ပြုအံ့နည်း။ လေထောင့်ရှိသောအရပ်၌ ညှိအပ်သောမီးသည် အလိုလိုသာလျှင် ငြိမ်းချေသလျှင်တတည်း။

(133) How will the king who cannot conquer the enemy although his troops are united? A fire lit in a windy place will die by itself.

http://www.dhammadownload.com



ရှင်းချက်။ ။ ညီညွတ်သောအင်အားစု ရရှိပါလျက်နှင့် ရန်သူကို မအောင်နိုင်သောမင်းသည် ခေါင်းဆောင်မှု ညံ့၏။ လေထန်သောအရပ်၌ မီးညှိ၍ မရနိုင်သကဲ့သို့ ခေါင်းဆောင်မှုညံ့လျှင် အောင်မြင်မှု မရနိုင်။ နောက်လိုက်တို့သည် အစုအဝေးအဖြစ် အရေးပါသည်နှင့်အမျှ ခေါင်းဆောင်သူ၏စွမ်းရည်လည်း အရေးပါလှ၏။ ပို၍ပင် ပါပေသည်။

**Explanation** : The king who cannot win the war although he has a united army. A fire cannot be successfully lit in a windy place. So also, poor leadership will not achieve anything. A united body of followers is clearly important, but able leadership is equally, or even more, important.

(၁၃၄) ကာမစည်းစိမ်ကို မင်းနှင့်အတူ တရံတစ်ဆစ်မျှ မခံစားရာ။ အသွင်လည်းကောင်း၊ အရသာ စားခြင်းကိုလည်းကောင်း၊ ပန်းပန်ခြင်း၊ နံ့သာထုံခြင်းကိုလည်းကောင်း၊ ပုဆိုးအဝတ်ကိုလည်းကောင်း၊ တန်ဆာဆင်ခြင်းကိုလည်းကောင်း အလုံးစုံကို မင်းနှင့်အတူ မပြုရာ။

(134) One should not enjoy sensual pleasures, or assume the apperance, or take the delicious

http://www.dhammadownload.com



food, or use flowers or toilet, or wear dress or adorn one self in the same manner as the king.

ရှင်းချက်။ ။ ဘုရင်ကိုတုပြီး အနေအထိုင် အပြု အမူတို့ကို မပြုသင့်။ ပြုလျှင် မင်းက သူ့ကို ပြိုင်ရ ကောင်းလားဟူသောသဘောဖြင့် အမျက်ထွက်ကာ အပြစ်ဒဏ် ပေးလိမ့်မည်။ ဤဝါဒသည် ရှေးခေတ်နှင့် ဆိုင်သည်။ ယခုခေတ်သည် ဘုရင်ခေတ် မဟုတ်တော့ ပေ။ ရှိနေသော ဘုရင်သည်လည်း အမည်ခံတို့သာ ဖြစ် ၏။ သို့သော် ဤစကား၏ရသသည် ယခုတိုင် ရှိနေ သေးသည်။ မတူလျှင် မတုနှင့်။ တုလျှင် ဒုက္ခ ရောက်နိုင် သည်ဟူသော ဩဝါဒ ဖြစ်သည်။ မတူဘဲနှင့် တုလျှင် တုသူမှာ နစ်နာဖွယ်သာ ရှိသည်။ မတူသည်မှာ တူလာ မည် မဟုတ်။ မိမိ၏ဘဝက ခင်းပေးထားသောလမ်းကို သာလျှောက်လျှင် မိမိအဖို့ သတ်မှတ်ထားသောပန်းတိုင် သို့ ရောက်ပေလိမ့်မည်။

**Explanation** : One should not imitate the ways of a king. He may be offended, and the imitator will get punishment. This advice is for ancient times. At present, the age of kings has passed, and the few monarchs are kings just in name. But

http://www.dhammadownload.com



the essence of that advice remains. Do not imitate if one is not equal to the other, or one would get into troubl. That is what the advice means. The imitator will never be the same as the imitated. If one walks along the path paved by one's destiny, he will eventually reach the destination prescribed for him by his *kamma*.

* * *

(၁၃၅) မင်းကား ငါ၏ခင်ပွန်းသည် မဖြစ်။ မင်းကား ဂုဏ်ရည်တူသော အပေါင်းဖော်သည် မဖြစ်၊ ဤမင်းကား ငါ၏အရှင်တည်း။ ဤသို့စိတ်၌ အမြဲကောင်းစွာ ထားရာ၏။

(135) The King is not my friend, nor is he my companion with equal status. He is my lord. Keep this in mind for ever.

ရှင်းချက်။ ။ ဘုရင်ကို မိတ်ဆွေဟု မမှတ်သင့်၊ ဂုဏ်ရည်တူ အပေါင်းအဖော်ဟူ၍လည်း မမှတ်သင့်။ ယင်းသို့မှတ်ထင်ပြီး အရောဝင်လျှင် ဘုရင်က သူ့ကို အရိုအသေတန်သည်ဟု ထင်လိမ့်မည်။ သူ့ကို အရှင်သခင်ဟူ၍သာ အမြဲမှတ်သင့်သည်။

http://www.dhammadownload.com



**Explanation :** The king is not one's friend or one's equal. He is one's lord. If one mistakes the king as friend or equal, the king will think that one is taking advantage. One should always regard him as one's lord.

* * *

(၁၃၆) မင်းခယောက်ျားသည် မင်းအား အလွန်ဝေးသော အရပ်၌ မခစားရာ။ အလွန်နီးသည်၌ မခစားရာ။ လေညာ မခစားရာ။ အလွန်နိမ့်သော အရပ်၌လည်း မခစားရာ။ အလွန်မြင့်သော နေရာ၌လည်း မခစားရာ။ ဤသို့ ခြောက်ပါးသောအပြစ်တို့ကို ကြည့်ရာ၏။ မီးကဲ့သို့ စောင့်စည်းလျက် တည်ရာ၏။

(136) A servant of the king should not wait upon the king at a great distance, or too near, or directly in front, or ing the direction of the wind, or in a place too high or too low. He should avoid these six faults, in the way as one who keeps away from the fire.

http://www.dhammadownload.com



ရှင်းချက်။ ။မင်းကို ခစားရာ၌ အထူးသတိထားရမည်။ သင့်တော်သောနေရာမှ ခစားရမည်။ သို့မဟုတ်လျှင် အပြစ်ဖြစ်နိုင်သည်။ မင်းခယောကျ်ား ကမ်းနားသစ်ပင်ဆိုသော စကားရှိသည်။ အခါမလင့် မင်းပြစ်မင်းဒဏ်ခံရတတ်သည်။

**Explanation :** In waiting upon the king, the king's servant should very careful. Or he could in fault. There is a saying to the effect that a king's servant is like a tree on the edge of the bank of a river. It means that he could get punishment at any time, just as the tree could be uprooted and falls into the river.

http://www.dhammadownload.com



(၁၃၇) မြတ်စွာဘုရားနှင့်တူသော ကျေးဇူးရှိသောသူ ဖြစ်လင့်ကစား မင်းတည်းဟူသော မှီရာမရ မတင့်တယ်။ ပတ္တမြားသည် အဖိုးအတိုင်းမသိ ထိုက်သော်လည်း ရွှေကိုမှီမှသာလျှင် တင့်တယ်၏။

(137) Even a person having the qualities of Buddha is not in a position of advantage if not under the patronage of the king. The ruby, though princeless, is not becoming if it is not set in gold.

ရှင်းချက်။ ။ဘုရင်၏ ဘုန်းတန်ခိုးသည် ကြီးလှ၏။ တစ်ယောက်သောသူ၌ မြတ်စွာဘုရားကဲ့သို့ ဂုဏ်ကျေးဇူး ရှိနေစေကာမူ ဘုရင့်ကျေးကျွန် ဖြစ်သည့်အလျောက် ဘုရင်၏အရိပ်အောက်တွင် မရှိလျှင် မတင့်တယ်။ ပတ္တမြားသည် အဖိုးမည်မျှ တန်စေကာမူလည်း ရွှေမကွပ်လျှင် မတင့်တယ်။ ဤအဆိုသည် ဘုရင်ကို အကြီးအကျယ် မြှောက်စားထားသော အဆိုဖြစ်သည်။ နီတိဆရာက သူစာကို ဘုရင့်ကို ဦးစွာဆက်ရမည်ဖြစ်သဖြင့် မင်းအကြိုက်ဆိုလိုက်ခြင်း ဖြစ်သည်ထင်ရသည်။

**Explanation** : The king's power is great. Even if one has the attributes of **Buddha**, (even if he is

http://www.dhammadownload.com



so exalted), he is just a subject of the king. Unless he is under the patronage of the king , he is not at an advantage. We think that the Niti master who was obliged to submit his treatise to the king for approval and patronage, tries to please the king.

**ရာဇကဏ္ဍ**
**မင်းကိုဆိုရာဖြစ်သော အခန်းသည်**
**ပြီးပြီ။**

**The chapter on**
**"The King"**
**ends.**

❋ ❋ ❋

http://www.dhammadownload.com

# အခန်း(၇)
# ပကိဏ္ဏက ကဏ္ဍ
# Chapter (7)
# "Miscellaneous"

(၁၃၈) မိန်းမနှင့် နှီးနှောသော ရဟန်း၌ အဘယ်မှာ သီလ ရှိအံ့နည်း။ အသားစားကြူးသောသူ၌ အဘယ်မှာ သနားရှိအံ့နည်း။ သေသောက်ကြူးသည့်သူ၌ အဘယ် မှာ စကားမှန် အံ့နည်း။ အလိုရမ္မက်ကြီးသောသူ၌ အဘယ်မှာ အရှက်ရှိအံ့နည်း။ အပျင်းကြီးသောသူ၌ အဘယ်မှာ အတတ်ရှိအံ့နည်း။ အမျက်ကြီးသောသူ၌ အဘယ်မှာ ဥစ္စာရှိအံ့နည်း။

(138) How can there be *sila* (precept) in monk who cohabits with a woman? How can the man who is a great eater of meat have pity? How can a heavy drinker speak the truth? How can a lascivious person have the sense of shame? How

http://www.dhammadownload.com



can a sluggard have learning? How can a person of great anger have wealth?

ရှင်းချက်။ ။ အကျင့်ဆိုးသူတို့ ပျက်စီးရခြင်းအကြောင်းကို ဖော်ပြသည်။ မိန်းမနှင့် ပေါင်းသင်းနေသော ရဟန်းသည် ပါရာဇိကကျ၍ အဘယ်မှာ သီလရှိမည်နည်း။ အသားစားကြူးသူသည် သနားကြင်နာခြင်း ကင်း၏။ အရက်သမားသည် စကားမမှန် ဖြစ်တတ်သည်။ အလိုရမ္မက်ကြီးသူမှာ ရှက်ရကောင်းမှန်း မသိချေ။ အကုသိုလ်ပြုရမှာ မရှက်ချေ။ ပျင်းသူ စာမတတ်ချေ။ ဒေါသကြီးသူသည် မည်သည့်အလုပ်အကိုင်နှင့်မျှ မသင့်သောကြောင့် ဥစ္စာပစ္စည်းရှိနိုင်မည် မဟုတ်ချေ။

**Explanation** : Persons with bad habits are liable to ruin. The monk who cohabits with a woman falls from the state of being a monk, according to *Parazikan* rules of conduct. The great meat-eater does not have pity. The drunkard is a habitual liar. The passionate person has no sense of shame. He does not hesitate to commit a sin. The lazy one will not learn anything. The irritable person is not fit for any work, so he will not have wealth.

* * *

http://www.dhammadownload.com



(၁၃၉) သေသောက်ကြူးသောသူသည်လည်းကောင်း၊ အခါမဟုတ်သည်၌ သွားလေ့ရှိသောသူသည်လည်းကောင်း၊ သဘင်အသွားများသော သူသည်လည်းကောင်း၊ ကြွေအန် အစရှိသော လောင်းကစားကြူးသောသူသည်လည်းကောင်း၊ မကောင်းသောအဆွေခင်ပွန်းရှိသော သူသည်လည်းကောင်း၊ ပျင်းရိဖင့်နွဲ့သော သူသည်လည်းကောင်း ဤသူတို့ကား စည်းစိမ်တို့သည် ပျက်ဆီးအံ့သော အကြောင်းတည်း။

(139) The drunkard, the one who is in the habit of going out at untimely period, the one who goes to theater often, the regular gambler, the one who has bad friends, the lazy one. These persons are liable to ruin.

ရှင်းချက်။ ။အမူအကျင့်ဆိုးမှာ အလွန်အကျွံရှိသူတို့သည် ပျက်စီးတတ်သည်။ အရက်သမား၊ ညဉ့်နက်သန်းခေါင် လမ်းထွက်သူများ၊ ပွဲကြိုက်သူများ၊ ကစားသမားများ၊ အပေါင်းမှားသူများ၊ လူပျင်းများသည် ပျက်စီးကြမည်သာ ဖြစ်၏။ သူတို့ ပျက်စီးကြပုံကို အများ မြင်တွေ့နိုင်သည်။

**Explanation** : People with an excess of bad habits are going to ruin. The drunkard, person who

http://www.dhammadownload.com



goes out at untimely hours, regular theatre-goer, gambler, person falling into bad company, sluggard: they are all going to ruin. All can see how they are ruined.

* * *

(၁၄၀) နေ့အခါ၌ မရှုဦးဘဲ မဆိုအပ်၊ ညဥ့်အခါ၌ မမေးဦးဘဲ မဆိုအပ်၊ ဘေးမှကြောက်သော တောမုဆိုးသည် တော၌ရှေ့နောက်ရှုလျက် သွားသကဲ့သို့ ကျင့်အပ်၏။

(140) In daytime one should not talk about others without looking around, at night one should not speak without being asked. One should be as careful as the hunter who is afraid of harm, looks front and back while going about in the forest..

ရှင်းချက်။ ။ စကားကို အမှတ်မထင် မပြောရာ။ နေ့တွင်မဆိုခင် ဟိုဟိုသည်သည် ဦးစွာ ကြည့်သင့်သည်။ ည၌ သူတစ်ပါးက မမေးဘဲနှင့် မဆိုသင့်ပေ။ တောထဲသို့ လှည့်သွားသောမုဆိုးသည် ဘေးအန္တရာယ် ကြောက်သောကြောင့် ပတ်ဝန်းကျင်ကို ကြည့်၍သွားသကဲ့သို့ ကျင့်ရာ၏။

**Explanation** : One should not speak carelessly. In daytime he should look around before speak-

http://www.dhammadownload.com



ing. At night time he should not speak without being asked. The hunter fears danger which could come from any direction. So when goes about in the forest he looks around.

* * *

(၁၄၁) အသက်ရှင်လျက်လည်း သေသူဟူ၍ ငါး ယောက်သော သူတို့ကို ဗျာသဆရာသည် ကြားအင် ကုန်၏။ ဆင်းရဲသောသူ၊ အနာနှိပ်စက်သောသူ၊ မိုက်မဲ သောသူ၊ မြီများသောသူ၊ မင်းဝယ်ကိုယ်ကြပ်ခစားသော သူ၊ ဤသူတို့တည်း။

(141) Though alive, these five persons are dead. declares the **Niti** master, **Byasa**; The poor man the ailing man, the foolish man, the man with many debts, and the man who serves the king.

ရှင်းချက်။ ။ ဤငါးဦးသည် အသက်ရှင်သော် လည်း သေသကဲ့သို့ ဆင်းရဲကြ၏။ ငွေကြေးမဲ့သူ နာမကျန်းသူ၊ မိုက်မဲသူ၊ ကြွေးများသူ၊ ဘုရင်ကို ခစား ရသူ။ ဤငါးဦးသည် ရှင်လျက် သေသူများပင်တည်း၊ ထိုသူတို့သည် အခြားသူများကဲ့သို့ လွတ်လပ်ခြင်း မရှိ

http://www.dhammadownload.com



ဒုက္ခအသီးသီး ရောက်ကြရသည်။ အသက်ရှင်လျက် လူ့စည်းစိမ်ကို မခံစားကြရသဖြင့် သေသူတို့ကဲ့သို့ပင် ဖြစ်၏ဟု နီတိဆရာ ဗျာသက ဆိုသည်။

**Explanation** : Though alive, these five persons are to be taken as dead. They are man in poverty, man in sickness, man in folly, man in deep debt and man in the service of the king. They are as bad as dead because they are not able to enjoy the pleasures of human life, so says **Niti** master **Byasa.**

* * *

(၁၄၂) ပညာရှိတို့သဘောကား မရောက်သေးသော ဘေးကို မြင်သည်ရှိသော် အဝေးကလျှင် ကြဉ်ရာ၏။ ရောက်ပြီး ရောက်ဆဲသော ဘေးကို မြင်မူကား ကြောက်ရွံ့တတ်သော သဘောမရှိသည် ဖြစ်၏။

(142) The wise man on seeing the danger that is coming avoids it from afar, but when he sees danger arriving , he faces it without fear.

http://www.dhammadownload.com



ရှင်းချက်။ ။ လာမည့်ဘေးကို အဝေးမှ ရှောင်ရာ၏။ ရောက်လာပြီဖြစ်သောဘေးကို မကြောက်မရွံ့ ရင်ဆိုင်ရာ၏ဟူ၍ ဆိုလိုသည်။

**Explanation** : This stanza means that the coming danger should be avoid from afar and that the arriving danger should be faced without fear.

* * *

(၁၄၃) လောက၌ အအိပ်ကြူးသောသူသည် လည်းကောင်း၊ မေ့လျော့သောသူသည် လည်းကောင်း၊ ချမ်းသာစွာ နေတတ်သောသူသည် လည်းကောင်း၊ အနာရှိသောသူ လည်းကောင်း၊ ပျင်းသောသူ လည်းကောင်း၊ အလိုကြီးသောသူ လည်းကောင်း၊ အမှုသစ်၌ မွေ့လျော်သောသူလည်းကောင်း ဤခုနစ်ယောက်သောသူတို့သည် ကျမ်းဂန်မှ ကင်းကုန်၏။

(143) In this world, the person who sleeps too much, the one who is forgetful, the one who lives in complacence, the one who is ailing, the lazy one, the passionate person, the person who delights in new actions: these seven do not resort to books.

http://www.dhammadownload.com



ရှင်းချက်။ ။ ဖော်ပြပါ ပုဂ္ဂိုလ်ခုနစ်ယောက်သည် စာပေကျမ်းဂန်ကို ဖတ်ရှုလေ့လာခြင်း မပြုကြဟု ဆိုလိုသည်။

**Explanation :** This stanza says the seven persons mentioned are not given to the study of books.

* * *

(၁၄၄) အိုလာဘ်၊ သူဆင်းရဲသို့သွားပါလေ။ လာဘ်များသောသူသည် လာဘ်ဖြင့်ပြည့်၏။ အိုပဇ္ဇုန်နတ်၊ ကြည်း၌ရွာလေကုန်။ သမုဒ္ဒရာသည် ရေဖြင့်ပြည့်၏။ ဤသဘာဝတရားသည် မရှိ။ ကံသာလျှင် ပဓာနတည်း။

(144) Oh, riches! Go to the poor man. The rich man has wealth in full. **Oh, Rain-God!** Pour on the dry land. The ocean is full with water. This prayer is of no avail. No such thing comes up as prayed for **Kamma** is regins supreme.

ရှင်းချက်။ ။ ဆင်းရဲသောသူကို လာဘ်လာဘပေး၍မရ။ မိုးခေါင်ရေရှားအရပ်၌လည်း မိုးရွာစေခြင်းငှာ မစွမ်းသာ။ ဤဆုတောင်းသည် အချည်းအနှီးတည်း။ ကံသာလျှင် ပဓာနတည်း။

http://www.dhammadownload.com



**Explanation** : All the things are arranged by *Kamma*. The rich is rich. The poor is in the destitution. The ocean is full with water. May the rain fall on dry land! Such prayer is in vain. *Kamma* is the chief factor. We cannot amend as we wish, so we must accept cheerfully what *Kamma* offers us.

* * *

(၁၄၅) လောက၌ ပြုဖွယ်ကိစ္စသည် ပြုပြီးသည်ရှိသော် ပြုတတ်သူကို တစ်စုံတစ်ယောက်သောသူသည် တစ်ဖန် မရှုကြည့်တတ်။ ထို့ကြောင့် ခပ်သိမ်းကုန်သော အမှုတို့ကို အကြွင်းအားဖြင့် ပြုရာ၏။

(145) When one has done what is to be done, the one who requested him to do it does not look ack upon him. So, one should leave something still to be done.

ရှင်းချက်။ ။ တစ်ပါးသောသူအား အကျိုးဆောင် ပေးသဖြင့် အကျိုးရသူသည် အကျိုးရပြီးသည့်နောက် အကျိုးပြုသူကို ပြန်လှည့်မကြည့်တတ်ချေ။ ထို့ကြောင့် တစ်ခုခု လုပ်ဆောင်ပေးလျှင် ပြီးပြည်စုံသည်အထိ

http://www.dhammadownload.com



လုပ်မပေးဘဲ အနည်းငယ် ချန်ထားသင့်သည်။ သို့မှသာ ထိုသူက မိမိတို့ဆက်၍ ဂရုထားပေလိမ့်မည်။

**Explanation** : A person does a good turn, but the receiver of the benefit does not turn back to look upon him. When one's wishes are fulfilled, one usually fails to look up to him. (He fails to thank him.) So, do not do things completely for a person, leave something to be done. Then only that person's attention will linger upon the benefactor.

* * *

(၁၄၆) လောက၌လဲသည် ပေါ့၏။ ထိုထက် လျှပ်ပေါ် သောသူသည် ပေါ့၏။ ထိုထက် ဆရာမိဘတို့၏ အဆုံး အမကို မခံသောသူသည် ပေါ့၏။ ထိုထက် မြတ်ဗုဒ္ဓ၏ သာသနာတော်၌ မေ့လျော့သောသူသည် ပေါ့၏။

(146) In this world, cotton is light, lighter is the wonton; lighter still is the one who does not accept the admonition of teachers and parents; even lighter is the person who disregards the admonition of **Buddha**.

ရှင်းချက်။ ။ လဲသည် ပေါ့၏။ လျှပ်ပေါ်သူသည် ပို၍ ပေါ့၏။ ထိုထက်ပို၍ပေါ့သူသည် ဆရာမိဘတို့၏ အဆုံး

http://www.dhammadownload.com



အမကို မခံသူဖြစ်သည်။ အပေါ့ဆုံးမှာ ဗုဒ္ဓ၏ အဆုံးအမကို လျှစ်လျူရှုသူ ဖြစ်ချေသည်။ ဤနေရာ၌ ပေါ့သည် ဟူရာ၌ အလေးချိန် နည်းခြင်းကို လဲ၍သာဆိုအံ၏။ အခြားနှိုင်းယှဉ်ချက် အဆင့်ဆင့်တို့တွင် ပေါ့သည်ဟူသည်မှာ ပေါ့တန်သည်။ အသုံးမကျ တန်ဖိုးမရှိဟူ၍ ဆိုလိုသည်။

**Explanation** : Cotton is light. The wonton person is lighter. The one who disobeys his teachers and parents is still lighter. The one who disobeys his teachers and parents is still lighter. The one who neglects the teaching of *Buddha* is the lightest. Here, in this context, the meaning of "light" varies. In the first instance it refers to small weight. In the remaining instances, it means " of no worth", "useless".

* * *

(၁၄၇) လောက၌ ကျောက်ထီးသည် လေး၏။ ထိုထက် နတ်တို့၏ ပြောကြားခြင်းသည် လေး၏။ ထိုထက် ဆရာမိဘတို့၏ အဆုံးအမသည် လေး၏။ ထိုထက် ဗုဒ္ဓမြတ်စွာ၏စကားသည် လေး၏။

http://www.dhammadownload.com



(147) In this world, the umbrella made of stone is heavy. Still heavier, or of more weight, is the word of the gods. Weightier still is the admonition of teachers and parents. The word of **Buddha** is of greatest weight.

ရှင်းချက်။ ။ ရှေ့အပိုဒ်ကို ပြောင်းပြန်ယှဉ်ပြချက် ဖြစ်သည်။ ကျောက်ထီးသည် အလေးချိန်လေး၏။ နတ်စကား၊ ဆရာမိဘစကားနှင့် ဗုဒ္ဓစကားတို့သည် ပို၍ပို၍ အစီအစဉ်အတိုင်း လေးနက်ပေသည်။

**Explanation** : This is the contrast of the preceding stanza. The stone umbrella is heavy. The word of the gods, that of teachers and parents and , finally, the word of **Buddha** are respectively more weighty.

* * *

(၁၄၈) လောက၌ လက်ယာလက်ကား ကိုယ်၏ ကျွန်မည်၏။ ဤလက်ယာလက်၌ လက်သန်းကား နား၊ နှာခေါင်းတို့၏ လည်းကောင်း၊ မျက်စိတို့၏လည်းကောင်း ကျွန်မည်၏။ လက်ဝဲလက်သည် ခြေတို့၏ ကျွန်မည်၏။

http://www.dhammadownload.com



(148) In this world, the right-hand is the slave of the body. The little finger of the right hand is the slave of the ear, the nose and the eyes. The left-hand is the slave of the feet.

ရှင်းချက်။ ။ လက်ယာလက်သည် ကိုယ်၏ ကျွန်ဖြစ်သည်။ လှုပ်ရှားမှုများ၌ လက်ယာလက်ကို အသုံးများသည်။ မျက်စိ၊ နား၊ နှာခေါင်းတို့အတွက် လက်ယာလက်သန်းကို အသုံးများသည်။ လက်ဝဲလက်မှာမူ ခြေထောက်အတွက် အသုံးပြုရသည်။ များသောအားဖြင့် ကိုယ်အထက်ပိုင်းအတွက် လက်ယာလက်ကို သုံးမည်။ အောက်ပိုင်းအတွက် လက်ဝဲလက်ကို အသုံးများသည်။

**Explanation** : Right-hand is the body's slave. Most of movements and doings are made with the right-hand. As for the left-hand, it is used to deal with the feet. Usually, the upper part of the body is served by the right-hand while the left-hand is used for the lower part.

* * *

(၁၄၉) ကွမ်း၏ အလယ်ဖြစ်သော အရွယ်၌ ကုဝေရ နတ်သည် ခပ်သိမ်းစောင့်၏။ အရင်း၌ ဘီလူးသည်

http://www.dhammadownload.com



စောင့်၏။ အဖျားဌ်လည်း ဒေဝမိစ္ဆာနတ်ယုတ်သည် စောင့်၏။ ထို့ကြောင့် ထိုအရင်း အဖျားတို့ကို ဖြတ်၍ စားငြားအံ့၊ ကျက်သရေသည်သာလျှင် ပွား၏။

(149) The middle part of a betel leaf is guarded by *Kuvera* god, at the base guards the ogre, and the evil god guards the tip. So the base and the tip of the betel leaf should be cut off before chewing the leaf, and that act is auspicious.

ရှင်းချက်။ ။ ဤအပိုဒ်သည် ကွမ်းစားလေ့ရှိသောသူ (အိန္ဒိယလူမျိုးများ) အတွက် ဖြစ်သည်။ ရှေးမြန်မာတို့လည်း ကွမ်းစားမည်ဆိုလျှင် အရင်းနှင့်အဖျား ကိုက်ဖြတ်ပြီးမှ ကွမ်းရွက်ကို ဝါးကြသည်။

**Explanation :** This stanaza is meat for betel-chewing people, (especially the Indians). The Myanmar of old usually followed this advice. They cut off the base and the tip of the betel leaf before they started chewing it.

* * *

(၁၅၀) ဖြဟ္မာသည်သာလျှင် သင်ပုဏ်းကို စောင့်၏။ နတ်သည်လည်း ကမ္ဗလွှေကို စောင့်၏။ ထို့ကြောင့်သာ

http://www.dhammadownload.com



လျှင် အတတ်သင်သော သူတို့သည် ထိုဗြဟ္မာ၊ ထို ဗိဿဏိုးတို့ကို ပူဇော်စေကုန်သည်။ အခါခပ်သိမ်း ထို ပူဇော်တတ်သူတို့ကို မြတ်နိုးတတ်ကုန်၏။

(150) **Barhama** looks after the slate. The goc **(Vishnu)** watches the wrapper of the slate. The learners adore that **Brahma** and that **Vishnu** god These celestials always look upon the worship· pers with love and kindness.

ရှင်းချက်။ ။ ဤစာပိုဒ်သည်လည်း အိန္ဒိယ ရှေး ဟောင်းကျမ်းများအလိုကို ဖော်ပြသည်။ ပညာသင်သူ တို့က ဗြဟ္မာကြီးနှင့် ဗိဿဏိုးနတ်တို့ကို ပူဇော်လျှင် ပညာတိုးတက်သည်ဟု ယူဆခဲ့ကြသည်။

**Explanation** : This stanza relates the custom as prescribed ancient Indian treatises.

* * *

(၁၅၁) နွားတို့သည် ခပ်သိမ်းသောလူတို့အား အကြင် ကြောင့် ကျွေးမွေးတတ်ကုန်၏။ စည်းစိမ်ကို ပေးတတ် ကုန်၏။ ထို့ကြောင့်သာလျှင် အမိအဖကဲ့သို့ နွားတို့ကို မြတ်နိုးရာ၏။ အရိုအသေလည်း ပြုရာ၏။

http://www.dhammadownload.com



(151) Cattle feed human beings and provide them with wealth. For that reason cattle should be adored and respected by people.

ရှင်းချက်။ ။ ဟိန္ဒူလူမျိုးတို့၏ ဝါဒအရ နွားတို့သည် လူတို့အား အာဟာရ တိုက်ကျွေး၏။ စည်းစိမ်ဥစ္စာတို့ ပွားစေ၏။ ထိုအကြောင်းကြောင့် နွားတို့ကို လူတို့က ချစ်ခင်မြတ်နိုးရပေမည်။

**Explanation** : According to a doctrine held by the Hindus of India, cattle provide (human beings) with nourishment and promote prosperity. Therefore, people must love and adore cattle.

* * *

(၁၅၂) အကြင်သူတို့သည်လည်း နွား၏အသားကို စားကုန်၏။ ထိုသူတို့သည် အမိ၏အသားကို စားသည် မည်ရာ၏။ ထိုနွားတို့သည် သေကုန်သည်ရှိသော် လင်းတတို့အား ပေးရာ၏။ ရေအယဉ်၌သော်လည်း မျှောရာ၏။

(152) Those who eat cattle-flesh are like those eating their mother's flesh. When cattle die, they should be thrown to vultures or into the water.

http://www.dhammadownload.com



ရှင်းချက်။ ။ ရှေ့မှာပါသော နွားအကြောင်း အဆက်ဖြစ်သည်။ ဟိန္ဒူတို့သည် နွားသား မစားကြရပေ။ နွားကို မိဘသဖွယ် လေးစားကြသည်။ နွားသေလျှင် လင်းတ စားရန် ပစ်ထားခြင်းသော်လည်းကောင်း၊ ရေ၌ မျှော ခြင်းသော်လည်းကောင်း ပြုရာ၏။

**Explanation** : This is a continuation of the preceding statement on cattle. **Hindus** must not take cattle-flesh. If cattle die, they should be given to vultures to eat, or thrown into a stream or a river.

* * *

(၁၅၃) ကြာသပတေးနေ့၌ အတတ်ပညာစ၍ သင်မူကား ပြီးစီး၏။ တနင်္ဂနွေနေ့၊ သောကြာနေ့၌ သင်မူကား လျစ်လျူရှု၏။ ဗုဒ္ဓဟူးနေ့၊ တနင်္လာနေ့၌ သင်မူကား အတတ်မတတ်ရာ။ စနေနေ့၊ အင်္ဂါနေ့၌ သင်မူကား သေရာ၏။

(153) If one starts learning a lesson on a Thursday, the purpose of learning will be achieved. If one starts on a Sunday or a Friday, the study will be successful only by a half. If the starting day is either a Wednesday or a Monday, the studying

http://www.dhammadownload.com



will not succeed. If one starts the study on a Saturday or a Tuesday, the student will probably die.

ရှင်းချက်။ ။ ဤစာပိုဒ်သည်လည်း ဟိန္ဒူကျမ်းများအလို ဖြစ်သည်။ ပညာစသင်လျှင် ကြာသပတေးနေ့က စလျှင် ပညာတတ်မြောက်မည်ဟူသော အယူကို ရှေးခေတ်မြန်မာတို့လည်း ယူကြ၏။ စင်စစ်မှာ ပညာစသင်ရက် ရွေးစရာ မလိုပေ။ သင်သူက ကြိုးစား၊ ဆရာကလည်း ကောင်းစွာသင်ကြားပေးလျှင် ပညာတတ်မည်သာတည်း။

**Explanation** : This stanza is also in accordance with **Hindu** treatises. The belief that the starting date of learning should be a Thursday was taken up by ancient **Myanmars**. In fact, there is no need to choose a particular date for starting a study. If the pupil tries hard, and the teacher teaches him well, he will become conversant with the subject he studies.

* * *

(၁၅၄) လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့၌ အတတ်ပညာသင်မှုကား ဆရာကို သတ်သည် မည်၏။ လဆန်းဆယ့်လေးရက်၊ လဆုတ် ဆယ့်လေးရက်တို့၌ အတတ်

http://www.dhammadownload.com



သင်မှုကား တပည့်ကိုသတ်သည် မည်၏။ လဆန်းဆယ်ရက်၊ လဆုတ် ဆယ်ရက်နေ့၌ အတတ်ပညာသင်မှုကား အတတ်ကို သတ်သည်မည်၏။ လပြည့်နေ့၌ အတတ်ပညာကို သင်မှုကား အမိအဖကို သတ်သည်မည်၏။

(154) Learning lessons on the eight waxing and waning of the moon is like killing the teacher. If on the fourteen waxing and waning, it is like killing the pupil, if on the tenth waxing and waning, it is like killing the study itself, and if on the fullmoon day, it is like killing the parents.

ရှင်းချက်။ ။ ရှေးဟိန္ဒူတို့၏ အယူဖြစ်သည်။ ဗဟုသုတအဖြစ် မှတ်ထားကြရမည်သာ ဖြစ်သည်။

**Explanation** : Just the view of ancient Hindus. We have to note it only as general knowledge.

* * *

(၁၅၅) လောက၌ အတတ်ပညာသင်သောသူသည် လဆန်းခုနစ်ရက်၊ လဆုတ်ခုနစ်ရက်၌ အုန်းသီး မစားရာ။ ကိုးရက်မြောက်၌ အိမ်ဘူးကို ထို့အတူ မစားရာ။ ဆယ်ရက်မြောက်၌ ကင်းပိန်းကို မစားရာ။ သုံးရက်

http://www.dhammadownload.com



မြောက်၌ ဟင်းမျိုးကို မစားရာ။ စားမိငြားအံ့၊ အတတ်သည် ပျောက်၏။

(155) In this world, the student learning an art should not eat cocoanut on the seventh waxing and waning day of the moon. Nor should he eat pumpkin on the ninth day, nor on the twelfth day pinnam, nor curry on the third day. If he hapens to have eaten them, his knowledge will disappear.

ရှင်းချက်။ ။ အထူးရှင်းစရာလိုမည် မဟုတ်ပေ။ ဟိန္ဒူတို့၏ အယူမျှသာ ဖြစ်သည်။

**Explanation:** No explanation seems necessary. These are the views of old - time Hindus.

* * *

(၁၅၆) လောက၌ အမျိုး၏အကျိုးငှာ တစ်ယောက်သောသူကိုစွန့်ရာ၏။ ရွာ၏အကျိုးငှာ အမျိုးကိုစွန့်ရာ၏။ ဇနပုဒ်၏အကျိုးငှာ ရွာကို စွန့်ရာ၏။ မိမိ၏ အကျိုးငှာ မြေအားလုံးကို စွန့်ရာ၏။

(156) In this world, for the good of the clan an individual should be sacrificed. For the good of

http://www.dhammadownload.com



the village, the clean should be sacrificed. For the good of the region, the village should be sacrificed. For the good of oneself the entire world should be sacrificed.

ရှင်းချက်။ ။ အများအကျိုးအတွက် အနည်းကို စွန့်ရမည်ဆိုသည်မှာ အများအကျိုးရှိရန် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ကိုမငဲ့ဘဲ ဆောင်ရွက်သင့်သည်ဟု ဆိုလိုသည်။ နောက်ဆုံးဝါကျမှာ မိမိအကျိုးအတွက် ကမ္ဘာလောကကြီးတစ်ခုလုံးကို စွန့်ရသည်ဆိုသည်မှာ တစ်ကိုယ်ကောင်း ပြုကျင့်စေရန်ဆိုခြင်းမဟုတ်။ ရှေ့ဝါကျတွေမှာ အဆင့်ဆင့် အနစ်နာခံရမည်ဆိုထားသဖြင့် တစ်ကိုယ်ကောင်း ကျင့်ရမည်ဟု မရည်ရွယ်ပေ။ မိမိအကျိုးအတွက်ဟူသည်မှာ ဤနေရာတွင် မိမိသံသရာမှ လွတ်ရာလွတ်ကြောင်းအတွက် အစွန့်ကြီး စွန့်ရလိမ့်မည်ဟု ဆိုလိုသည်။

**Explanation** : In saying that the few must be sacrificed for the good of many, it means that one must not look for one's own good in working for the benifit of many people. The last sentence of this stanza refers to the good of oneself in the spiritual sense, not material. In the endeavour for

http://www.dhammadownload.com



setting oneself free from the cycle of existences (*samsara*), one must renounce the entire world. That is grand renunciation.

* * *

(၁၅၇) လောက၌ ခြင်္သေ့သည်လည်းကောင်း၊ သူတော်ကောင်းသည် လည်းကောင်း၊ ဆင်သည် လည်းကောင်း၊ ဤသူတို့သည် အကျိုးမရှိသော အရပ်ကိုစွန့်၍ သွားကုန်၏။ ကျီးသည် လည်းကောင်း၊ ယုတ်မာသော ယောကျ်ားသည်လည်းကောင်း၊ သမင်သည်လည်းကောင်း၊ ဤသတ္တဝါတို့သည် ထိုမိမိတို့ ကျင်လည်ရာ အရပ်၌သာလျှင် ပျက်စီးခြင်းသို့ ရောက်ကုန်၏။

(157) In this world, the lion, the virtuous man, the elephant; these leave the place not suitable for them to remain. The crow, the wicked person, the deer: these creatures remain where they are until they die.

ရှင်းချက်။ ။ မိမိအကျိုးမရှိသော နေရာဒေသတွင် ဆက်လက်မနေသင့်။ သင့်တော်သော နေရာဒေသသို့ ပြောင်းရွှေ့သင့်သည်။ ခြင်္သေ့၊ သူတော်ကောင်းနှင့် ဆင်

http://www.dhammadownload.com



တို့သည် မနေကြပေ။ ကျီး၊ သူယုတ်နှင့် သမင်တို့သည် သူတို့ရှိရာ နေရာဒေသမှာပင် သေသည့်တိုင်အောင် နေကြသည်။ အကျိုးမပေးသောနေရာဖြစ်ငြားလည်း ပြောင်းရွှေ့ရန် မသိကြချေ။

**Explanation :** One should not stay on in a place which does not suit one's purpose. One should move to a more suitable place. The lion, the virtuous man and the elephant leave the place not suited to them, unlike the crow, the wicked man and the deer who remain where they are to the last.

* * *

(၁၅၈) အကြင်အရပ်၌ မြတ်နိုးခြင်း မရှိ။ ချစ်ခြင်းလည်း မရှိ။ အဆွေခင်ပွန်းလည်းမရှိ၊ တစ်စုံတစ်ယောက်သော အတတ်ပညာ သင်စိမ့်သူလည်း မရှိ။ ထိုအရပ်၌နေခြင်းကို မပြုရာ။

(158) One should not live in a place where there is no respect, no love, no friend, nor a teacher.

http://www.dhammadownload.com



ရှင်းချက်။ ။ မြတ်နိုးမှု မရှိ၊ အချစ် မရှိ၊ အဆွေခင်ပွန်း မရှိ၊ ဆရာသမား မရှိ။ ယင်းတို့မရှိသောနေရာ၌နေလျှင် အကျိုးပျက်စီးမည်။ မနေသင့်ပေ။

**Explanation :** In a place there is no one to give respect, or love, or there is no friend or teacher. One should not live in such place.

* * *

(၁၅၉) ပညာရှိသော်ကား လှမ်းသော ခြေတစ်ဖက်နှင့်တူသောအရပ်သစ်ကို မြော်တင်းသောစိတ်ဖြင့် သွား၏။ ရပ်သောခြေတစ်ဖက်နှင့်တူသော အရပ်ဟောင်းကို မခွာသောစိတ်ဖြင့် ရပ်၏။ အရပ်သစ်ကို မစူးစမ်းဘဲ နေရာဟောင်းကို မစွန့်ရာ။

(159) The wise person has the mind directed towards the new place, like the foot moving forward with hope. At the same time, he has the mind still on the old place, like the other foot standing still on the old place. One should not leave the old place without enquiring about the new place.

ရှင်းချက်။ ။ အဟောင်းမှ အသစ်သို့ ပြောင်းသင့်လျှင် ပြောင်းရမည်။ သို့သော် ပြောင်းတိုင်းလည်း မကောင်း

http://www.dhammadownload.com



ဟူ၍ ဆိုလိုသည်။ စိုင်သေကိုပစ်ပြီး စိုင်ရှင်ကို မလိုက်သင့်ဟု ဆိုကြသည်။ မသေချာဘဲ မလုပ်သင့်ဟု ဆိုလိုခြင်း ဖြစ်သည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသောစကားကို သေချင်တဲ့ကျား တောပြောင်းဟူသောစကားက ပြန်၍ ချုပ်ပေးသည်။

**Explanation :** If it is advisable to change from the old to the new it should be done. But not every change is good. There is saying, "Leaving the dead bison for the living one." It means one should not do anything without being sure. The saying , "if one does not move to a new village, one will not be a rich and respectable peron, "is checkmated by another saying which goes, " The tiger fated to die moves to another jungle."

* * *

(၁၆၀) လောက၌ ရောင်းဝယ်သော အခါ၌လည်းကောင်း၊ အတတ်သင်သောအခါ၌ လည်းကောင်၊ တစ်ဖန် အစေအပါးခံသောအခါ၌ လည်းကောင်း၊ မေထုန်မှီဝဲသောအခါတို့၌လည်းကောင်း အရှက်အကြောက်ကို စွန့်သည် ဖြစ်ရာ၏။

http://www.dhammadownload.com



(160) In this world, when doing business of selling and buying, or acquiring knowledge, or serving as a messanger, or copulating, one should suspend the sense of shame and fear.

ရှင်းချက်။ ။ အရောင်းအဝယ် လုပ်ရာမှာ အားနာသည်။ မလုပ်သင့်ဟူသော သဘောထားမျိုး မရှိရ။ ပညာသင်ရာမှာလည်း မသိလျှင် မေးရမှာ မရှက်နှင့်။ မှားမှာမကြောက်နှင့်၊ သံတမန်အဖြစ် သွားရာတွင် ပြောစရာစကားကို မကြောက်မရွံ့ ပြောရပေမည်။ မေထုန်မှီဝဲရာတွင် အရှက်အကြောက်စိတ်ကို ခဏဖယ်ထားရပေမည်။

**Explanation :** In doing business of selling and buying one should not hesitate to haggle. One should not feel diffident; or think it is not fair. In acquiring knowledge one should not feel shy and hesitate to question about what one does not know, or fear to make mistakes. As a messanger, one should speak out without fear. In having sex, one should set aside for a while one's sense of shame and fear.

* * *

http://www.dhammadownload.com



(၁၆၁) မိန်းမတို့၏ အစာစားခြင်းကား ယောကျ်ားတို့ထက် နှစ်ဆလွန်သည် ဖြစ်ရာ၏။ ပညာသည်လည်း လေးဆလွန်၏။ လုံ့လက ခြောက်ဆလွန်သည်လည်း ဖြစ်၏။ ကာမဂုဏ်တပ်မက်ခြင်းကာ ရှစ်ဆလွန်၏။

(161) The women's appetite is two times stronger than men; their intellignece is four times higher than men; their industry six times greater and their sensuality eight times greater than men.

ရှင်းချက်။ ။ အစားအသောက်မှာ မိန်းမက ယောကျ်ားတို့ထက် နှစ်ဆပိုသည်ဆိုသည်မှာ အစားအသောက် ရွေးစားတတ်သည်။ ယောကျ်ားလို တွေ့ရာကြုံရာ စားခြင်းမျိုး မဟုတ်ပေ။ အစားအသောက် ချက်ပြုတ်တတ်သဖြင့် အစားကောင်းရွေးတတ်ဟု ဆိုလိုသည်။ လုံ့လ ခြောက်ဆ ပိုသည်ဆိုသည်မှာ အိမ်မှုကိစ္စတို့သည် ထွေပြားလှသည်။ သေးငယ်သည့် ကိစ္စကလေးများကို ပင် လုပ်ရတာ အချိန်ကုန်သည်။ ထို့ကြောင့် မိန်းမတို့က ယောကျ်ားထက် ခြောက်ဆပို၍ ကြိုးပမ်းအားထုတ်ရ သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ဉာဏ်သွားရာမှာ ယောကျ်ားတို့ထက် လေးဆပိုသည်ဆိုရာ၌ ယောကျ်ား

http://www.dhammadownload.com



တို့ထက် ရှတ်တရက် ဉာဏ်ရည်သာသည်ကို ဆိုလိုသည်။ ပရိယာယ်မာယာများခြင်းသည် ဉာဏ်များခြင်းပင်ဖြစ်သည်။

**Explanation :** The women are twice better in appetite means they are good choosers of delicacies. Not like men who eat anything available. As they are adept at cooking, they are good at taking good food. Women are industrious six times more than men because household work occupies them in the house all day. The statement that women are four times stronger in intelligence means that they are more quick-witted than men. They have more wiles than men.

* * *

(၁၆၂) လောက၌ ကြံသည် အဖျားမှ အစဉ်သဖြင့် အဆစ်တိုင်းအဆစ်တိုင်း လွန်သော ထူးသော အရသာသည် ဖြစ်၏။ ခင်ပွန်းကောင်းဖြစ်သော သူတော်သူမြတ်သည်လည်း ထိုကြံ၏အဖျားမှ အရင်းတိုင်အောင် လွန်၍ လွန်၍ ချိုသည်နှင့် တူ၏။ ယုတ်မာသော အဆွေခင်ပွန်းသည်ကား အရင်းအစ၌သာ ချို၍ အဖျားတိုင်အောင်မချိုသော ကြံ၏သဘောနှင့် တူ၏။

http://www.dhammadownload.com



(162) In this world, sugar-cane gradually increases it sweet taste from one joint to another. The good and noble friend is found to be more reliable as friendship develops, like the sugar-cane.On the contrary, the evil-minded friend proves less and less reliable like the sugar-cane which at first sweet but gradually lacks sweetness.

ရှင်းချက်။ ။ သူမြတ်နှင့် သူယုတ်တို့သည် အရာရာတွင် ပြောင်းပြန်ဖြစ်သည်။ မြင့်မြတ်သော သူတော်ကောင်းမိတ်ဆွေသည် တစ်စတစ်စပို၍ ရင်းနှီးသည်နှင့်အမျှ ယုံကြည်အားကိုးမှု ပို၍ရနိုင်သည်။ ကြံ၏အဖျားမှ အရင်းတိုင်အောင် အချိုပိုလာသလိုနှင့် အရင်းမှအဖျား အချိုလျော့၍ လာသည့်အဖြစ်တို့ကို ပမာပြသည်။

**Explanation :** The nobel person and the wicked one are the reverse at every turn., The noble friend becomes more dependable as the friendship develops in intimacy, and the evil-minded friend proves less and less reliable. The taste of a sugar-cane is used here as an example.

* * *

http://www.dhammadownload.com



(၁၆၃) လယ်လုပ်သောသူသည် လည်းကောင်း၊ ကုန်သည်သည်လည်းကောင်း၊ အမတ်သည်လည်းကောင်း၊ အကြားအမြင် သီတင်းသီလနှင့် ပြည့်စုံသော ရဟန်းသည်လည်းကောင်း ထိုလေးပါးတို့သည် ပြန့်ပြောစွာဖြစ်ကုန်လတ်သော် တိုင်းနိုင်ငံသည် ပြန့်ပြောသည် ဖြစ်ရာ၏။

(163) The cultivator, the trader, the minister, the virtuous monk: when all these four increase in number and spread out in a country, that country will become developed and prosperous.

ရှင်းချက်။ ။ လယ်သမားသည် စားရေရိက္ခာတို့ကို ထုတ်လုပ်၏။ ကုန်သည်သည် စီးပွားရေးကို ဆောင်ရွက်၏။ အမတ်သည် နိုင်ငံအုပ်ချုပ်ရေးတွင် ဆောင်ရွက်၏။ သီလနှင့် ပြည့်စုံသည့်ရဟန်းသည် သာသနာထွန်းကားစေသည်။ ထိုလေးပါးသောပုဂ္ဂိုလ်တို့ တိုးပွားလျှင် နိုင်ငံတိုးတက် ဖွံ့ဖြိုးပေလိမ့်မည်။

**Explanation :** The cultivator produces food, the trader works in busines, the minister administers the country, and the virtuous monk spreads the **Buddha's Dhamma**. The increase in number and

http://www.dhammadownload.com



the presence of these four all over a country will spell development and prosperity in that country.

* * *

(၁၆၄) မသရဇ္ဈာယ်သောသူအား ပညာသည် ပျက်၏။ ထကြွလုံ့လ ဝီရိယ မရှိသူ၏အိမ်သည် ညစ်နွမ်း ပျက်စီး၏။ အဆင်းလှသောသူအား ပျင်းရိခြင်းသည် အညစ်အကြေးတည်း။ ဣန္ဒြေကို မစောင့်ရှောက်သော ရဟန်းအား မေ့လျော့ခြင်းသည် အညစ်အကြေးတည်း။

(164) To the person who does not recite, the text is lost. To the man who lacks industry, his house is weak and in ruin. To the beautiful one, laziness is a blemish. To the monk who is lax in discipline, negligence of the Law of the Holy Order is a blemish.

ရှင်းချက်။ ။ မိမိနှင့်သက်ဆိုင်သော တာဝန်ပျက်ကွက်လျှင် ပျက်စီးဆုံးရှုံးခြင်း ဖြစ်မည်။ စာမကျက်သူသည် စာမတတ်ချေ။ ပျင်းရိသူ၏အိမ်သည် ပျက်စီးနေသည်။ ရုပ်လှသူမှာ ပျင်းရိခြင်းသည် အညစ်အထေး ဖြစ်၏။ အကျင့်သီလ အားလျော့သောရဟန်းအဖို့ ဝိနည်းတော်ကို မရိုသေခြင်းသည် အညစ်အထေး ဖြစ်သည်။

http://www.dhammadownload.com



**Explanation :** One's negligence of duty will spell ruin for him. If a learner does not study, he will not learn his lessons. A lazy man's house is full of filth and is going to ruin. Laziness is a blemish of the beautiful. Laxity in discipline is a blemish of a monk.

* * *

(၁၆၅) လောက၌ အချို့သော လုံ့လရှိသောလူတို့၏ ဥစ္စာကား ကြီးသောလုံ့လရှိကုန်သော သူတို့၏သာလျှင် ဥစ္စာအဖြစ်သို့ ရောက်တတ်၏။ ယုတ်မာသောလူတို့သည် ရှေးကံသာ ပဓာနဟု ဆိုကုန်သည်သာလျှင်တည်း။

(165) In this world, the property of those who lack industry is likely to become eventually the possession of those more industrious: The evil ones say that the effect of past deeds is of primary importance.

ရှင်းချက်။ ။ လုံ့လမရှိသောသူ၏ ပစ္စည်းဥစ္စာသည် သူတို့၏ ပျက်ကွက်မှုကြောင့် သူတို့ထံ၌ အားရှိမဖြစ်ဘဲ

http://www.dhammadownload.com



တဖြည်းဖြည်း လျော့ပါးသွားကာ လုံ့လရှိသည့်အလျောက် စီးပွားတိုးတက်သူထံ ရောက်သွားကြသည်။ ဝီရိယနည်းသူတို့က သူတို့၏အပြစ်ကိုမမြင်ဘဲ ကံကိုအပြစ်ဖို့ ကြသည်။

**Explanation :** The person who does not work hard loses his wealth and his property eventually gets into the hands of those who work hard. Lazy men blame their *kamma* (the effect of their past deeds), they do not see their own fault.

* * *

(၁၆၆) ပညာရှိတို့က ဤသို့မဆိုကုန်။ ခပ်သိမ်းသော အမှုကိစ္စတို့ကို လုံ့လပြုသည်သာလျှင်တည်း။ အကယ်၍ ထိုအမှုသည် မပြီးခဲ့အံ့။ ရည်တိုင်းအကျိုးမဖြစ်ရုံသာ လျှင်တည်း။ အဘယ်မှာ အပြစ်ရှိအံ့နည်း။

(166) The wisemen do not say so. They work hard to do all things they have to do. If that purpose is not achieved, it is only that the desired result does not ensue. Where, then, is the fault?

http://www.dhammadownload.com



ရှင်းချက်။ ။ ပညာရှိသူတို့က ကံကိုပုံမချကြပေ။ လုပ်စရာအလုပ်ကို အားကြိုးမာန်တက် လုပ်ကြ၏။ အကယ် ၍ကိစ္စတစ်ခု မပြီးမြောက်လျှင် ထင်တိုင်းမဖြစ်သည်သာပင်၊ ဘယ်သူ့မှာမျှ အပြစ်မရှိပေ။ ကံကံ၏ အကျိုးကို တကယ်ယုံကြည်သူသည် အလုပ်ကို ကြိုးစား လုပ်သည်။ မဖြစ်လာလျှင် မဖြစ်လာခြင်းမျှသာ ဖြစ်သည်။ အလုပ်လုပ်သူမှာရော ကံမှာပါ အပြစ်မရှိပေ။

**Explanation :** The wise men do not put the blame of *kamma*. They work hard at what they have to do. If the result does not turn out as expected, they take the consequences as they are. The worker or the *kamma* has no fault.

* * *

(၁၆၇) အကြင် ယောကျာ်း၊ မိန်းမသည် နိမ့်သောအမျိုး၌လည်း ဖြစ်၏။ နှုတ်ပညာ၊ လက်ပညာလည်း မရှိ။ အရုပ်အရည်လည်း မတင့်တယ်။ အစွမ်းအားသည်မရှိ။ ထိုသို့ အပြစ်တင်သော်လည်း ဤကာလကား ကာလဆုတ်တည်း။ ဥစ္စာသာလျှင် အထူးပြုသော ကာလတည်း။

http://www.dhammadownload.com



(167) Men and women of low birth, lacking in wisdom, of no comely personality and without quality: such people are obviously defective, but this is the age of decadence, the age in which money matters most.

ရှင်းချက်။ ။ ဇာတိလည်းညံ့၊ ပညာလည်းမရှိ၊ ရုပ်ရည်လည်းမသန့်၊ ထိုသူတို့သည် အထင်အရှား ညံ့ကြ၏။ သို့သော် ဤခေတ်သည် ဆုတ်ခေတ်၊ ငွေသာပဓာန ခေတ် ဖြစ်ပေသည်။

**Explanation :** They are of low birth, with no education, not having comely appearance. These defects are obvious. But this is the age of decadence, when money matters most.

ပကိဏ္ဏက ကဏ္ဍ
ပြိုးပြွမ်းကို ဆိုရာဖြစ်သောအခန်း
ပြီးပြီ။

**The chapter on "Miscellaneous" ends.**

❋ ❋ ❋

http://www.dhammadownload.com

## ကျမ်းကိုးကျမ်းညွှန်းများ

(၁) ဦးသုခ - လောကနီတိ
(၂) မောင်လွင်ရည် (ဝိဇ္ဇာသိပ္ပံ) နီတိကြေးမုံနှင့်လောကနီတိ
(၃) လယ်တီမဏ္ဍိုင်ဆယ်စောင်တွဲ
(၄) The Loka Niti (Translated and Annotated) by U Sein Tu Ph.D. (Harvard)
(၅) Burmese Philosophy as reflected in Caturingabala's Loka Niti by Daw Khin Win Kyi (Ph.D) (a Thesis)